# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ဆုံးမပြီး၍ ယဉ်ကျေးသောစိတ်**

စိတ်သည် လျင်မြန်၏။ အလိုရှိရာ အာရုံတို့၌ ကျလေ့ရှိ၏။ ထိုစိတ်ကို နှိမ်နင်းရန် ခက်ခဲလှ၏။ ထိုစိတ်ကို ဆုံးမခြင်းသည် ကောင်း၏။ နိဗ္ဗာန်သို့ သွားရာ အကျင့်ကောင်းဖြစ်၏။ ဆုံးမပြီး၍ ယဉ်ကျေးသော စိတ်သည် နိဗ္ဗာန်ချမ်းသာကို ရွက်ဆောင်နိုင်၏။

စိတ္တဝဂ် (ဓမ္မပဒ - ၃၅)


၁၃၇၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၁ ရက် | ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီ ၂၃ ရက်၊ တနင်္လာနေ့ | အတွဲ (၅၆)၊ အမှတ် (၁၁၅)


# နိုင်ငံတော်သမ္မတ ဦးထင်ကျော် နိုဘယ်လ်-မြန်မာစာပေပွဲတော်ဖွင့်ပွဲ တက်ရောက်ချီးမြှင့်

## စာအုပ်ဈေးခင်းကြီးများ ရောင်းချပေးခြင်းသည် စာပေလောကဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်




နိုင်ငံတော်သမ္မတဦးထင်ကျော် နိုဘယ်လ်-မြန်မာစာပေပွဲတော် ၂၀၁၇၊ ရသစာပေ ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ် (သတင်းစဉ်)

**ရန်ကုန် ဇန်နဝါရီ ၂၂**

နိုဘယ်လ်-မြန်မာစာပေပွဲတော် ၂၀၁၇၊ ရသစာပေဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးထင်ကျော် တက်ရောက်ချီးမြှင့်၍ ဖွင့်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ❁



### နိုင်ငံတော်သမ္မတ ဦးထင်ကျော် ဦးသန့်နေအိမ်ပြတိုက်ကို ကြည့်ရှုလေ့လာ

စာ » ၄

### သမ္မတသစ် ထရန့်ကို ဆန့်ကျင်သည့် အမျိုးသမီးများ ဦးဆောင်သော ဆန္ဒပြစုဝေးမှုများ ပေါ်ထွက်လာ

စာ » ၁၀




မြန်မာ့အလင်း

# နှလုံးသားအာဟာရ ရသစာပေ

ခေတ်စမ်းစာပေ၏ ဆရာတစ်ဆူဖြစ်သော ဆရာဇော်ဂျီ၏အဆိုအရ ရသစာပေကို အဓိကအားဖြင့် သုံးမျိုးခွဲခြားနိုင်သည်။ ကဗျာ၊ ပြဇာတ်နှင့် နော်ဗယ် **(Novel)** ခေါ် ကာလပေါ်ဝတ္ထုရှည်ဟူ၍ ရသစာပေအဖွဲ့သုံးမျိုးရှိရာ ရသစာပေအဖွဲ့များ ဖြစ်ပေါ်လာပုံ သမိုင်းစဉ်အရ ကဗျာသည် ဦးဆုံးပေါ်ပေါက်ခဲ့သော ရသစာပေအဖွဲ့ဖြစ်ပြီး ယင်းနောက်မှ ပြဇာတ်သည်လည်းကောင်း၊ ပြဇာတ်၏နောက်မှ ကာလပေါ်ဝတ္ထုရှည်သည်လည်းကောင်း ပေါ်ပေါက်လာရသည်။ ခေတ်အလျောက် ပေါ်ပေါက်လာကြသည့် ကဗျာ၊ ပြဇာတ်၊ ဝတ္ထုရှည်စသည့် ရသစာပေတို့က စာဖတ်သူတို့အား ခံစားမှုတည်းဟူသော နှလုံးသားအာဟာရတို့ကို ဖြည့်စွမ်းပေးနိုင်သော တန်ခိုးသတ္တိတို့ရှိကြသည်။

မိမိတို့ရှင်သန်နေထိုင်ရာ ခေတ်ကာလပတ်ဝန်းကျင် ဒိဋ္ဌဓမ္မလောကတွင် တွေ့ရ၊ မြင်ရ၊ ကြားရ၊ သိရသည့် လူတို့၏ သဘာဝ စရိုက်သန္တာန်အကောင်းအဆိုးများ၊ လောက၏ သဘာဝ အနိမ့်အမြင့် အတက်အကျများစသည်တို့ကို စာနာသနားဖွယ်၊ ဆင်ခြင် သတိပြုဖွယ်၊ တရားသံဝေဂယူဖွယ်၊ နှစ်သက်သဘောကျဖွယ် ခံစားမှုအဖြာဖြာတို့ကို ရသစာပေဖန်တီးသူတို့က ၎င်းတို့၏ စိတ်စေတနာအလျောက် ရေးဖွဲ့ကြသည်။ စာရေးသူကပေးသည့် ရသခံစားမှုကို စာဖတ်သူက ကူးယူခံစားကြသည့်အခါ ရေးသူ စိတ်စေတနာကောင်းလျှင် ကောင်းသလောက်၊ အရေးအဖွဲ့ကောင်းလျှင် ကောင်းသလောက် စာဖတ်သူ၏ စိတ်နှလုံးကို လွှမ်းမိုးနိုင်စွမ်းရှိပြီး မိမိတို့ ရင်ဆိုင်ကြုံတွေ့နေကြရသည့် လူ့သဘာဝ၊ လောက၏ သဘာဝတို့အပေါ်တွင် အကောင်းအဆိုးအကျိုးအပြစ်တို့ကို ဆင်ခြင်သုံးသပ်နိုင်စွမ်းနှင့်အတူ သင့်တင့်လျောက်ပတ်သော နှလုံးသွင်းမှုတို့ကိုလည်း ပြုလုပ်လာနိုင်သည်။ ရသစာပေကောင်းတို့က လူ့ယဉ်ကျေးမှုအဆင့်အတန်းအပေါ်တွင် သြဇာသက်ရောက်မှုရှိသည်ဟု ဆိုရမည်ဖြစ်သည်။

ယခုနှစ် နိုဘယ်လ်-မြန်မာ စာပေပွဲတော်ကို "ရသစာပေ" ခေါင်းစဉ်ဖြင့် သုံးရက်တိုင်တိုင်ကျင်းပလျက်ရှိရာ မြန်မာနှင့် နိုင်ငံတကာစာပေများ အထူးသဖြင့် ရသသဘောနှောသော ဝတ္ထုတို၊ ဝတ္ထုရှည်၊ ကဗျာ၊ ဘာသာပြန် ရသစာပေ၊ ရသစာတမ်းစသည့် စာပေလက်ရာများဖြင့် မြန်မာစာပေကို အားဖြည့်မြှင့်တင်ရန် ၊ မြန်မာနိုင်ငံတွင် စာအုပ်စာပေကို အများပြည်သူတို့ စိတ်ဝင်စား လေ့လာဖတ်ရှုမှု တိုးတက်မြင့်မားလာစေရန်၊ ရသစာပေဖန်တီးရေးသားသူတို့၌ စိတ်ကူးစိတ်သန်းသစ်၊ စိတ်အားထက်သန်မှုအသစ်များနှင့်အတူ တီထွင်ဖန်တီးမှုအသစ်များ တိုးတက်ဖြစ်ပေါ်လာစေရန်၊ စာပေ၏အရေးကြီးသော အကျိုးကျေးဇူးတစ်ရပ်အဖြစ် အတွေးအမြင်၊ ဗဟုသုတကြွယ်ဝခြင်း၊ သဘောထားကြီးခြင်း၊ အမြင်ကျယ်ခြင်းတို့ကြောင့် လူ့အဖွဲ့အစည်းအတွင်း ငြိမ်းချမ်းမှုရရှိစေရန်နှင့် အများပြည်သူတို့ အသိပညာဗဟုသုတ တိုးတက်သိမြင်လာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ရာ မိမိတို့နိုင်ငံ၊ မိမိတို့လူမျိုးများအတွက် မျက်မှောက်ကာလ လိုအပ်ချက်များနှင့် ကိုက်ညီလျက်ရှိသည်။

ယခုအခါ မိမိတို့မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ်အခိုင်အမာ တိုးတက်ဖြစ်ပေါ်လာရေး တည်ဆောက်မှုများနှင့်အတူ စာပေလွတ်လပ်ခွင့်လည်း တိုးတက်ရရှိနေပြီဖြစ်ရာ ရသစာပေဖန်တီးသူများအနေဖြင့်လည်း မိမိတို့စိတ်ကူးစိတ်သန်းရှိလျှင် ရှိသလောက်၊ စိတ်အားထက်သန်သည်နှင့်အမျှ ရသစာပေများကို ဖန်တီးရေးသားခွင့်များလည်းရရှိနေပြီဖြစ်သည်။ ရသစာပေ၏ စွမ်းပကားဖြင့် နိုင်ငံနှင့်လူမျိုး၏ ယဉ်ကျေးမှုဂုဏ်ဒြပ်ကို မြင့်မားစေပြီး မြန်မာ့လူ့အဖွဲ့အစည်းအတွင်း လောကပါလတရားများ တိုးတက်ထွန်းကားလာရေး၊ နိုင်ငံအတွင်းငြိမ်းချမ်းရေးနှင့် သာယာဝပြောရေးတို့အတွက် စိတ်စေတနာကောင်းများဖြင့် ရေးသားဖန်တီးအပ်သော စာကောင်းပေမွန်တို့ တိုးတက်ထွက်ပေါ်လာစေရေး ကြိုးပမ်းအားထုတ်ကြရပါမည့်အကြောင်း။ ။

## အလုပ်ရှင် အလုပ်သမားများအား ဥပဒေရေးရာဆိုင်ရာအသိပညာပေး

**ရန်ကုန် ဇန်နဝါရီ ၂၂**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် တညင်းကုန်းရှိ ရွှေပြည်သာစက်မှုဇုန်ကြီးကြပ်နယ်မြေအတွင်းရှိ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများက အလုပ်ရှင်၊ အလုပ်သမားများအား ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲကို အလုပ်သမားညွှန်ကြားမှုဦးစီးဌာနမှ ဇန်နဝါရီ ၁၉ ရက်က စက်မှုဇုန် ကနောင်ခန်းမ၌ ပြုလုပ်ခဲ့သည်။

ဆွေးနွေးဟောပြောပွဲတွင် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန တိုင်းဒေသကြီးညွှန်ကြားရေးမှူး ဒေါ်ဌေးဌေးစိုးက အလုပ်ရှင်၊ အလုပ်သမားဆိုင်ရာ တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ အလုပ်အကိုင်ရှာဖွေရေးဆိုင်ရာ ဆောင်ရွက်ရမည့် နည်းလမ်းများ၊ နိုင်ငံခြားအလုပ်ကိုင်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ ဆက်သွယ်ဆောင်ရွက်ရန် နည်းလမ်းများ ရှင်းလင်းဆွေးနွေးဟောပြောပြီး လူမှုဖူလုံရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်မင်းက လူမှုဖူလုံရေးအကျိုးခံစားခွင့်များ၊ လူမှုဖူလုံရေးဥပဒေများအားလည်းကောင်း၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးဒေါ်ဝင်းဝင်းလှိုင်က အလုပ်သမားခန့်ထားခြင်းဆိုင်ရာ ဥပဒေများနှင့် အလုပ်ရုံ၊ အလုပ်သမားဆိုင်ရာ ဥပဒေများကိုလည်းကောင်း ဆွေးနွေးဟောပြောခဲ့ကြကြောင်း သိရသည်။ **မြင့်ဦး(အင်းစိန် )**




# ညောင်ဝန်းတိုက်နယ် ဆေးရုံသစ်ဖွင့်ပွဲ ကျင်းပ

**မန္တလေး ဇန်နဝါရီ ၂၂**

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် နွားတော်ကုန်းကျေးရွာအုပ်စု ညောင်ဝန်းကျေးရွာရှိ ညောင်ဝန်းတိုက်နယ်ဆေးရုံဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၁ ရက်က အဆိုပါ ဆေးရုံသစ်ရှေ့မျက်နှာစာ၌ ကျင်းပသည်။ ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဌေးအောင်၊ ဆေးရုံအလှူရှင် ဒုတိယ ဗိုလ်ချုပ်ကြီး ဝင်းမြင့်(အငြိမ်းစား) -ဒေါ်ခင်ချိုဦးနှင့် မိသားစုဝင်များနှင့် တိုက်နယ်ဆေးရုံကော်မတီနာယက ဦးအုန်းမောင်တို့က တိုက်နယ်ဆေးရုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ကုသရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ်က အမှာစကားပြောကြားကြပြီး ဆေးရုံကော်မတီနာယက ဦးအုန်းမောင်က အလှူရှင်များကိုယ်စား ဆေးရုံလှူဒါန်းရခြင်းအကြောင်းနှင့် ကျေးဇူးတင်စကားပြောကြားပြီး ဆေးရုံနှင့်ပတ်သက်သော စာရွက်စာတမ်းများကို ပေးအပ်ရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှူး ဒေါက်တာ သန်းသန်းမြင့်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ဆေးရုံဝန်ထမ်းအိမ်ရာအတွက် အလှူရှင် ကုန်သွယ်ရေးဝန်ကြီးဟောင်း ဦးဝင်းမြင့် (ကိုယ်စား) ဦးဌေးဆောင်က အလှူငွေကျပ် သိန်း ၁၀၀ ကို လှူဒါန်းရာ တံတားဦးမြို့နယ်ခေတ္တ ကုသရေးဦးစီးဌာနမှူး ဒေါက်တာ ဇွန်မာက လက်ခံရယူသည်။

အဆိုပါ ဆေးရုံသစ်ကြီးကို ၂၀၁၂ ခုနှစ်အောက်တိုဘာ ၁ ရက်က စတင်ဆောက်လုပ်ကာ ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် မြို့နယ်ကုသရေးဦးစီးဌာနမှူးရုံးသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး ၁၆ ခုတင်ဆံ့ဆေးရုံဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**




## လက်ပံတန်းမြို့၌ နယ်လှည့်ဆေးကုသယာဉ်ဖြင့် ကွင်းဆင်းကုသ

**လက်ပံတန်း ဇန်နဝါရီ ၂၂**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့ မြို့နယ်ခန်းမဆောင်၌ ဇန်နဝါရီ ၁၉ ရက်က လူမှုဖူလုံရေးရုံးချုပ်မှ နယ်လှည့်ဆေးကုသယာဉ်သည် နယ်မြေတာဝန်ခံ ဒေါက်တာဖြိုးဇင်ဇင်မင်း၊ မြို့နယ်ခွဲတာဝန်ခံ ဒေါ်သန္တာဝင်းတို့နှင့်အတူ လက်ပံတန်းမြို့ရှိ အလုပ်ရုံ၊ အလုပ်ဌာနများမှ အကျုံးဝင်အလုပ်သမား ၁၅၀ အား ဓာတ်ခွဲစမ်းသပ်ခြင်း၊ အထွေထွေရောဂါစစ်ဆေးခြင်း၊ ဆေးကုသပေးခြင်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ဆေးကုသယာဉ်သည် မင်းလှမြို့နယ်ရှိ အကျုံးဝင်အလုပ်သမားများကိုလည်း ဆက်လက်၍ ဆေးကုသမှုဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **အောင်ဆင့်**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၂၂-၁-၂၀၁၇

ခင်ရတနာ-စုစည်းသည်။

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၂၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၂၀၇၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၂၅၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၆၉၀/၇၀၀ ကျပ် |
| အောက်တိန်း ၉၂ | ၇၀၀/၇၁၀ ကျပ် |
| အောက်တိန်း ၉၅ | ၇၄၀/၇၅၀ ကျပ် |
| ပရီမီယံဒီဇယ် | ၇၁၀/၇၂၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၅၅ ・ ၀ |
| ဥရောပ | တစ်ယူရို | ၁၄၄၀ ・ ၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၄၈ ・ ၄၁ |
| ထိုင်း | တစ်ဘတ် | ၃၈ ・ ၂၃၄ |
| အိန္ဒိယ | တစ်ရူပီး | ၁၉ ・ ၈၇ |
| တရုတ် | တစ်ယွမ် | ၁၉၆ ・ ၃၆ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၃ ・ ၆၈ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily


စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းများ - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ သက်မွန်ဦး၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။




နိုင်ငံတော်သမ္မတဦးထင်ကျော်  နိုဘယ်လ်-မြန်မာစာပေပွဲတော် ၂၀၁၇၊ ရသစာပေ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်  (သတင်းစဉ်)



နိုင်ငံတော်သမ္မတဦးထင်ကျော်  ခင်းကျင်းပြသထားသည့် စာအုပ်ဈေးခင်းအရောင်းဆိုင်များအား ကြည့်ရှုအားပေးစဉ်  (သတင်းစဉ်)

❁ ရှေ့ဖုံးမှ

အခမ်းအနားသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ နိုဘယ်လ်-မြန်မာ စာပေပွဲတော် ကျင်းပရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ စာရေးဆရာကြီးများ၊ စာပေပညာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် အဖွဲ့ဝင်များသည် နိုဘယ်လ်-မြန်မာ စာပေကော်မတီက ရွေးချယ်ထားသည့် ရသစာပေစာအုပ် ၁၀၀ ၏ စာရေးဆရာနှင့် စာအုပ်ခတ်ပုံများ၊ နိုင်ငံတကာစာပေအဖွဲ့အစည်း စာအုပ်တိုက်များက ရွေးချယ်ထားသည့် ရသစာပေ မူရင်းစာအုပ်များနှင့် စာရေးသူတို့၏ ခတ်ပုံများကို ကြည့်ရှုအားပေးသည်။

**အမှန်တရားတစ်ရပ်ဖြစ်**

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးထင်ကျော်က အမှာစကားပြောကြားရာတွင် စာပေဆိုသည်မှာ အသိဉာဏ်ပညာတို့ စုဝေးကိန်းအောင်းရာ နေရာဖြစ်ကြောင်း၊ နိုင်ငံတစ်နိုင်ငံနှင့် လူမျိုးတစ်မျိုးအတွက် စာပေအဆင့်အတန်းမြင့်မားသည်ဆိုသည်မှာ နိုင်ငံနှင့်လူမျိုးအတွက် အသိဉာဏ်ပညာ မြင့်မားခြင်းပင်ဖြစ်ကြောင်း၊ အသိဉာဏ်ပညာမြင့်မားသည့် နိုင်ငံသားတို့ရှိမှသာလျှင် အဆိုပါနိုင်ငံသည် တိုးတက်ဖွံ့ဖြိုးမည်၊ ငြိမ်းချမ်းမည်ဆိုသည်မှာ အမှန်တရားတစ်ရပ်ဖြစ်ပါကြောင်း။

ထို့ကြောင့် စာပေမြင့်မားတိုးတက်ရေးသည် မိမိတို့ကဲ့သို့ တိုင်းပြည် ငြိမ်းချမ်းရေးရရှိပြီး ဖွံ့ဖြိုးတိုးတက်လာအောင် တည်ဆောက်နေရသည့်နိုင်ငံအဖို့ ပို၍ အရေးကြီးသည်ဟု ယူဆပါကြောင်း။

**စာအုပ်ပြပွဲအခင်းအကျင်းများ အားရဖွယ်ဖြစ်**

နိုဘယ်လ်-မြန်မာစာပေပွဲတော်ဟူ၍ ကျင်းပခဲ့သည်မှာ ယခုဆိုလျှင် သုံးနှစ်ရှိခဲ့ပြီး စာအုပ်များကို မြတ်နိုးချစ်ခင်စွာဖြင့် ကျင်းပသည့် ဤပွဲတော်ကြီးကို ယခုနှစ်တွင် ရသစာပေဆိုသည့် ခေါင်းစဉ်နှင့် ကျင်းပသည်ကို တွေ့ရပါကြောင်း၊ ရသစာပေနှင့်ပတ်သက်၍ ပြောရလျှင် မြန်မာဝတ္ထုရှည်သမိုင်း၏ အဦးအစဟုဆိုရမည့် ဂျိမ်းစ်လှကျော်၏ "မောင်ရင်မောင် မမယ်မ"နှင့် ဝန်စာရေးဦးကြီး၏ "ချဉ်ပေါင်ရွက်သည် မောင်မှိုင်း"စာအုပ်တို့သည် ၁၉၀၄ ခုနှစ်တွင် ထွက်ရှိခဲ့သည်ဖြစ်၍ နှစ်ပေါင်းတစ်ရာ ကျော်ရှိခဲ့ပြီဖြစ်ကြောင်း၊ ယနေ့ကျင်းပသည့်ပွဲတွင် ထိုသို့ နှစ်တစ်ရာကျော် ကာလကစပြီး ခေတ်အဆက်ဆက်တွင် ထင်ရှားကာ ဂန္ထဝင်အဖြစ် တင်ကျန်ရစ်သည့် စာအုပ်များကို စုဆောင်းဖော်ထုတ် ပြသထားသည့် စာအုပ်ပြပွဲအခင်းအကျင်းများကို တွေ့ရသည်မှာ အားရဖွယ်ဖြစ်ကြောင်း။

ထို့ပြင် ယခုပွဲတော်တွင် ရသစာပေနှင့်ပတ်သက်သည့် စာတမ်းဖတ်ပွဲများ၊ ဝတ္ထုတိုဖတ်ပွဲများ၊ ကဗျာရွတ်ပွဲများ၊ စာအုပ်ဈေးခင်းကြီးများဖွင့်ပြီး စာအုပ်များ ရောင်းချပေးနေခြင်းများသည် မြန်မာစာပေလောက တိုးတက်ဖွံ့ဖြိုးရေးအတွက် များစွာကြီးမားသည့် အထောက်အပံ့များဟုလည်း သတိပြုမိပါကြောင်း။

**စာရေးသူရဲ့ စိတ်စေတနာ**

ရသစာပေနှင့်ပတ်သက်၍ မိမိတို့အလွန်ရိုသေလေးမြတ်ရသည့် ဆရာဇော်ဂျီက အလေးထားလှုံ့ဆော်ပြောဆိုရေးသားခဲ့သော အကြောင်းအရာတစ်ခုကိုလည်း သတိရမိပါကြောင်း၊ ဆရာဇော်ဂျီက "စိတ်ကောင်းရှိမှသာ စာကောင်းထွက်တယ်၊ ရသစာပေကောင်းဆိုတာ စာရေးသူရဲ့ စိတ်စေတနာကို ရေးထားတဲ့စာ"ဟု ဆိုပါကြောင်း။

**ဆက်စပ်အရေးပါ**

ထို့ပြင် "စာရေးဆရာမှာ စေတနာဖြစ်လာတဲ့အခါမှသာ ပတ်ဝန်းကျင်လောကကို မြင်ခြင်း၊ ကြားခြင်းရှိတတ်တယ်၊ အဲဒီအခါမှာ ဒီအရာဟာ သနားစရာ၊ ဒီအရာဟာ အားတက်စရာ၊ ဒီအရာဟာ ချီးကျူးစရာ၊ ဒီအရာဟာ ကဲ့ရဲ့စရာ၊ ဒီအရာဟာ ကြောက်စရာ၊ ဒီအရာဟာ ရှက်စရာ စသည်ဖြင့် ဘဝအသိဖြစ်လာတတ်ပါတယ်၊ ဘဝအသိဖြစ်လာတာနဲ့ တစ်ပြိုင်နက် စိတ်ကူးဉာဏ်ဟာ စည်ကားလာတတ်တယ်။ အဲဒီစိတ်ကူးဉာဏ်ကပဲ ဘဝရဲ့ အကောင်းအဆိုး အကျိုးအပြစ်ဆိုင်ရာ လူ့အမူအရာ၊ လောကအမူအရာတို့ကိုဖန်တီးလာနိုင်တယ်။ ဒါကြောင့် စိတ်ကူးဉာဏ်ဟာ ဘဝရဲ့အကောင်းအဆိုး အကျိုးအပြစ်တို့ကို ပြနိုင်တဲ့ ဉာဏ်လည်းဖြစ်တယ်။ ဒါကြောင့် ဝတ္ထုကို အဲဒီလို စိတ်ကူးဉာဏ်မျိုးနဲ့ ရေးနိုင်မှသာ အဲဒီဝတ္ထုဟာ အဆင့်အတန်းရှိတယ်"ဟု ဆိုခဲ့ပါကြောင်း၊ ဤသည်မှာ ဘဝအသိ၊ စိတ်ကူးဉာဏ်၊ ဖန်တီးနိုင်စွမ်းနှင့် စာရေးသူ၏ စေတနာတို့ ဆက်စပ်အရေးပါပုံကို ပြောခြင်းဖြစ်ပါကြောင်း၊ "ရသစာပေကောင်းကို ဖတ်ရတဲ့အခါ ပတ်ဝန်းကျင်ကို သတိပြုမိလာပါတယ်။ ပတ်ဝန်းကျင်ကို သတိပြုမိသူဟာ ကိုယ်၊ နှုတ်၊ နှလုံးသုံးပါးကို ဆင်ခြင်တတ်လာတယ်၊ ကိုယ့်တစ်ဦးတည်း အကျိုးကိုသာမက ပတ်ဝန်းကျင်မှာရှိတဲ့ ကိုယ့်လိုပဲ ကျင်လည်နေကြရတဲ့ သတ္တဝါအားလုံးရဲ့ အကျိုးစီးပွားအတွက်လည်း ကြည့်တတ်၊ မြင်တတ်၊ ကရုဏာဖြစ်တတ်လာနိုင်စရာရှိတယ်"ဟု ဆိုပါကြောင်း။

**စေတနာသည် အလွန်ပင်အရေးကြီး**

ရသစာပေကောင်းများသည် မိမိတို့အတွက် ထိုကဲ့သို့ မြင့်မြတ်သည့်၊ လူသားချင်း စာနာတတ်သည့် စိတ်မျိုးကို ဖြစ်ပေါ်စေနိုင်ပါကြောင်း၊ ထို့ကြောင့်လည်း ဤကဲ့သို့ ရသစာပေကောင်းများပေါ်ထွက်ရန် မိမိတို့နိုင်ငံတွင် လိုအပ်သည်ဟု ယုံကြည်ပါကြောင်း၊ ဤနေရာတွင် "စိတ်ကောင်းရှိမှ စာကောင်းထွက်တယ်၊ စေတနာကောင်းရှိမှ စာကောင်းထွက်တယ်" ဆိုသည့် စကားအတိုင်း စာရေးဆရာတို့၏ စေတနာသည် အလွန်ပင် အရေးကြီးပါကြောင်း။

ထို့အပြင် စိတ်ကူးဉာဏ်နှင့် ဖန်တီးနိုင်စွမ်းကလည်း အလွန်အရေးကြီးပါကြောင်း၊ အဆိုပါစိတ်ကူးဉာဏ်နှင့် ဖန်တီးနိုင်စွမ်းသည် စာပေလွတ်လပ်ခွင့်ဆိုသော အခြေခံအကျဆုံးဖြစ်သည့် မည်သူတစ်ဦးတစ်ယောက်ကိုမျှ မထိခိုက်သော လူတစ်ဦးချင်းစီ၏ လွတ်လပ်စွာယုံကြည်ခွင့်၊ လွတ်လပ်စွာ စိတ်ကူးခွင့်၊ လွတ်လပ်စွာ ဖော်ထုတ်ခွင့်တို့ ရှိဖို့သည် အရေးအပါဆုံးဖြစ်သည်ဟုလည်း မိမိတို့ အမြဲယုံကြည်ခဲ့ပါကြောင်း။

**နှိုးဆော်ဆုမွန်ကောင်းတောင်း**

ယနေ့ မြန်မာနိုင်ငံသည် အားလုံးသိကြသည့်အတိုင်း သူတစ်ပါးကို မထိခိုက်စေသော လူတစ်ဦးချင်းစီ၏ လွတ်လပ်ခွင့်၊ နိုင်ငံသားအားလုံး၏ လွတ်လပ်ခွင့်တို့နှင့်အတူ စာပေလွတ်လပ်ခွင့်ဆိုသည်လည်း ရှိလာနေပြီဖြစ်ပါကြောင်း၊ ဤသို့ တိုးတက်ရရှိလာသည့် စာပေလွတ်လပ်ခွင့်ကို အခြေခံပြီး မိမိတို့နိုင်ငံ၏ တိုးတက်ဖွံ့ဖြိုးမှုနှင့် ငြိမ်းချမ်းရေး၊ မိမိတို့နိုင်ငံသားများ တစ်ဦးချင်း၏ ကြီးပွားချမ်းသာရေးနှင့် စိတ်အေးချမ်းသာယာမှုတို့ကို ဝိုင်းဝန်းတည်ဆောက်နိုင်ပါစေဟု ယခုကဲ့သို့ မင်္ဂလာရှိသည့် နိုဘယ်လ်-မြန်မာစာပေပွဲတော်ကြီးတွင် နှိုးဆော်ဆုမွန်ကောင်း တောင်းပါကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်တို့က အမှာစကားများ ပြောကြားကြသည်။

ဆက်လက်၍ နိုဘယ်လ်-မြန်မာစာပေပွဲတော် ၂၀၁၇၊ရသစာပေ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးမော်လင်းက နှုတ်ခွန်း

*စာမျက်နှာ ၄ သို့*



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း နိုဘယ်လ်-မြန်မာစာပေပွဲတော် ၂၀၁၇၊ ရသစာပေဖွင့်ပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်

# နိုင်ငံတော်သမ္မတ ဦးထင်ကျော် ဦးသန့်နေအိမ်ပြတိုက်ကို ကြည့်ရှုလေ့လာ

ရန်ကုန် ဇန်နဝါရီ ၂၂

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ ယနေ့နံနက် ၁၁ နာရီခွဲတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ပန်းဝါလမ်း အမှတ် ၃၁ ရှိ ဦးသန့်နေအိမ်ပြတိုက်သို့ သွားရောက်ကြည့်ရှုလေ့လာသည်။**



၁၉၆၁ ခုနှစ်မှ ၁၉၇၁ ခုနှစ်ကာလအတွင်း တတိယမြောက် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်တာဝန် ထမ်းဆောင်ခဲ့သူ ဦးသန့်သည် ယခု နေအိမ်ကို လွတ်လပ်ရေး ရပြီးစကာလတွင် အစိုးရအဆင့်မြင့်အရာရှိအဖြစ် ၁၉၅၁ ခုနှစ်မှ ၁၉၅၇ ခုနှစ်အထိ ဇနီးသည် ဒေါ်သိန်းတင်၊ သမီး အေးအေးသန့်နှင့် သား တင်မောင်သန့်တို့နှင့်အတူ နေထိုင်ခဲ့သည်။

**ပွဲလမ်းများကျင်းပသည့် နေရာအဖြစ် အသုံးပြုခဲ့**

၂၀၁၂ ခုနှစ်တွင် ဦးသန့်၏ မြေးဖြစ်သူ ဒေါက်တာသန့်မြင့်ဦးက အဆိုပါ နေအိမ်အား အသုံးမပြုဘဲထားသည်ကို တွေ့ရှိ၍ သက်ဆိုင်ရာသို့ ခွင့်တောင်းပြီး ပြန်လည်မွမ်းမံကာ ပြတိုက်နှင့် အများပြည်သူအတွက် ပွဲလမ်းများကျင်းပသည့် နေရာအဖြစ် အသုံးပြုခဲ့ခြင်းဖြစ်သည်။

ပြန်လည်ပြုပြင် မွမ်းမံထားသော ဦးသန့်၏နေအိမ်၌ ဦးသန့်၏ ဘဝနှင့် လုပ်ဆောင်ချက်များကို အများပြည်သူ လေ့လာနိုင်ရန် ပြခန်းကို သောကြာ၊ စနေနှင့် တနင်္ဂနွေနေ့များတွင် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ထားကြောင်း သိရသည်။

**(သတင်းစဉ်)**

## စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်



**နိုင်ငံတော်သမ္မတ ဦးထင်ကျော်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်** (သတင်းစဉ်)

## ကြည့်ရှုလေ့လာ

**နိုင်ငံတော်သမ္မတ ဦးထင်ကျော်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့ ဦးသန့်နေအိမ်ပြတိုက်အတွင်းရှိ ဓာတ်ပုံများအား ကြည့်ရှုလေ့လာစဉ်** (သတင်းစဉ်)

**လိုက်လံ ရှင်းလင်းပြသ**

နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ဦးသန့်နေအိမ် ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ဦးသန့်၏ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၊ ပြည်သူ့ဝန်ထမ်း၊ ကျောင်းဆရာနှင့် စာရေးဆရာဘဝ အတွေ့အကြုံမှတ်တမ်းများ၊ လွတ်လပ်ရေးရပြီး အစောပိုင်းကာလများက မြန်မာနိုင်ငံအကြောင်းမှစကာ ကျူးဘားနှင့် ဗီယက်နမ်စစ်ပွဲအကြောင်းတို့ကို စုံလင်စွာထင်ဟပ်သည့် ဓာတ်ပုံမှတ်တမ်းများ၊ စစ်အေးတိုက်ပွဲအကြောင်းကို ခင်းကျင်းပြသထားသော ဓာတ်ပုံများ၊ ဗီဒီယိုများနှင့် စာအုပ်များ၊ ဦးသန့်ကိုယ်ပိုင်စာတမ်းများ၊ ရှားပါး ဓာတ်ပုံများ၊ ဗီဒီယိုမှတ်တမ်းများနှင့် သမိုင်းဝင် မိန့်ခွန်းမှတ်တမ်းများကို ကြည့်ရှုလေ့လာရာ ဦးသန့်၏ မြေးဖြစ်သူ ဒေါက်တာသန့်မြင့်ဦးက လိုက်လံ ရှင်းလင်းပြသသည်။

**လက်ဆောင်ပေးအပ်**

ထို့နောက် နိုင်ငံတော်သမ္မတက ဒေါက်တာသန့်မြင့်ဦးအား အမှတ်တရ လက်ဆောင်ပေးအပ်ရာ ဒေါက်တာသန့်မြင့်ဦးကလည်း ၎င်းရေးသားထားသည့် စာအုပ်များကို အမှတ်တရ လက်ဆောင်အဖြစ် ပြန်လည်ပေးအပ်သည်။

*စာမျက်နှာ ၃ မှ*

ဆက်စကားပြောကြားသည်။

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

ထို့နောက် နိုင်ငံတော်သမ္မတသည် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ စာပေပွဲတော်ကျင်းပရေး ကော်မတီဝင်များ၊ စာပေပညာရှင်ကြီးများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် နိုဘယ်လ်-မြန်မာ စာပေပွဲတော် ၂၀၁၇၊ ရသစာပေစာတမ်းဖတ်ပွဲ၌ “စာပေတွင် ရသဖန်တီးသူ၊ ရသနှင့် ရသခံစားသူတို့ဆက်သွယ်မှု” ခေါင်းစဉ်ဖြင့် မောင်ခင်မင်(ဓနုဖြူ)၏ စာတမ်းဖတ်ကြားမှုကို တက်ရောက်အားပေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် စာပေပညာရှင်ကြီးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ အမျိုးသားကဇာတ်ရုံဝင်း အတွင်း ခင်းကျင်းပြသထားသည့် စာအုပ်ဈေးခင်း အရောင်းဆိုင်များကို လှည့်လည်ကြည့်ရှုအားပေးသည်။

၂၀၁၇ ခုနှစ် နိုဘယ်လ်-မြန်မာစာပေပွဲတော်ကို အမျိုးသားဇာတ်ရုံ၌ ဇန်နဝါရီ ၂၂ ရက် မှ ၂၄ ရက်အထိ နေ့စဉ် နံနက် ၉ နာရီ မှ ညနေ ၅ နာရီအထိ ကျင်းပသွားမည်ဖြစ်သည်။

**ခင်းကျင်းပြသ**

ပြပွဲတွင် စာအုပ်ဆိုင်ပေါင်း ၁၄၀ ကျော်မှ စာအုပ်စာပေများခင်းကျင်းရောင်းချသွားမည်ဖြစ်ပြီး နိုဘယ်လ်-မြန်မာစာပေကော်မတီက ရွေးချယ်ထားသည့် ရသစာပေစာအုပ် ၁၀၀ ၏ စာရေးဆရာနှင့် စာအုပ်ဓာတ်ပုံများ၊ နိုင်ငံတကာ စာပေအဖွဲ့အစည်း စာအုပ်တိုက်များမှ ရွေးချယ်ထားသည့် ရသစာပေ မူရင်း စာအုပ်များနှင့် စာရေးသူတို့၏ ဓာတ်ပုံများကိုလည်း ခင်းကျင်းပြသထားသည်။

**ပြဇာတ်ဖျော်ဖြေပွဲများ ပါဝင်**

ထို့ပြင် ပြပွဲတွင် နှစ်ပေါင်း ၁၀၀ အတွင်းက ထွက်ရှိခဲ့သော မြန်မာ့ဝတ္ထု အကောင်းဆုံး ရသစာအုပ်များ၊ နိုဘယ်လ်ဆုရ စာအုပ်ပြခန်းများ၊ စာတမ်းဖတ်ပွဲများ၊ ပန်းချီ၊ ကာတွန်း ပြခန်းများ၊ ကယ်ရီကေးချား ပုံတူရေးဆွဲခြင်းများ၊ ကဗျာရွတ်ပွဲ၊ စာပေဆိုင်ရာ ဟောပြောဆွေးနွေးပွဲများ၊ ရသစာပေနှင့်ပတ်သက်သည့် စကားဝိုင်းများ၊ စာပေနှင့် အနုပညာရှင်များကိုယ်တိုင် တင်ဆက်ပြသသွားမည့် ပြဇာတ်ဖျော်ဖြေပွဲများ ပါဝင်ကျင်းပသွားမည်ဖြစ်သည်။

နိုဘယ်လ်-မြန်မာ စာပေပွဲတော် ၂၀၁၇၊ ရသစာပေကို စာရေးဆရာများ၊ ကဗျာဆရာများ၊ စာနယ်ဇင်းအယ်ဒီတာများ၊ စာကြည့်တိုက်ပညာရှင်များ၊ စာနယ်ဇင်း သရုပ်ဖော်ပန်းချီပညာရှင်များ၊ ကာတွန်းပညာရှင်များ၊ စာအုပ် စာနယ်ဇင်းထုတ်ဝေဖြန့်ချိသူများနှင့် စာပေလောကမှ တာဝန်ရှိသူများ ပူးပေါင်းကျင်းပခြင်းဖြစ်သည်။

မြန်မာနှင့် နိုင်ငံတကာစာပေများ အထူးသဖြင့် ရသသဘောနှောသော ဝတ္ထုတို၊ ဝတ္ထုရှည်၊ ကဗျာ၊ ဘာသာပြန်၊ ရသစာပေ၊ ရသစာတမ်း စသည့် စာပေလက်ရာများဖြင့် မြန်မာစာပေကို အားဖြည့်မြှင့်တင်ရန်၊ မြန်မာနိုင်ငံတွင် စာအုပ်စာပေကို အများပြည်သူတို့ စိတ်ဝင်စားလေ့လာဖတ်ရှုမှု တိုးတက်မြင့်မားလာစေရန်၊ ရသစာပေ ဖန်တီးရေးသားသူတို့၌ စိတ်ကူးစိတ်သန်းသစ်၊ စိတ်အားထက်သန်မှုအသစ်များနှင့်အတူ တီထွင်ဖန်တီးမှုအသစ်များ တိုးတက်ဖြစ်ပေါ်လာစေရန်၊ စာပေ၏ အရေးကြီးသော အကျိုးကျေးဇူးတစ်ရပ်အဖြစ် အတွေးအမြင် ဗဟုသုတကြွယ်ဝခြင်း၊ သဘောထားကြီးခြင်း၊ အမြင်ကျယ်ခြင်းတို့ကြောင့် လူ့အဖွဲ့အစည်းအတွင်း ငြိမ်းချမ်းမှုရရှိစေရန်နှင့် အများပြည်သူတို့ အသိပညာ၊ ဗဟုသုတတိုးတက် သိမြင်လာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်သည်။

**တတိယအကြိမ်ကျင်းပ**

နိုဘယ်လ်-မြန်မာ စာပေပွဲတော်များကို ၂၀၁၅ ခုနှစ်တွင် ပထမအကြိမ်အဖြစ် “စာပေနှင့် ငြိမ်းချမ်းရေး” ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ၂၀၁၆ ခုနှစ်တွင် ဒုတိယအကြိမ်အဖြစ် “ကလေးစာပေ ဖွံ့ဖြိုးတိုးတက်ရေး” ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ယခုနှစ်တွင် တတိယအကြိမ်အဖြစ် “ရသစာပေ” ခေါင်းစဉ်ဖြင့်လည်းကောင်း ကျင်းပခြင်းဖြစ်သည်။

**(သတင်းစဉ်)**

## အများအားဖြင့် သာယာမည်

**နေပြည်တော် ဇန်နဝါရီ ၂၂** နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်၌ ယနေ့ အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၌ ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့၌ တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်စဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်၌ လှိုင်းအသင့်အတင့်ရှိမည်။ (မိုး/ဇလ)

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ အင်ဒိုနီးရှားနိုင်ငံသို့ထွက်ခွာ

**ရန်ကုန် ဇန်နဝါရီ ၂၂**

အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့နှင့် မာလူကူပြည်နယ်တို့၌ ဇန်နဝါရီ ၂၂ ရက်မှ ၂၉ ရက်အထိကျင်းပမည့် Senior Leadership Program လေ့လာရေးခရီးစဉ်သွားရောက်ရန် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီ ၂၈ မိနစ်တွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ တာဝန်ရှိသူများက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

မြန်မာ ကိုယ်စားလှယ်အဖွဲ့တွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့်အတူ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဦးလှစော၊ ရခိုင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ထိန်လင်းနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးမင်းအောင်၊ ရခိုင်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ဖြစ်ကြသော ဦးဦးသန်းနိုင်နှင့် ဦးမောင်သန်းစိန်(ခ)ဦးမောင်မောင်၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်အဖွဲ့ဝင်များ ဖြစ်ကြသော ဒေါက်တာမြသီတာနှင့် ဦးခင်မောင်လေး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးစိုးဟန်၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဦးတင်မောင်နိုင်၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးမြင့်ကျော်၊ နည်းဗျူဟာလေ့လာရေးသေနင်္ Institute အလုပ်အမှုဆောင်ဥက္ကဋ္ဌ ဒေါက်တာနိုင်ဆွေဦး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ ဥပဒေအကြံပေး



ဦးကိုနီ၊ ၈၈ မျိုးဆက် ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း ငြိမ်းချမ်းရေးနှင့် တိုင်းရင်းသားရေးရာဌာနအဖွဲ့ခေါင်းဆောင် ဦးမြအေး၊ မောင်တောနယ်စပ်ကုန်သွယ်ရေးနှင့် စီးပွားကူးသန်းရေးဆိုင်ရာဥက္ကဋ္ဌ ဦးအောင်မြင့်သိန်း၊ စစ်တွေမြို့နယ်မှ ရပ်မိရပ်ဖများဖြစ်ကြသောဦးရွှေလှနှင့် ဦးတင်လှိုင်၊ မောင်တောမြို့နယ်မှ ရပ်မိရပ်ဖ ဦးအောင်မျိုးနိုင်၊ ဘူးသီးတောင်မြို့နယ် ရပ်မိရပ်ဖ ဦးမိုဟာမက်ရာဖိတို့ စုစုပေါင်း ၂၁ဦး လိုက်ပါသွားကြသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**



## အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး ပြန်လည်ထွက်ခွာ

**ရန်ကုန် ဇန်နဝါရီ ၂၂**

အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mrs. Retno LP Marsudi ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားသည်။

အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်ကေသီစိုးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Dr. Ito Sumardi နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(ဝဲပုံ)**

**(သတင်းစဉ်)**

## မီးဖိုမီးအသုံးပြုလျှင်

၁။ လူစောင့်ထားပါ။
၂။ လောင်စာမီးအားကို လိုအပ်သည်ထက် ပိုမသုံးပါနှင့်။
၃။ မီးဖို မီးကြွင်း မီးကျန်များ ငြိမ်းသတ်ပါ။
၄။ မီးဖိုနှင့် အမိုး၊ နံရံအကြား အပူခံ အကာအရံများထားပါ။
၅။ ဆီအိုးတည်ပြီးမမေ့ပါနှင့်။

**မီးသတ်ဦးစီးဌာန**

# စာအုပ်ဈေးလမ်း စာအုပ်ဈေးတန်းက စာပေရနံ့သင်းပျံ့ပျံ့

**ရန်ကုန် ဇန်နဝါရီ ၂၂**

စနေ-တနင်္ဂနွေ ရန်ကုန်စာအုပ်ဈေးလမ်း စာအုပ်ဈေးတန်းဖွင့်သည့် တတိယပတ် ခြောက်ရက်မြောက်နေ့ ဇန်နဝါရီ ၂၂ ရက် တနင်္ဂနွေနေ့ နံနက် ၉ နာရီဖွင့်ပါမည်ဟု ကြေညာထားသော်လည်း စောစောဆိုင်ခန်းဖွင့်ရန် ပြင်ဆင်နေချိန်မှာပင် အနီးဝန်းကျင်နေပြည်သူများ၊ ဈေးသွားဈေးပြန်များ၊ ကျန်းမာရေးလေ့ကျင့်ခန်းလမ်းလျှောက်ပြန်လာသည့် မိသားစုများ၊ တကူးတကလာရောက်ကြသူများ၊ စာချစ်သူများဖြင့် စတင် စည်ကားခဲ့သည်။

စိတ်ကူးစိတ်သန်းကောင်း၊ ရည်ရွယ်ချက်ကောင်းများဖြင့် ဖွင့်လှစ်ခဲ့သည့် စာအုပ်ဈေးတန်းနေရာကား ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်း၌ဖြစ်သည်။ ပတ်ဝန်းကျင်ကောင်း၊ နေရာကောင်း၊ သွားရေးလာရေးအဆင်ပြေသည့်မြို့နယ်၊ မြန်မာ့လွတ်လပ်ရေးဖိသုကာ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ ရုံးထိုင်ခဲ့ရာ၊ လုပ်ကြံခံခဲ့ရာ အတွင်းဝန်များရုံး(ဝန်ကြီးများရုံး)နှင့် နှစ်ပေါင်း ၁၀၀ ကျော်သက်တမ်းရှိ ရန်ကုန်မြို့ပြ အမွေအနှစ်အထိမ်းအမှတ်အပြာရောင် ကမ္ပည်းတပ်ဆင်ထားသည့် ဗဟိုပုံနှိပ်တိုက်တို့၏ သမိုင်းဝင်နေရာဝန်းကျင်တွင် ဖြစ်သည်။ ယင်းကြောင့် စာပေချစ်သူ၊ စာပေမွေ့သူများကြား စာပေရနံ့သင်းပျံ့ကြိုင်လှိုင်နေခြင်းဖြစ်သည်။

စာပေရနံ့သင်းပျံ့နေသလိုစာပေမွေ့သူ၊ စာချစ်သူလူငယ်လူရွယ် ကျောင်းသားကျောင်းသူများ၏ ဝန်းကျင်တွင် စာပေအပေါ် စိတ်ဝင်စားမှု၊ စာပေလေ့လာလိုမှု၊ စာအုပ်စာပေကောင်းများ ရွေးချယ်ရှာဖွေဖတ်ရှုလိုမှု၊ စာပေပညာစူးစမ်းလေ့လာလိုမှုများသည်လည်း ကျယ်ပြန့်စွာပျံ့နှံ့နေပြီဆိုသည်ကို စာအုပ်ဈေးလမ်း စာအုပ်ဈေးတန်း၌ တွေ့မြင်ခဲ့ရသည့် မြင်ကွင်းများက လှစ်ဟပြဆိုနေသည်။

နိုင်ငံအကျိုးပြု၊ ပြည်သူအကျိုးပြု၊ လူငယ်အကျိုးပြု၊ လူမှုအဖွဲ့အစည်းတစ်ရပ်လုံး အကျိုးပြု စသည့် အကျိုးပြုစာပေဟူသမျှ၏ စာပေသင်းရနံ့သည်ကား ဘယ်သောအခါမျှ ပျက်ပြယ်သွားမည်မဟုတ်၊ လောကကောင်းကျိုးအတွက် ထာဝရကောင်းကျိုးပြု၊ မွှေးရနံ့သင်းပျံ့ကြိုင်လှိုင်နေမြဲဖြစ်သည်။ ဤသည်ကိုရည်ရွယ်ကာ ပြန်ကြားရေးဝန်ကြီးဌာနက ဦးဆောင်၍ မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း၏ ပူးပေါင်းပါဝင်မှုဖြင့် ရေးသူ၊ ဖတ်သူ၊ ထုတ်ဝေသူ၊ ဖြန့်ချိသူများ စုစည်းတွေ့ဆုံသည့် ရနံ့သင်းသည့် စာပေပန်းခင်းဟု ဆိုရလောက်သည့် ရန်ကုန်စာအုပ်ဈေးလမ်း စာအုပ်ဈေးတန်းကို ဖန်တီးဖော်ဆောင်လိုက်ခြင်းပင်ဖြစ်သည်။

ယင်းသို့ဖော်ဆောင်လိုက်သည့် စာပေပန်းခင်းစာအုပ်ဈေးတန်းတွင် လူငယ်များ အကြိုက်တွေ့ ဝယ်ယူအားပေးကြသည့် စာအုပ်စာတမ်းများမှာ ယခင်ကကဲ့သို့ ဖေတော့၊ မောင်တော့စာအုပ်မျိုးမဟုတ်တော့။ ယခုမူ သူတို့လေးတွေကို ဥပဒေရေးရာ စာအုပ်များ၊ ခေတ်ပြိုင်သမိုင်းဆိုင်ရာစာအုပ်များ၊ ပြည်တွင်းပြည်ပနိုင်ငံရေးရာစာအုပ်များ၊ ဘာသာရေး၊ လူမှုရေးကျမ်းများ၊ လူငယ်တက်ကျမ်းများ စသည့်စာအုပ်များကို ဆိုင်ခင်းရောင်းချသည့် ဆိုင်တန်းများ၌ တွေ့လာရသည်။ ယင်းမှာ စာအုပ်ဈေးတန်း စာပေပန်းခင်းက အနာဂတ်နိုင်ငံတော်နှင့် အနာဂတ်လူငယ်များအတွက် သန့်စင်မွှေးဖွားလိုက်ခြင်း၏ ရလဒ်ကောင်းတစ်ရပ်ဖြစ်သည်။

“ဒီစာအုပ်ဈေးတန်း၊ စာပေပန်းခင်းဟာ စာပေသမားအားလုံး အတွက် သိပ်တန်ဖိုးရှိတဲ့ အစီအစဉ်လေးလို့ မြင်ပါတယ်။ စာပေ ရနံ့သင်းပျံ့ကြိုင်လှိုင်ဖို့အတွက် စီစဉ်ပေးတဲ့သူအားလုံးကို ကျေးဇူးတင်ပါတယ်။ ဒီနေ့နိုင်ငံခြားသားတွေ စာအုပ်ဈေးတန်းမှာ တော်တော်များများတွေ့ရလို့ အလွန်ဝမ်းသာဂုဏ်ယူမိတယ်။ ဖြစ်နိုင်ရင် စနေ-တနင်္ဂနွေသာမက Holidays တိုင်း ဒီစာပန်းခင်းကို ဖွင့်စေချင်ပါတယ်” ဟု ရွှေပြည်တန်ဂျာနယ် အယ်ဒီတာချုပ် ဦးထွန်းရည်(မြို့တော်ထွန်းရည်)က သူ၏အမြင်ကို ဆိုသည်။

ကျောင်းသား ကျောင်းသူများအားလုံးအတွက် အသုံးတည့်တဲ့ စာအုပ်မျိုးစုံကို ဒီစာအုပ်ဆိုင်တန်းမှာ တော်တော်များများ တွေ့ရတယ်။ ဆရာ ဆရာမတွေအတွက်ရော ကျောင်းသားကျောင်းသူတွေအားလုံးအတွက်ပါသိအောင် ပြောပြပါမယ်။ လမ်းညွှန်ပေးပါမယ်”ဟု ဆရာမတစ်ဦးက ဆိုသည်။

စာအုပ်ဈေးလမ်း စာအုပ်ဈေးတန်းတွင် ဘာသာရပ်မျိုးစုံ၊ စာမျိုးစုံသာမက မြန်မာမှုအနုပညာလက်ရာ အသုံးအဆောင်ပစ္စည်းများ၊ မြန်မာ့ရိုးရာရက်ထည်များ၊ ခေတ်ဟောင်းအနုပညာ



အသုံးအဆောင်ပစ္စည်းများကို စာအုပ်မျိုးစုံလျှော့ဈေးနှုန်းထားဖြင့် ရောင်းချပေးသကဲ့သို့ အများပြည်သူများဝယ်ယူနိုင်ရန် စီစဉ်ရောင်းချနေသည်မှာလည်း စာပေချစ်သူ၊ မြန်မာမှုအနုပညာမြတ်နိုးသူပြည်သူများကြား စာပေသင်းရနံ့ကို ထပ်ဆင့်မွှေးပျံ့စေသည်။

ဇန်နဝါရီ ၇ ရက် (စနေ)နှင့် ၈ ရက် (တနင်္ဂနွေ)နေ့မှ စတင်ဖွင့်လှစ်ခဲ့သည့် စနေ-တနင်္ဂနွေ ရန်ကုန်စာအုပ်ဈေးလမ်း စာအုပ်ဈေးတန်းကို လာမည့်စတုတ္ထပတ် ဇန်နဝါရီ ၂၈ ရက် (စနေ)နှင့် ၂၉ ရက်(တနင်္ဂနွေ)တို့တွင်သာမက ပွင့်လင်းရာသီကုန် ၂၀၁၇ ခုနှစ် ဧပြီလထိ စနေ-တနင်္ဂနွေနေ့တိုင်း နံနက် ၉ နာရီမှ ညနေ ၆ နာရီ အထိ ခင်းကျင်းပြသသွားမည်ဖြစ်သည်။ စာပေလောကသားများကြား စာပေရနံ့မွှေးပျံ့ကြိုင်သင်းသည့် စာပေပန်းခင်းသို့ စာပေချစ်သူ၊ စာပေမွေ့သူ မည်သူမဆို ဘဝအမောပြေစေရန် လာရောက် အပန်းဖြေနိုင်ပါကြောင်း ဖိတ်ခေါ်လိုက်ရပါသည်။

**ကိုချစ်**

---

■ *ကျောဖုံးမှ*

မြင့်မားလာကြောင်း၊ တစ်နေရာတည်းတွင် အိမ်ဆောက်ပစ္စည်းများ ဝယ်ယူနိုင်သည့် နိုင်ငံတကာအဆင့်မီ အရောင်းစင်တာများ ပေါ်ပေါက်လာခြင်းဖြင့် မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးစီမံကိန်းများကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်းလည်း ၎င်းက ပြောသည်။

အဆိုပါ ပရိုဝမ်းဟုမ်းစင်တာသည် အလွန်ကြီးမားကျယ်ပြန့်သည့် အဆောက်အအုံကြီးတစ်ခုဖြစ်ပြီး နိုင်ငံတကာအဆင့်မီ အိမ်ဆောက်ပစ္စည်း ဈေးကြီးတမျှကြီးများလုကြောင်းသိရသည်။ ယင်းအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး ဦးဇော်အေးမောင်၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းသံအမတ်ကြီး Mr. Pisanu၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ ဆောက်လုပ်ရေးလုပ်ငန်းရှင်များ၊ ရန်ကုန်မြို့တွင် ဖွင့်လှစ်ထားသည့် နိုင်ငံခြားဘဏ်များမှ ကိုယ်စားလှယ်များ တက်ရောက်ကြကြောင်း သိရသည်။

# မိခင်နှင့် ကလေး အာဟာရပို့ပေး မနေ့ရက်တစ်ထောင်မှာ

ဒေါက်တာယုဇနစောမြင့်(ကလေးအထူးကုဆရာဝန်ကြီး)

**တိုင်းပြည်တစ်ပြည်၏ တိုးတက်မှုကိုတည်ဆောက်ရာတွင် ဆက်လက်ခိုင်မြဲမှုရှိစေရန် လက်ကမ်းပေးရမည့်သူများသည် လူငယ်များပင်ဖြစ်ပါသည်။ သို့ဖြစ်၍ မည်သည့်တိုင်းပြည်၊ နိုင်ငံမဆို ကိုယ်စိတ်ကျန်းမာသော အနာဂတ်သားကောင်းလေးများကို မွေးမြူထားရမည်ဖြစ်ပါသည်။ နိုင်ငံအများစုတွင် လူမှုကာကွယ် စောင့်ရှောက်ခြင်းလုပ်ငန်းများအား မွေးကင်းစမှ သက်ကြီးရွယ်အိုအထိ စဉ်ဆက်မပြတ်ဆောင်ရွက်မှု (Life Cycle Approach) ဖြင့် ပြုလုပ်လျက်ရှိပါသည်။ ထိုလုပ်ငန်းများတွင် လူတစ်ယောက်ဖြစ်လာမည့် မွေးကင်းစအား ကိုယ်ဝန်ဆောင်မိခင်မှ စတင်ပါသည်။ အနာဂတ်သားကောင်းဖြစ်ရန် အခြေခံအကျဆုံး အုတ်မြစ်ဖြစ်သည့် ကိုယ်ဝန်ဆောင် သန္ဓေသားနှင့် မွေးကင်းစကလေးငယ်တို့သည် ထိုလူသားဘဝတစ်လျှောက်လုံးတွင် အရေးအပါဆုံး ဖြစ်ပါသည်။**

**ကမ္ဘာတစ်လွှား လွှန်အားထား**

အရေးအကြီးဆုံး အခြေခံအုတ်မြစ် ကလေးငယ်တို့သည် ထိခိုက်လွယ်သော အခြေအနေလည်းရှိသည်။ အမှားအယွင်းမခံ၊ အယူလွဲမှားမှုမခံဘဲ စနစ်ကျစွာပြုစုမှုလိုအပ်သောပုံစံဖြင့် ကြီးပြင်း လာမည်ဖြစ်ပါသည်။ ထိုသို့သော ပြည်သူပြည်သားများအား ထောက်ပံ့ကူညီမှုများ ဖြည့်ဆည်းဆောင်ရွက်ပေးရာ၌ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ငွေကြေးအထောက်အပံ့ ပေးရေးအစီအစဉ်များ (Social Cash Transfer Programs)ကို ကမ္ဘာတစ်လွှားကျယ်ပြန့်စွာ အသုံးပြုလျက် ရှိသည်ကို တွေ့ရပါသည်။ လူမှုကာကွယ်စောင့်ရှောက်ခြင်း လုပ်ငန်းများစွာရှိပါသည်။ ဥပမာ-ပညာသင်နိုင်စေရန် ဖန်တီးခြင်း၊ အလုပ်ရှာဖွေပေးခြင်း၊ ငွေကြေးထောက်ပံ့ခြင်း အစရှိ သဖြင့်များစွာရှိသည့်အနက် ယခုလက်ရှိပြုလုပ်သည့် အစီအစဉ်မှာ မိခင်နှင့်ကလေး ငွေကြေးအထောက်အပံ့ပေးရေး အစီအစဉ်ပင်ဖြစ်ပါသည်။ ယင်းအစီအစဉ်အများစု၏ ဦးတည်ချက်မှာ အာဟာရဆိုင်ရာ ဖွံ့ဖြိုးရေးမျှော်မှန်းချက်များပင်ဖြစ်ပါသည်။

**နိုင်ငံတကာ လေ့လာ**

နိုင်ငံတကာ အကောင်အထည်ဖော်ပြီးနှင့် ဖော်လျက်ရှိသော လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ငွေကြေးအထောက်အပံ့ပေးရေးအစီအစဉ်များကို ဆန်းစစ်ကြည့်ရာတွင် ယင်းအစီအစဉ်သည် ကလေးငယ်တို့၏ အာဟာရအခြေအနေပေါ်တွင် အကျိုးသက်ရောက်မှုရှိကြောင်း တွေ့ရှိရပါသည်။

(က) ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် Shombhob Conditional Cash Transfer Pilot အစီအစဉ်ကို ဆောင်ရွက်ရာတွင် မိခင်နို့တိုက်ကျွေးမှုနှင့် ပတ်သက်၍ ၆ ဒသမ ၅ ရာခိုင်နှုန်း ပိုမိုသိရှိလာခြင်း၊ မွေးကင်းစမှ ကလေးငယ် အသက် ၁၂ လအထိ ကိုယ်အလေးချိန်မပြည့်မီမှုကျဆင်းလာခြင်း၊ ပိန်လှီသော ကလေး ၁၂ ဒသမ ၅ ရာခိုင်နှုန်းကျဆင်းလာခြင်း၊ ကလေးများအားလုံးတွင်ဖြစ်ပွားသော ကိုယ်အလေးချိန် မပြည့်မီမှု ၄၀ ရာခိုင်နှုန်းအထိ လျော့ကျလာခြင်းဟူသော အကျိုးကျေးဇူးများရရှိကြောင်း ဖော်ပြထားပါသည်။

(ခ) အင်ဒိုနီးရှားနိုင်ငံတွင် ကိုယ်ဝန်ဆောင်မိခင်နှင့် အသက် နှစ်နှစ်အောက် ကလေးငယ်တို့အား ငွေကြေးအထောက်အပံ့ပေးရေး အစီအစဉ် Program Keluarga Harapan Pilot Project ကို ပြုလုပ်ခဲ့သည်။

ငွေကြေးလက်ခံရရှိသော အိမ်ထောင်စုများ၏ လစဉ်အစားအစာစားသုံးခြင်း၊ အစားအစာအတွက် သုံးစွဲခြင်း၊ ၁၀ ရာခိုင်နှုန်းတိုးတက်လာခြင်း၊ အသက်ငါးနှစ်အောက်ကလေးတို့၏ ကိုယ်အလေးချိန်မှန်မှန် တိုင်းတာမှုနှုန်းလည်း မြင့်လာကာ အလေးချိန်လည်း တိုးလာကြောင်း တွေ့ရှိရပါသည်။

(ဂ) ဇမ်ဘီယာနိုင်ငံတွင် ကလေးသူငယ်များအတွက် ခွင့်ပြုထားသော ငွေကြေးအစီအစဉ်(Child Grant Program) ဖြင့် ငွေကြေးအထောက်အပံ့ပေးရာတွင် အသက်သုံးနှစ်မှ ငါးနှစ်အရွယ်ကလေးများ ပုညက်မှုနှုန်း ကျဆင်းလာခြင်း၊ အသက်ခြောက်လမှ ၂၄ လ အကြား ကလေးငယ်များတွင် အနိမ့်ဆုံးအာဟာရကျွေးခြင်းအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်မှုနှုန်း သိသိသာသာ မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။

(ဃ) သီရိလင်္ကာနိုင်ငံတွင် ငွေကြေးထောက်ပံ့မှု အစီအစဉ်ပြုလုပ်သည့် အကျိုးကြောင့် အစားအစာ စားသုံးမှုနှုန်းသည် ကိုယ်ဝန်ဆောင်မိခင်များတွင် ၅၀ ရာခိုင်နှုန်း ပိုမြင့်လာကြောင်း မှတ်တမ်းတင်ထားကြပါသည်။

(င) မြန်မာနိုင်ငံတွင် လူမှုကာကွယ် စောင့်ရှောက်ရေး အစီအစဉ်အရ ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက်နှစ်နှစ်အောက်ကလေးငယ်များကို ငွေကြေးအထောက်အပံ့အစီအစဉ်များကို ကနဦးလေ့လာမှုများအဖြစ် ပြုလုပ်ခဲ့ပါသည်။

လူသားဘဝအစ အာဟာရဖွံ့ဖြိုးရေးအတွက် ထိုအစီအစဉ်ကို ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာအချို့တွင် pilot ဆောင်ရွက်ခဲ့ပါသည်။ ရရှိခဲ့သော အကျိုးမှာ မိခင်နို့တစ်မျိုးတည်းတိုက်ကျွေးမှု တိုးတက်လာခြင်း၊ မွေးကင်းစကလေး အလေးချိန် ပိုမိုကောင်းမွန်လာခြင်း၊ အသက် တစ်နှစ်အောက်ကလေးငယ် သေဆုံးနှုန်းလျော့လာခြင်းတို့ဖြစ်ပါသည်။ ဧရာဝတီတိုင်းဒေသကြီးတွင် ယင်းအစီအစဉ် ဆောင်ရွက်ပြီးနောက် ကိုယ်ဝန်ဆောင်မိခင်တို့ အာဟာရလုံလောက်စွာသုံးစွဲမှု ပိုမိုများပြားလာပါသည်။ ကိုယ်ဝန်ဆောင်စဉ်ကာလတွင် ယခင်စားသုံးသည်ထက် အပိုဆောင်း၍ စားသုံးလာသည်ကို ဆိုလိုပါသည်။ သို့ဖြစ်၍ လုံလောက်သောအစားအစာ စားသုံးမှုနှုန်း (Adequate Food Conxumption- AFC) သည် မူလက ၂၅ ရာခိုင်နှုန်းရှိရာမှ ယင်းအစီအစဉ်ဆောင်ရွက်ပြီးချိန်တွင် ၉၄ ရာခိုင်နှုန်းအထိ သိသိသာသာ တိုးတက်လာပါသည်။

**ငွေကြေးထောက်ပံ့မှုကြောင့် အခြားအကျိုးများ**

ငွေကြေးထောက်ပံ့မှုအစီအစဉ်ကြောင့် ကိုယ်ဝန်ဆောင်မိခင်များ အာဟာရတိုး၍ စားခြင်း၊ မွေးကင်းစ အလေးချိန် ပို၍တိုးလာခြင်း၊ ကလေးသေဆုံးလျော့နည်းလာခြင်း အစရှိသည့် အကျိုးများရရှိသည့်အပြင် အခြားရရှိသည့် အကျိုးများမှာ-

- ဒေသတွင်း အစားအစာ ဝယ်အားများလာခြင်း၊
- ငွေကြေးလည်ပတ်မှု ပိုမိုကောင်းမွန်လာခြင်း တို့ဖြစ်ပါသည်။ အစားအစာပို၍စားလာလျှင် ပို၍ဝယ်ယူရပေသည်။ သို့ဖြစ်၍ ဝယ်အားကောင်းလာခြင်းဖြစ်ပါသည်။ ဝယ်အားကောင်းလျှင် အစားအစာရောင်းချသူများလည်း ငွေကြေးပို၍ ဝင်မည်သာ ဖြစ်ပါသည်။

**လူမှုဝန်ထမ်းဦးစီးဌာန**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှဦးဆောင်၍ ပထမဦးဆုံးအဖြစ် အစိုးရစီမံခန့်ခွဲမှုစနစ်ဖြင့် လုပ်ဆောင်မည့် ကိုယ်ဝန်ဆောင်မိခင်နှင့် အသက် နှစ်နှစ်အောက် ကလေးငယ် ငွေကြေးအထောက်အပံ့ပေးရေးအစီအစဉ်တွင် အကျိုးခံစားခွင့်မှာ တစ်လလျှင် ငွေကျပ် ၁၅၀၀၀ ရရှိမည်ဖြစ်ပါသည်။ ပျမ်းမျှခြင်းအားဖြင့် အစားအစာစားသုံးမှုတွင် တစ်နေ့လျှင် ငွေကျပ် ၅၀၀ သုံးစွဲမည်ဖြစ်ပါသည်။ မူလ စားသုံးသည့် အစားအစာအပြင် ထိုကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးတို့သည် တစ်နေ့လျှင် ငွေကျပ် ၅၀၀ ဖိုးပိုမို၍ စားသုံးရမည်ပင်။ မူလ စားသုံးနှုန်းလည်း လျော့၍ မစားသုံးရပေ။ မူလစားသုံးသည့် အတိုင်း အတာပမာဏအပြင် ကြက်ဥတစ်လုံး၊ ငါးတစ်တုံး၊ အသီးတစ်လုံးအစရှိသည့် တန်ဖိုးငွေကျပ် ၅၀၀ ဖိုး အစားအစာပမာဏ ထပ်၍ စားသုံးရန်ပင်။ ထိုသို့ စားသုံးခြင်းဖြင့် မွေးဖွားလာမည့် ကလေးအတွက် ရေရှည်ရင်းနှီးမြှုပ်နှံမှုပင်ဖြစ်သည်။ ကလေးငယ်အာဟာရအတွက် အသုံးပြုလိုက်ခြင်းပင်ဖြစ်ပါသည်။

လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် ကိုယ်ဝန်ဆောင်နှင့် အသက်နှစ်နှစ်အောက်ကလေးသူငယ်များအား ငွေကြေးအထောက်အပံ့ပေးရေးအစီအစဉ်ကို လာမည့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှစတင်၍ အသက်မွေးဝမ်းကျောင်းနှင့် စားနပ်ရိက္ခာဖူလုံရေးရန်ပုံငွေအဖွဲ့၏ ရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သလို နိုင်ငံတော်ရန်ပုံငွေဖြင့်လည်း ဖွံ့ဖြိုးတိုးတက်မှုနှင့် အာဟာရဆိုင်ရာအညွှန်းကိန်းများနိမ့်ကျသည့် အခြားဒေသများတွင်ပါ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိပါသည်။

ကိုယ်ဝန်ဆောင်စ ပထမ သုံးလ၊ လေးလသည် သန္ဓေသားလေးအတွက် အလွန်အရေးကြီးသောကာလပင်ဖြစ်ပါသည်။ သန္ဓေသား၏ ကိုယ်အင်္ဂါအစိတ်အပိုင်းအားလုံးသည် ထိုကာလအတွင်း လျင်မြန်စွာ ဖွံ့ဖြိုးကြီးထွားနေပါသည်။ ဦးနှောက်၊ နှလုံး၊ အဆုတ် အစရှိသည်ဖြင့် အလွန်အရေးပါသောအင်္ဂါများသည် ထိုကာလတွင် မိခင်ထံမှပြည့်ဝသည့် အာဟာရကိုမရရှိလျှင် ကောင်းစွာဖွံ့ဖြိုးမည် မဟုတ်ပေ။ ထိုအခါတွင် ဦးနှောက်မဖွံ့ဖြိုး၍ ဉာဏ်ရည်နိမ့်ခြင်း၊ အာဟာရချို့တဲ့ခြင်း အစရှိသည့် ဆိုးကျိုးများဖြင့် ကလေးမွေးဖွားလာပေမည်။ လာခြင်းကောင်းသော လူကလေးမဖြစ်နိုင်တော့ပေ။ သို့ဆိုလျှင် အနာဂတ်၏ကြယ်တစ်ပွင့်ကြွေသွားခြင်းပင် မဟုတ်ပါသလော။

စပါးပင်စိုက်သည့် ဥပမာဖြင့်ပြဆိုရပါလျှင် မည်မျှပင်မျိုးကောင်းသောစပါးပင်ဖြစ်စေကာမူ ရေ၊ မြေအစရှိသည်တို့ဖြင့် မွမ်းမံမှုမရှိလျှင် ကောင်းမွန်စွာရှင်သန်နိုင်မည်မဟုတ်ပေ။ အားကောင်းသော ဥပနိဿယပစ္စည်းများ၏ အကူအညီအထောက်အပံ့လိုအပ်သည်သာပင်။ ယခုလည်း သန္ဓေသားကောင်းမွန်စွာရှင်သန်ကြီးထွားရန် အာဟာရတည်းဟူသော အင်အားမရှိပါလျှင် မည်သို့ကြီးထွားပါမည်နည်း။ အစကောင်းမှ အနှောင်းသေချာမည်သာ ဖြစ်ပါသည်။

သို့ဖြစ်၍ ရင်းနှီးမြှုပ်နှံမှုတစ်နေ့လျှင် ငွေကျပ် ၅၀၀ သည် ကလေးငယ်၏အနာဂတ်ဘဝအတွက် ကြီးထွားမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများ ရရှိခံစားရပေမည်။ ယခုအပင်စိုက်၍ချက်ချင်းအသီးစားခြင်းကို ပြုလုပ်၍ရနိုင်မည်ပါလော။ ရေ၊ မြေ၊ သြဇာ စသည့်အထောက်အပံ့ပေးရပါမည်။ ယခုလည်း နေ့စဉ် ငွေကျပ် ၅၀၀ ဖိုးအထောက်အပံ့ကြောင့်သာလျှင် ရှေ့လာမည့် ငါးနှစ်၊ ၁၀ နှစ်၊ ၁၅ နှစ်စသည်တို့တွင် ကလေးသူငယ်၊ လူငယ်၊ လူကြီးဖြစ်လာကာ ကောင်းမွန်စွာ ဖွံ့ဖြိုးလာမည့် အနာဂတ်သားကောင်းဖြစ်လာနိုင်မည်ကို တိုင်းတာနိုင်ပေသည်။ ယခု ငွေကျပ် ၅၀၀ တစ်နေ့လျှင် ရင်းနှီးမြှုပ်နှံမှုသည် နောင်အနာဂတ်တွင် မှန်းဆ၍မရနိုင်သော အကျိုးအမြတ်များ ရရှိနိုင်မည်ဖြစ်သဖြင့် ဤကာလတွင် ရင်းနှီးမြှုပ်နှံရကျိုးနပ်ပေမည်။

> **မိခင်ကိုယ်ဝန်စ၍ရှိစဉ်မှ အရင်းတည်၍ တစ်နေ့လျှင် အထောက်အပံ့ ငွေကျပ် ၅၀၀ ကို ကိုယ်ဝန်ဆောင်စဉ်ကာလ၊ မီးနေသည့်ကာလ၊ ကလေးကို မိခင်နို့ချိုတစ်မျိုးတည်းကိုသာ ကျွေးနေစဉ်ကာလ၊ ကလေးကို ဖြည့်စွက်စာကျွေးရသောကာလ ဟူသောကာလတို့တွင် အာဟာရပြည့်ဝသော အစားအစာများစားရန် အသုံးပြုရပါမည်။ ထိုသို့သော အစားအစာများကို အကျိုးရှိစွာ စားသုံးရန်လိုအပ်**

မိခင်ကိုယ်ဝန်စ၍ ရှိစဉ်မှ အရင်းတည်၍ တစ်နေ့လျှင် အထောက်အပံ့ ငွေကျပ် ၅၀၀ ကို ကိုယ်ဝန်ဆောင်စဉ်ကာလ၊ မီးနေသည့်ကာလ၊ ကလေးကို မိခင်နို့ချိုတစ်မျိုးတည်းသာ တိုက်ကျွေးနေစဉ်ကာလ၊ ကလေးကိုဖြည့်စွက်စာကျွေးရသော ကာလ ဟူသောကာလတို့တွင် အာဟာရပြည့်ဝသော အစားအစာများစားရန် အသုံးပြုရပါမည်။ ထိုသို့သော အစားအစာများကို အကျိုးရှိစွာစားသုံးရန်လိုအပ်ပါသည်။

**ကိုယ်ဝန်ဆောင်စဉ်ကာလ**

ကိုယ်ဝန်ဆောင်စဉ်ကာလတွင် တစ်နေ့လျှင် ထမင်းပုံမှန် သုံးနပ်စားရပါမည်။ ထို့ပြင် သရေစာတစ်ခုခု(ဥပမာ-ငှက်ပျော်သီးတစ်လုံး၊ မြန်မာမုန့်တစ်ခုခု)သို့မဟုတ် ထမင်းအနည်းငယ်တစ်ကြိမ် ပို၍စားရပါမည်။ ထိုအပိုအစာသည် အထောက်အပံ့ ငွေကျပ် ၅၀၀ မျှယူ၍ စားသုံးခြင်းဖြစ်သည်။ ကြက်ဥတစ်လုံး(သို့မဟုတ်)နွားနို့တစ်ခွက်(သို့မဟုတ်)အသီးတစ်လုံးဟူ၍လည်း ဥပမာပေး၍ရပါသည်။

**မီးနေသည့်ကာလ**

နယ်ပယ်အမျိုးမျိုးတွင် ရိုးရာဓလေ့အမျိုးမျိုးရှိရာ မီးနေသည့်ကာလတွင် အသားများရှောင်ရသည့် ရိုးရာလည်းရှိနေဆဲ ဖြစ်ပါသည်။ အဆိပ်ဖြစ်တတ်ခြင်း၊ အနာမကျက်ခြင်း စသည်ဖြစ်နိုင်သည်ဟူသော အယူအဆပင်။ ဟင်းသီးဟင်းရွက်စားလျှင် ကလေးအစာမကြေဟူသော အတွေးအခေါ်များလည်း ရှိပါသေးသည်။ သို့ဖြစ်၍ မီးနေမိခင်သည် ထမင်းကို ငါးကလေး၊ ငါးခြောက်၊ ဟင်းရည်တို့ဖြင့်သာ အဖော်လုပ်၍ စားရရှာပါသည်။ မွေးကင်းစကိုတိုက်သော နို့ရည်တွင် မည်သည့်အာဟာရပါဝင်နိုင်ပါတော့မည်နည်း။ ထိုဓလေ့ထုံးစံတို့ကို လုံးဝပယ်ဖျက်၍ အစာအုပ်စုအမျိုးမျိုးကို ပြည့်ဝစွာ စားသုံးရမည်သာဖြစ်ပါသည်။

**ကလေးနို့ချိုတိုက်ကျွေးစဉ်ကာလ**

-ကလေးငယ်အားမိခင်နို့ချိုတိုက်စဉ်ကာလတွင်လည်း ပုံမှန်အားဖြင့် ထမင်းသုံးနပ်၊ အပိုဆောင်းအားဖြင့် သရေစာတစ်ခုခု(သို့မဟုတ်)ထမင်းအနည်းငယ် နှစ်ကြိမ်စားရပါမည်။

-ဒေသထွက်အစားအစာမျိုးစုံကို နေ့စဉ်အချိုးကျကျ စုံစုံလင်လင် စားရမည်ဖြစ်ပါသည်။ ဥပမာ-ဧရာဝတီတိုင်းဒေသကြီးမှဆိုလျှင် ငါးမျိုးစုံလင်စွာရရှိသည်သာ။ အညာတစ်ခွင်တွင် မြေပဲစသော ပဲအမျိုးမျိုးကိုပို၍စားနိုင်သည်သာ။

-မိခင်နို့ထွက်သန်စေရန် အထူးစီမံထားသော အစားအစာ မရှိပါပေ။ အစာအုပ်စု စုံလင်စွာနှင့် အစာပမာဏ များများစားလျှင် နို့ကောင်းကောင်းထွက်ပေမည်မှာ မုချကေန်အမှန်ပင်။

- ဆယ်ကျော်သက်မိခင်တို့သည် အစားအစာပို၍စားရန်လိုအပ်သကဲ့သို့ ပိုမို၍လည်း အနားယူရန် လိုအပ်ပါသည်။

**ကြယ်လေးပွင့်အစာစီမံပါ**

စင်စစ်အထက်တွင် ဖော်ပြခဲ့သောကာလ သုံးရပ်စလုံး၏ အခြေခံအစားအစာများသည် ကြယ်လေးပွင့်အစားအစာများသာဖြစ်သင့်ပါသည်။ နေ့စဉ်ကြယ်လေးပွင့်လုံးပါအောင် စားသင့်ပါသည်။

**-ပထမကြယ်**-အခြေခံအစာ(ဆန်၊ ဂျုံ၊ အာလူးစသည်)

**-ဒုတိယကြယ်**-ပဲအမျိုးမျိုး(ပဲကြီး၊ ပဲနီ၊ ကုလားပဲ၊ မြေပဲစသည်)

**-တတိယကြယ်**-သစ်သီး+ ဟင်းသီးဟင်းရွက်များ။

(ကိုယ်ခံအားကိုကောင်းစေသည်။ ဗီတာမင်အေနှင့် ရောဂါကာကွယ်နိုင်သောဓာတ်များ ပါဝင်သည်။) ဥပမာ-သင်္ဘောသီး၊ သရက်သီး၊ လိမ္မော်သီး၊ ငှက်ပျောသီး၊ ဖရဲသီး၊ နာနတ်သီး၊ စသည်။ မုန်လာဥနီ၊ ရွှေဖရုံသီး၊ ရွှေကန်စွန်းဥ၊ ကန်စွန်း၊ ဟင်းနုနယ် စသော အရွက်အစိမ်းများ ။

**စတုတ္ထကြယ်**-တိရစ္ဆာန်မှရသော အစားအစာများ။(ကြီးထွားဓာတ်)၊ အသားအမျိုးမျိုး၊ ငါး၊ အသည်း၊ ကြက်ဥစသည်၊ နို့နှင့် နို့ထွက်ပစ္စည်းများ။

ဆီနှင့် ဆီထွက်အစေ့များ၊ ထောပတ်စသည်တို့လည်း ထည့်စားသောက်ခြင်းအားဖြင့် အချို့ ဗီတာမင်ဓာတ်များ စုပ်ယူမှုကို အားပေးသည့်အပြင် အင်အားဓာတ်ကိုလည်း ပိုမိုရရှိစေပါသည်။

**နမူနာအတွဲများ**- ပုံမှန် ထမင်းသုံးနပ်မှာ ယခင်စားမြဲ မိသားစုဝင်ငွေမှ စားသုံးခြင်းဖြစ်ပါသည်။ (ကြယ်လေးပွင့်ပါဝင်အောင် စားပါမည်)

ထမင်း+ငါး+ရွှေဖရုံသီးဟင်း+ပဲနီလေးဟင်းချို

ထမင်း+ကြက်သား+ကန်စွန်းရွက်ချဉ်ရည်ဟင်း+ပဲကြီးနှပ်

ယင်းထမင်းသုံးနပ်အပြင် အစားအစာ အထောက်အပံ့ငွေကျပ် ၅၀၀ မှ အပိုဆောင်း၍ စားရန်-

ဥပမာ-ကြက်ဥတစ်လုံး၊ ပေါင်မုန့် တစ်ချပ်၊ ရွှေကန်စွန်းဥပြုတ်(သို့မဟုတ်) သင်္ဘောသီးတစ်ခြမ်းဆိုလျှင် ငွေကျပ် ၅၀၀ ဖိုး ရမည်ဖြစ်ပါသည်။

**ဆက်လက်မှာကြားချက်များ**

ကိုယ်ဝန်ရှိသည်ကို သိသိချင်း စောစီးစွာ ကိုယ်ဝန်စောင့်ရှောက်မှုကို ခံယူရန် (အနည်းဆုံးလေးကြိမ် ကိုယ်ဝန်စောင့်ရှောက်မှုခံယူရန်)

- ရေငတ်တိုင်း ရေများများသောက်ရန်
- ကော်ဖီလျှော့သောက်ရန်

စာမျက်နှာ ၇ သို့

# အရည်အသွေးမြင့် အခြေခံမြို့ပြအဆောက်အအုံများအတွက် အဆင့်မြင့်ကွန်ကရစ်နည်းပညာဆိုင်ရာ နှီးနှောဖလှယ်ပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၂**

မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းနှင့် I & H Engineering Co., Ltd တို့ပူးပေါင်းကျင်းပသော အရည်အသွေးမြင့် အခြေခံ မြို့ပြအဆောက်အအုံများအတွက် အဆင့်မြင့် ကွန်ကရစ်နည်းပညာဆိုင်ရာ နှီးနှောဖလှယ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၁ ရက် မွန်းလွဲ ၁ နာရီခွဲက ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် MCEA ရုံး Function Hall ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ချမှတ်ထားသည့် မူဝါဒလမ်းစဉ်များအတိုင်း အခြေခံမြို့ပြအဆောက်အအုံများ၊ နိုင်ငံတကာအဆင့်မီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအရေးပါသော အခန်းကဏ္ဍမှ တာဝန်ယူလျက် ပြည်သူများအတွက် လမ်း၊ တံတား ဖွံ့ဖြိုးတိုးတက်ရေးနှင့် အိမ်ရာကဏ္ဍလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက် ရှိပါကြောင်း။

မကြာမီကာလတွင် ဆောက်လုပ်ရေးအခန်းကဏ္ဍသည် ကိုယ်ပိုင်အစွမ်းအစဖြင့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရမည်ဖြစ်ပြီး မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းသည်လည်း အနာဂတ်အတွက် အဓိက ဦးဆောင်အဖွဲ့အစည်းဖြစ်သလို ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့်အတူတကွ ပူးပေါင်းပြီး နိုင်ငံတော်နှင့် ပြည်သူအတွက် အခြေခံမြို့ပြလူမှုအဆောက်အအုံများ တိုးတက်အောင်ဆောင်ရွက်နိုင်လိမ့်မည်ဟု မျှော်လင့်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးသာဋ္ဌေးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။ ဆက်လက်၍ I & H Engineering Co.,Ltd မှ Managing Director Mr. Tojuro Nishi က မိတ်ဆက်စကားပြောကြားသည်။

၎င်းနောက် ဆောက်လုပ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်လင်းက New Joint Venture Company for Concrete Technologies ခေါင်းစဉ်ဖြင့် စာတမ်းကို Power Point ဖြင့် ရှင်းလင်းဖတ်ကြားသည်။

ဆက်လက်၍ စာတမ်းရှင်များက သက်ဆိုင်ရာ ခေါင်းစဉ်အလိုက် စာတမ်းများကို အသီးသီးဖတ်ကြားပြီး တက်ရောက်လာသူများ၏ သိလိုသည့်မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားသည်။

**(သတင်းစဉ်)**



# ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဘောရစ်ဂျွန်ဆင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာ

**ရန်ကုန် ဇန်နဝါရီ ၂၂**

ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဘောရစ်ဂျွန်ဆင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၇ နာရီ ၁၅ မိနစ်တွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားရာ နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်ကေသီစိုး၊ မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်သံအမတ်ကြီးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

# ပအိုဝ်းတစ်မျိုးသားလုံးဆိုင်ရာ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ(အကြို)ကျင်းပ

**ဘားအံ ဇန်နဝါရီ ၂၂**

ပအိုဝ်းတစ်မျိုးသားလုံးဆိုင်ရာ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ(အကြို) ကရင်ပြည်နယ် ပအိုဝ်းလူထုတွေ့ဆုံဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီက ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပသည်။

ကရင်ပြည်နယ်အတွင်းရှိ ပအိုဝ်းတိုင်းရင်းသားလူမျိုးများ၏ အမြင်သဘောထား အကြံပြုချက်များကို စုစည်း၍ ပအိုဝ်းအမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွင် တင်ပြဆွေးနွေးသွားနိုင်ရန် အကြိုတွေ့ဆုံဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်ပြီး ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးခွန်မြင့်ထွန်းက "အခုလို အကြိုဆွေးနွေးပွဲတွေကို ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ်ဇရပ်ကြီးနဲ့ ကျန်ရှိနေသေးတဲ့ ရှမ်းပြည်နယ်တောင်ပိုင်းတောင်ကြီး၊ မောက်မယ်တို့လို မြို့နယ်တွေမှာ နောက်ထပ်အကြိုဆွေးနွေးပွဲတွေကို ထပ်ပြီးလုပ်ဖို့ စီစဉ်ဆောင်ရွက်ထားပါတယ်၊ ဒီအကြိုဆွေးနွေးပွဲတွေပြီးသွားတဲ့အခါ ပြန်လည်သုံးသပ်ပြီးတော့ ပအိုဝ်းတစ်မျိုးသားလုံးဆိုင်ရာ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကြီးကို တောင်ကြီးမြို့နယ်ထဲမှာ ကျင်းပနိုင်ဖို့အတွက် ပြင်ဆင်မှာဖြစ်ပါတယ်"ဟုပြောသည်။

အကြိုတွေ့ဆုံဆွေးနွေးပွဲ အခမ်းအနားကို နိုင်ငံတော်အလံနှင့် ပအိုဝ်းအမျိုးသားအလံတို့အား အလေးပြုခြင်း၊ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများနှင့် ရဲဘော်အပေါင်းအား အလေးပြုခြင်းတို့ဆောင်ရွက်ပြီး သဘာပတိ ဦးခွန်ဝင်းနောင်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်၊ ကရင်ပြည်နယ် ပအိုဝ်းတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဦးခွန်မျိုးတင့်၊ အငြိမ်းစား ကရင်ပြည်နယ် ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးခွန်သန်းမြင့်တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် NCA ပေါ်ပေါက်လာပုံနှင့် NCA ကို အခြေခံသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ UPDJC နှင့် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲအသီးသီး ဖြစ်ပေါ်လာပုံ အဆင့်ဆင့်၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်ပြည်ထောင်စုကိစ္စရပ်များ၊ တိုင်းရင်းသားအခွင့်အရေးများကို အမေးအဖြေကဏ္ဍ ဆောင်ရွက်ကြပြီး အုပ်စုလိုက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# နိုဘယ်လ်-မြန်မာ စာပေပွဲတော် ပထမနေ့ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၂**

နိုဘယ်လ်-မြန်မာ စာပေပွဲတော် ၂၀၁၇၊ ရသစာပေစာတမ်းဖတ်ပွဲနှင့် စာပေစကားဝိုင်း ဆွေးနွေးပွဲများကို ယနေ့ နံနက်ပိုင်းတွင် စတင်ကျင်းပသည်။

စာတမ်းဖတ်ပွဲတွင် မြဝင်း(ဒဿန) နှင့် မောင်ဟုန်ဝမ်(ကထိက)တို့က သဘာပတိအဖြစ် ဆောင်ရွက်ပြီး မောင်ခင်မင်(ဓနုဖြူ)က "စာပေတွင် ရသဖန်တီးသူ ရသနှင့် ရသခံစားသူတို့ဆက်သွယ်မှု" စာတမ်းကို ဖတ်ကြားကာ တက်ရောက်လာသူများက အဆိုပါစာတမ်းနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် "ရသစာပေနှင့် ဖန်တီးမှု" စကားဝိုင်းအစီအစဉ်ကို ဆက်လက်ကျင်းပခဲ့ပြီး ဆရာချစ်ဦးညို၊ ဆရာနေဝင်းမြင့်၊ ဆရာမဂျူးတို့က ဆွေးနွေးကြသည်။

ထို့နောက် ဆရာသစ္စာနီက "မျက်မှောက်မြန်မာကဗျာ (ခေတ်ပေါ်၊ ခေတ်ပြိုင်)"စာတမ်းကို လည်းကောင်း၊ ဆရာမောင်ဇေယျာက "ရသစာပေနှင့် စာပေဝေဖန်ရေး"စာတမ်းကို လည်းကောင်း ဖတ်ကြားခဲ့သည်။

ဆက်လက်၍ ဆရာကြည်မင်း၊ ဆရာမြဝင်း(ဒဿန)၊ မောင်ရင့်မာ(ကျောင်းကုန်း)၊ မင်းချမ်းမွန်နှင့် သွယ်သွယ်မျိုးညွန့်တို့က "အက်ဆေးတစ်ပုဒ်မွေးဖွားခြင်း" စကားဝိုင်း အစီအစဉ်ကို ဆက်လက်ကျင်းပသည်။

နိုဘယ်လ်-မြန်မာ စာပေပွဲတော် ၂၀၁၇၊ ရသစာပေကို ဇန်နဝါရီ ၂၂ ရက်မှ ၂၄ ရက်အထိ သုံးရက်တာ ကျင်းပသွားမည်ဖြစ်ပြီး နှစ်ပေါင်း ၁၀၀ အတွင်း ထွက်ရှိခဲ့သော မြန်မာ့ဝတ္ထုအကောင်းဆုံး ရသစာအုပ်များ၊ နိုဘယ်လ်ဆုရစာအုပ်ပြခန်းများ၊ စာတမ်းဖတ်ပွဲများ၊ ပန်းချီ၊ ကာတွန်းပြခန်းများ၊ ကယ်ရီကေးချားပုံတူရေးဆွဲခြင်းများ၊ ကဗျာရွတ်ပွဲ၊ စာပေဆိုင်ရာ ဟောပြောဆွေးနွေးပွဲများ၊ ရသစာပေနှင့် ပတ်သက်သည့် စကားဝိုင်းများ၊ စာပေနှင့်အနုပညာရှင်များကိုယ်တိုင်တင်ဆက်ပြသသွားမည့် ပြဇာတ်ဖျော်ဖြေပွဲများနှင့်အတူ ကျင်းပသွားမည်ဖြစ်သည်။

ပွဲတော် ဒုတိယနေ့တွင် ဆရာမြဝင်း(ဒဿန)က "မြန်မာ့ရနံ့နှင့် စပ်လျဉ်းသော မှတ်ချက်များ"စာတမ်း၊ ဆရာတော်ကောင်းမင်းက "ရှိတ်စပီးယားပြဇာတ်များကို မြန်မာပြန်ဆိုခြင်း" စာတမ်း၊ ဒေါက်တာမိုးဟိန်းဇော် (မြန်မာစာ)က "မြန်မာကလေးကဗျာများက ပေးသောရသများ"စာတမ်းနှင့် ဆရာမြင့်ဆွေဦးက "နဂါးနီမှ ရသဝတ္ထုများ" စာတမ်းများကို ဖတ်ကြားကြမည်ဖြစ်ပြီး စာပေစကားဝိုင်းအစီအစဉ်တွင် "ယနေ့မြန်မာကဗျာ မနက်ဖြန်အတွက် မြန်မာကဗျာ"၊ "ရသပျိုးခင်း"ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးကြမည်ဖြစ်သည်။

တတိယနေ့တွင် ဆရာမ ရာသက်ပန်(တောင်ငူဆောင်)က "မင်းလူဝတ္ထုတိုများမှ ဇာတ်ဆောင်ရွေးချယ်ဖန်တီးမှု" စာတမ်း၊ ဆရာဒေါက်တာအောင်ကြီးက "မော်စီတုံးကဗျာတစ်ပုဒ်ကို ဘာသာပြန်ဆိုခြင်း"စာတမ်း၊ ဆရာကိုတာက "ကဗျာနှစ်ပုဒ် ဘာသာပြန်ခြင်း"နှင့် ဆရာငြိမ်းမင်းက "ရသစာပေဖန်တီးမှု" စာတမ်းများကို ဖတ်ကြားကြမည်ဖြစ်ပြီး စာပေစကားဝိုင်း အစီအစဉ်တွင် "ဘာသာပြန်ရသဖန်တီးမှု"၊ "ဝတ္ထုရှည်တစ်ပုဒ်ဖန်တီးခြင်း"နှင့် "ရသရေစီး" ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးကြမည်ဖြစ်သည်။

ထို့ပြင် ပွဲတော်လာ ပရိသတ်များအား ကော်ဖီ၊ ရေသန့်၊ မုန့်ဟင်းခါး၊ ထမင်း၊ ထမနဲ စသည့် စားသောက်ဖွယ်ရာများလည်း နေ့စဉ်လှူဒါန်းကျွေးမွေးသွားမည်ဖြစ်ကြောင်း နိုဘယ်လ်-မြန်မာ စာပေပွဲတော် ၂၀၁၇ ကော်မတီမှ သိရသည်။

**သတင်း - ဝင်းနန္ဒာ**

**ဓာတ်ပုံ- ဇော်မင်းလတ်**



**စာမျက်နှာ ၆ မှ**

- သံဓာတ်အားဆေးနှင့် ဖောလစ်အက်စစ်သောက်ရန်
- ကိုယ်ဝန် ကိုးလမှ ကလေးငယ် မွေးပြီး သုံးလအထိ ဘီတာမင်ဘီ (၁) သောက်ရန် (အာရုံကြောများ ရှင်သန်ရန်)
- လည်ပင်းကြီးရောဂါကြောင့် ကလေးဉာဏ်ရည်ချို့တဲ့နိုင်သဖြင့် ယင်းရောဂါကို ကာကွယ်ရန် ဟင်းချက်လျှင် အိုင်အိုဒင်းဆားအမြဲသုံးရန်
- မိခင်နို့တွင် ဗီတာမင်အေဓာတ် အပြည့်အဝရရှိစေရန် မွေးပြီးခြောက်ပတ်အတွင်း မိခင်က ဗီတာမင်အေသောက်ရန်၊

**အစကောင်းကြပါစေ**

လွန်ခဲ့သည့်တစ်ပတ်မှ သတင်းအရ ဗဟိုအမျိုးသမီးဆေးရုံကြီးတွင် မွေးဖွားသော ကလေးငယ်စုစုပေါင်း၏ ၁၄ ရာခိုင်နှုန်းကျော်သည် ကိုယ်အလေးချိန်မပြည့် မွေးဖွားလာကြောင်း သိရှိရပါသည်။ ကိုယ်အလေးချိန်မပြည့်သော မွေးကင်းစဆိုသည်မှာ ကိုယ်အလေးချိန် ၅ ပေါင် ၈ အောင်စထက် လျော့နည်းသော ကလေးငယ်ကို ဆိုလိုပါသည်။ ဤသို့ဖြစ်ရခြင်း၏ အဓိကအကြောင်းရင်းမှာ ကိုယ်ဝန်ဆောင်မိခင်တို့ အာဟာရပြည့်ဝအောင် မစားခြင်းနှင့် ရိုးရာဓလေ့ဟောင်းများကြောင့်၊ အစားရှောင်ခြင်းတို့ကြောင့် အဖြစ်များကြောင်းလည်း သိရှိရပါသည်။

သို့ဖြစ်၍ ကလေးများ ဖွံ့ဖြိုးကြီးထွားရေးအတွက် ရည်ရွယ်၍ ထောက်ပံ့မည်ဖြစ်သော တစ်နေ့ ၅၀၀ ကျပ်ဖြင့် အထက်ဖော်ပြပါ အာဟာရပြည့်ဝသော အစားအစာများ ကျွေးမွေးစားသုံးသင့်ပါသည်။ ထိုသို့ အသုံးပြုခြင်းအစီအစဉ်သည် ကလေးများ၏ အနာဂတ်အတွက် နေ့စဉ်ရင်းနှီးမြှုပ်နှံခြင်းဖြစ်သဖြင့် အနာဂတ်၏ ခေါင်းဆောင်ကောင်းလေးများ၏ အခြေခံအုတ်မြစ်ပင်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

# မိုင်းရှူးမြို့နယ်အတွင်း ဘိန်းခင်းများဖျက်ဆီးနေမှုကို SSA (ဝမ်ဟိုင်း)အဖွဲ့က နှောင့်ယှက်ပစ်ခတ်

**နေပြည်တော် ဇန်နဝါရီ ၂၂**

ရှမ်းပြည်နယ်တောင်ပိုင်း မိုင်းရှူးမြို့နယ်အတွင်း တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ပြည်သူများပါဝင်သောပူးပေါင်းအဖွဲ့သည် ယမန်နေ့နံနက်ပိုင်းက ဘိန်းခင်းများဖျက်ဆီးစဉ် SSA (ဝမ်ဟိုင်း)အဖွဲ့က လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်ခဲ့သည်။

မိုင်းရှူးမြို့၏ အရှေ့တောင်ဘက် လေးမိုင်ခန့်အကွာရှိ ဘိန်းခင်းများကို သတင်းအရ ဖျက်ဆီးနေစဉ် SSA (ဝမ်ဟိုင်း)အဖွဲ့က ၎င်းနေရာ၏အရှေ့ဘက်မီတာ ၁၄၀၀ ခန့်မှ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ယမန်နေ့ နံနက်ပိုင်းက တစ်ကြိမ်၊ နေ့လယ်ပိုင်းတွင်



တပ်မတော်သားများနှင့် တာဝန်ရှိသူများက ဘိန်းခင်းများ ဖျက်ဆီးစဉ်

နှစ်ကြိမ် စုစုပေါင်းသုံးကြိမ် နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် တပ်မတော်စစ်ကြောင်းက လိုက်လံရှင်းလင်းလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# KIA လက်နက်ကိုင်အဖွဲ့များက မော်တော်ယာဉ်တစ်စီးကို လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်

**နေပြည်တော် ဇန်နဝါရီ ၂၂**

ကချင်ပြည်နယ် မံစီမြို့နယ် မံဝိန်းလေးကျေးရွာမှ ဒေသခံများ၏မော်တော်ယာဉ်တစ်စီးကို KIA လက်နက်ကိုင်အဖွဲ့က ပစ်ခတ်တိုက်ခိုက်သဖြင့် ယာဉ်ကိုယ်ထည်နှင့် အင်ဂျင်ပျက်စီးခဲ့ကြောင်း သိရသည်။

မံဝိန်းလေးကျေးရွာနေ ကိုကျော်ခိုင်သည် ယမန်နေ့ နံနက်ပိုင်းက ဆပ်ဖ်အမျိုးအစား မော်တော်ယာဉ်ဖြင့် တောင်ယာစပါးသယ်ယူရန်ထွက်ခွာလာစဉ် မံဝိန်းကြီးကျေးရွာ၏ အနောက်မြောက်ဘက် နှစ်မိုင်ခန့်အကွာရှိ ဘော်နွယ်ရွာပျက်အနီး၌ KIA လက်နက်ကိုင်အဖွဲ့အင်အား ၁၀ ဦးခန့်က လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည်။


ပစ်ခတ်မှုကြောင့် လူထိခိုက်ဒဏ်ရာရရှိမှုမရှိဘဲ မော်တော်ယာဉ်ကို လက်နက်ငယ်ကျည် ၁၅ ချက်ခန့် ထိမှန်ခဲ့ပြီး ယာဉ်ကိုယ်ထည်၊ ရှေ့လေကာမှန်နှင့် အင်ဂျင်တို့ ပျက်စီးခဲ့သည်။

အဆိုပါ နေရာတစ်ဝိုက်ကို တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# မောင်တောမြို့နယ် ပဒကားကျေးရွာသစ်အနီး အလောင်းသုံးလောင်း တူးဖော်တွေ့ရှိ





**နေပြည်တော် ဇန်နဝါရီ ၂၂**

မောင်တောမြို့နယ် ပဒကားကျေးရွာသစ် အနောက်ဘက် မီတာ ၅၀၀ ခန့်၌ မြေမြှုပ်ထားသည့်အလောင်းများ တွေ့ရှိရကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ယမန်နေ့ မွန်းလွဲပိုင်းက သွားရောက်စစ်ဆေးခဲ့သည်။

ထိုသို့ သွားရောက်စစ်ဆေးခဲ့ရာတွင် ဇန်နဝါရီ ၂၀ ရက် ည ၆ နာရီက ပျောက်ဆုံးခဲ့ကြောင်း သတင်းပေးပို့တိုင်ကြားထားသည့် မာမတ်ရှော်ဖီး၊ စွန်တာအာမတ်နှင့် မာမတ်စူပိုင်တို့၏ အလောင်းများအား ထပ်လျက်မြှုပ်ထားသည်ကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။

အလောင်းများကို စစ်ဆေးရာတွင် စွန်တာအာမတ်အား ဦးခေါင်း ငယ်ထိပ်ကွဲ၊ ယာနား ပေါက်ပြဲ၊ နှာခေါင်းဖူးရောင် သွေးထွက်ဒဏ်ရာဖြင့် လည်းကောင်း၊ မာမတ်ရှော်ဖီးအား ဦးခေါင်းငယ်ထိပ်ဖူးရောင်၊ နှာခေါင်းကွဲအက်၊ မျက်လုံးနှစ်ဖက် ဖူးရောင်ညိုမည်းဒဏ်ရာဖြင့် လည်းကောင်း၊ မာမတ်စူပိုင်အား ဦးခေါင်းထိပ်ကွဲအက်၊ မျက်နှာ၊ ပါးစပ်ဖူးရောင်ဒဏ်ရာများဖြင့်လည်းကောင်း တွေ့ရှိခဲ့သည်။

အဆိုပါ အလောင်းများကို မောင်တောပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ မောင်တောမြို့နယ် ကြိမ်ချောင်းရဲစခန်းတွင် ပုဒ်မ ၃၀၂ (လူသတ်မှု)ဖြင့် အမှုဖွင့်ပြီး ဆက်လက်စုံစမ်းလျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# လက်နက်၊ ခဲယမ်းများနှင့် တရားမဝင်သစ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၂၂**

ရှမ်းပြည်နယ်မြောက်ပိုင်း တာမိုးညဲမြို့ အထွက်၌ ယာဉ်တစ်စီးကို ရှောင်တခင်စစ်ဆေးရာမှ လက်နက်နှင့် တရားမဝင်သယ်ဆောင်လာသည့်သစ်များ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

တာမိုးညဲမြို့အထွက်၌ တပ်မတော်စစ်ကြောင်းသည် ယာဉ်ဝင်/ ထွက်မှုများကို ရှောင်တခင်စစ်ဆေးစဉ် ယနေ့ မွန်းလွဲ ၂ နာရီခန့်က တာမိုးညဲမှ တီးမားကျေးရွာဘက်သို့ ယာဉ်မောင်း ဦးစိုင်းကျော်ဝင်း မောင်းနှင်၍ ဦးသန်းမောင် လိုက်ပါလာသည့် ပါဂျဲရိုးအမျိုးအစားယာဉ်အမှတ် YGN-7D ----- အား ရပ်တန့်စစ်ဆေးရာ ဦးသန်းမောင်၏ အကျီအိတ်ကပ်အတွင်းမှ ပစ္စတိုတစ်လက်၊ ယင်းကျည်အိမ်တစ်ခု၊ ယင်းကျည်ခုနစ်တောင့်နှင့် ယာဉ်ပေါ်မှ တရားမဝင်သယ်ဆောင်လာသည့် တမလန်းနှင့် ပိတောက်အမျိုးအစား သစ်ခွဲသားဆိုက်စုံအချောင်း ၇၄၀ တို့ကို တွေ့ရှိဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူများ၊ ယာဉ်နှင့်သစ်များကို တာမိုးညဲနယ်မြေရဲစခန်းသို့ စနစ်တကျ လွှဲပြောင်းအပ်နှံသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် တပ်မတော်စစ်ကြောင်းနှင့် KIA လက်နက်ကိုင်များ ထိတွေ့တိုက်ပွဲဖြစ်ပွား



**နေပြည်တော် ဇန်နဝါရီ ၂၂**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့နယ်အတွင်း နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် တပ်မတော်စစ်ကြောင်းကို ယနေ့နံနက် ၈ နာရီခွဲခန့်က KIA လက်နက်ကိုင် များက မော်တောင်းကျေးရွာ၏အရှေ့ဘက် လေးမိုင်ခန့်အကွာ၌ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်သဖြင့် ပြန်လည်တိုက်ခိုက်ခဲ့ရာ လက်နက်ကိုင်အဖွဲ့များသည် အနောက်တောင်ဘက်သို့ ဆုတ်ခွာသွားကြောင်း သိရသည်။

ဖြစ်စဉ်တွင် စစ်သည်အချို့ ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး လက်နက်ကိုင်အလောင်းတစ်လောင်း၊ အမ်- ၂၂ သေနတ်တစ်လက်၊ ကျည်အိမ်လေးခုနှင့် ကျည်အတောင့် ၂၀၀၊ အာပီဂျီဒုံးသီးငါးလုံး၊ အာပီဂျီပို့ကျည် တစ်တောင့်၊ ဗုံးသီးတစ်လုံး၊ KIA ဘက်တံဆိပ်ပါယူနီဖောင်းနှစ်စုံ၊ KIA တပ်ရင်း ၃၆ တံဆိပ်ပါ လည်စည်းလေးခု၊ KIA ဘက်တံဆိပ်တစ်စုံ၊ KIA အဆင့် တံဆိပ်တစ်စုံနှင့် KIA လွယ်ထိုးဦးထုပ်တစ်လုံးတို့ကို သိမ်းဆည်းရရှိခဲ့သည်။

KIA လက်နက်ကိုင်များ ဆုတ်ခွာရာနောက်သို့ တပ်မတော်စစ်ကြောင်းက လိုက်လံရှင်းလင်း ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တရားမဝင်သစ်များနှင့် သစ်တင်ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၂၂**

ရှမ်းပြည်နယ်မြောက်ပိုင်း မန်တုံမြို့နယ်နှင့် နမ့်ခမ်းမြို့နယ်များအတွင်း ဇန်နဝါရီ ၂၀ ရက်က တရားမဝင်သစ်များနှင့် သစ်တင်ယာဉ်များ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ တပ်မတော်စစ်ကြောင်းသည် မန်တုံမြို့ ဝန်းကျင်၌ နယ်မြေရှင်းလင်းစဉ် ကြူဆာကျေးရွာ၏ အရှေ့မြောက်ဘက် ရှစ်မိုင်ခန့်၌ တရားမဝင်သစ်တင် ခြောက်ဘီးယာဉ်အလွတ်လေးစီး၊ ဝန်ချီစက်တစ်စီးနှင့် ဟိုင်းလပ်အမျိုးအစားမော်တော်ယာဉ်တစ်စီး၊ သစ်မာဆိုက်စုံ ၁၁ တုံး၊ ခန့်မှန်း ၅ တန်ခန့် တင်ဆောင်ထားသည့် ၁၀ ဘီးယာဉ်တစ်စီး၊ ဒီဇယ်ပီပါ ၃၉ လုံးကို တင်ဆောင်ထားသည့် ခြောက်ဘီးယာဉ်နှစ်စီးနှင့် ဘိလပ်မြေများ တင်ဆောင်ထားသည့် ပရာဒိုအမျိုးအစား မော်တော်ယာဉ်တစ်စီးတို့ကို ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့ခြင်းဖြစ်သည်။

အလားတူ နမ့်ခမ်းမြို့နယ် မုံးဝီးကျေးရွာ၏ အနောက်တောင်ဘက် နှစ်မိုင်ခန့်၌လည်း သစ်မာမျိုးစုံ ၃၉ တန်ခန့် တင်ဆောင်ထားသည့် ၁၂ ဘီးယာဉ်တစ်စီးနှင့် ခြောက်ဘီးယာဉ်ခြောက်စီးတို့ကို ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့သည်။

အဆိုပါသိမ်းဆည်းရမိ တရားမဝင်သစ်များနှင့် သစ်တင်ယာဉ်များကို သက်ဆိုင်ရာသစ်တောဦးစီးဌာနသို့ စနစ်တကျ လွှဲပြောင်းအပ်နှံသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နယ်မြေရှင်းလင်းစဉ် KIA လက်နက်ကိုင်များနှင့် တိုက်ပွဲဖြစ်ပွား

**နေပြည်တော် ဇန်နဝါရီ ၂၂**

ရှမ်းပြည်နယ်မြောက်ပိုင်း ကြူကုတ်(ပန်ဆိုင်း) ဝန်းကျင်၌ ဇန်နဝါရီ ၂၀ ရက်က တပ်မတော်စစ်ကြောင်းက နယ်မြေရှင်းလင်းစဉ် KIA လက်နက်ကိုင်အဖွဲ့နှင့် တွေ့ဆုံ တိုက်ပွဲဖြစ်ပွားပြီး KIA အလောင်းတစ်လောင်းနှင့် လက်နက်ခဲယမ်းများ သိမ်းဆည်းရမိခဲ့သည်။

ကြူကုတ်(ပန်ဆိုင်း)မြို့နယ် ကောင်းလုံရွာ၏တောင်ဘက် မီတာ ၂၀၀၀ ခန့်၌ တပ်မတော်စစ်ကြောင်းက နယ်မြေရှင်းလင်းစဉ် ဇန်နဝါရီ ၂၀ ရက် ညနေ ၅ နာရီခန့်က KIA လက်နက်ကိုင် အင်အား ၁၅ ဦးခန့်နှင့် တွေ့ဆုံတိုက်ပွဲဖြစ်ပွားပြီး ဖြစ်စဉ်တွင် KIA လက်နက်ကိုင် အလောင်းတစ်လောင်း၊ အမ်-၂၁ သေနတ်သုံးလက်၊ ကျည်အိမ် ၁၀ ခု၊ ဗုံးသီးမျိုးစုံ ရှစ်လုံး၊ ၄၀ မီလီမီတာ ဗုံးပစ်လောင်ချာတစ်လက်၊ ဒီတိုနေတာ ၁၉ ခု၊ အဝေးထိန်းမိုင်းများ၌ အသုံးပြုသည့် အဝေးထိန်းခလုတ်တစ်ခုနှင့် ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့ခြင်းဖြစ်သည်။

KIA လက်နက်ကိုင်များသည် မြောက်ဘက်နှင့် အရှေ့မြောက်ဘက်သို့ ဆုတ်ခွာ ထွက်ပြေးသွားရာ တပ်မတော်စစ်ကြောင်းများက လိုက်လံရှင်းလင်းလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာ့အလုပ်အကိုင်ပြပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၂**

Work.com.mm(WCM Classifieds Company Ltd) က ဦးဆောင်ကျင်းပသည့် အလုပ်အကိုင်အခွင့်အလမ်းပြပွဲ(Job Fair) ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ပြည်လမ်းရှိ IBC(International Business Centre ) ၌ကျင်းပရာ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ တက်ရောက်၍ အမှာစကားပြောကြားသည်။



ပြည်ထောင်စုဝန်ကြီးက ယနေ့ကျင်းပသည့်ပြပွဲသည် အလုပ်လုပ်နိုင်သည့် အသက်အပိုင်းအခြား Working age အတွင်း ရောက်ရှိနေကြသော သူများအတွက် သင့်လျော်ကောင်းမွန်သော အလုပ်အကိုင်များရရှိရေး၊ ကျွမ်းကျင်မှုလေ့ကျင့်ရေး၊ အလုပ်သမားများ ရပိုင်ခွင့်များ ရရှိခံစားနိုင်စေရေးပြပွဲဖြစ်ကြောင်း၊ ယခု ကျင်းပသည့်ပြပွဲမှာ အလုပ်လိုချင်သူများနှင့် အလုပ်သမားလိုအပ်သူများကို တစ်ချိန်တည်းတစ်နေရာတည်း၌ One Stop Service ရရှိနိုင်မည်ဖြစ်၍ အလုပ်အကိုင်အခွင့်အလမ်းတိုးတက်ရေးကို တစ်ဖက်တစ်လမ်းက အထောက်အကူပြုနိုင်သည့် လုပ်ငန်းရပ်ဖြစ်ကြောင်း၊ အခြားကုမ္ပဏီများနှင့် လုပ်ငန်းရှင်အသီးသီးကလည်း ယခုကဲ့သို့ ပွဲမျိုးကျင်းပပေးစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေနှင့် ဧည့်သည်တော်များက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ပြီး ကုမ္ပဏီပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။ ပြပွဲတွင် ပြည်တွင်း၌ အလုပ်ခန့်ထားရန် နိုင်ငံတကာနှင့် ဆက်သွယ်ဆောင်ရွက်နေသော ကုမ္ပဏီကြီး ၂၇ ခုက ပြခန်းပေါင်း ၂၇ ခု ပြသခဲ့ပြီး လာရောက်ကြည့်ရှု လျှောက်ထားသူရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေး

**ပဲခူး ဇန်နဝါရီ ၂၂**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ် လျှပ်စစ်မှူးရုံးမှ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောပွဲကို မြို့ပေါ်ရပ်ကွက်များအတွင်းသို့ ဇန်နဝါရီ ၁၇ ရက် နံနက်က လှည့်လည်ကျင်းပခဲ့သည်။

အသိပညာပေးဟောပြောပွဲတွင် မြို့နယ်လျှပ်စစ်မှူး ဦးမျိုးထိုက်က လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအကြောင်း သိကောင်းစရာများပြောကြားခြင်း၊ ပရိုဂျက်တာဖြင့် ရှင်းလင်းပြသခြင်း၊ တက်ရောက်လာသူများ၏ သိလိုသည်များကို ပြန်လည်ဖြေကြားဆွေးနွေးခြင်းများ ပြုလုပ်ခဲ့သည်။

မြို့နယ်လျှပ်စစ်မှူးရုံးအနေဖြင့် ဓာတ်လိုက်မှုအန္တရာယ် ကင်းရှင်းစေရေးအတွက် ဆွေးမြည့်သစ်သားတိုင်များ၊ သံတိုင်များအစား ကွန်ကရစ်တိုင်များ လဲလှယ်ပေးခြင်း၊ လျှပ်စစ်အန္တရာယ်သတိပေးဆိုင်းဘုတ်စိုက်ထူခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းလုပ်ငန်းများကို မြို့နယ်လျှပ်စစ်မှူး ဦးမျိုးထိုက်နှင့် ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**၈၀၆၀**

# ရန်ကုန်တိုင်းဒေသကြီးရှိ လေးမြို့နယ်အတွင်း မူးယစ်ဆေးဝါး၊ အရက်သေစာနှင့်ပတ်သက်၍ ပညာပေး ရက်သတ္တပတ်လှုပ်ရှား

**ရန်ကုန် ဇန်နဝါရီ ၂၂**

ကမာရွတ်မြို့နယ် (၇)ရပ်ကွက် ကျွန်းတောလမ်းနှင့် ဟံသာဝတီလမ်းထောင့်ရှိ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက် အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၂၂ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်တိုင်းဒေသကြီးရှိ လေးမြို့နယ်အတွင်း မူးယစ်ဆေးဝါး၊ အရက်သေစာနှင့်ပတ်သက်၍ ပညာပေးရက်သတ္တပတ်လှုပ်ရှားမှု ဖွင့်ပွဲအခမ်းအနားကို ကျင်းပခဲ့သည်။



အခမ်းအနားတွင် UNICEF ဌာနေကိုယ်စားလှယ် Mr. Paul Edwards က မိတ်ဆက်စကားပြောကြားပြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ် ဇော်ဝင်းက အကြိုနှုတ်ခွန်းဆက်စကားပြောကြားခဲ့ကာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အဖွင့်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

အခမ်းအနားသို့ တိုင်းဒေသကြီးတရားလွှတ်တော်ချုပ် ဦးဝင်းဆွေ၊ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် ဝင်းနိုင်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲအရာရှိကြီးများ၊ ရန်ကုန်မြို့အခြေစိုက် ကုလသမဂ္ဂ UNICEF မှ ဌာနေကိုယ်စားလှယ်များနှင့် NGO,INGO အဖွဲ့ဝင်များ၊ AHEAD လူငယ်အဖွဲ့၊ Teens and Dream လူငယ်အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ စုစုပေါင်း ၁၃၀ ခန့် တက်ရောက်ခဲ့ကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တက်ရောက်လာသူများက မူးယစ်ဆေးဝါး၊ အရက်သေစာနှင့်ပတ်သက်၍ ပညာပေးရက်သတ္တပတ်လှုပ်ရှားမှု ဆိုင်းဘုတ်ပေါ်၌ အမှတ်တရလက်မှတ်များ ရေးထိုးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# (၆၃)ကြိမ်မြောက် မြန်မာနိုင်ငံ ဆရာဝန်ညီလာခံကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၂**

မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို) (၆၃)ကြိမ်မြောက် မြန်မာနိုင်ငံဆရာဝန်ညီလာခံကို မကွေးတိုင်းဒေသကြီး ဆေးတက္ကသိုလ် (မကွေး) ၌ ဇန်နဝါရီ ၂၁ ရက် နံနက် ၉ နာရီကကျင်းပရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ အောင်မိုးညိုတို့ တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက မြန်မာနိုင်ငံဆရာဝန်အသင်းသည် ဆရာဝန်များ၏ ဘာသာရပ်အလိုက် ဆေးပညာများကို ခေတ်နှင့်လျော်ညီစွာ တိုးတက်နေသော ကုထုံးတို့ဖြင့် လူနာများကို ဆေးကုသပေးနိုင်ရန် သင်တန်းများပေးခြင်း၊ ဟောပြောပွဲများ ပြုလုပ်ခြင်း၊ ဆွေးနွေးပွဲများပြုလုပ်၍ အသိပညာများပံ့ပိုးပေးခဲ့ကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ရောဂါကာကွယ်ရေး စီမံချက်များဖြစ်သော တီဘီ၊ ခုခံအားကျဆင်းမှုကူးစက်ရောဂါ၊ ငှက်ဖျားရောဂါနှိမ်နင်းရေးလုပ်ငန်းများကို မြန်မာနိုင်ငံဆရာဝန်အသင်းမှ ဆရာဝန်များနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံတစ်နိုင်ငံ ဆေးပညာလောကတိုးတက်မှုသည် ရန်ကုန်မြို့၌ရှိသော ဆရာဝန်များ တော်ရုံနှင့်မရဘဲ ကျေးလက်ဒေသ၌နေထိုင်သော ဆရာဝန်များပါ တော်လာပါမှ ဆေးလောက အမှန်တိုးတက်မှုဟု ယုံကြည်ကြောင်း၊ ဆေးပညာနှီးနှောဖလှယ်ပွဲများ ကျင်းပ၍ အချိန်နှင့်အမျှ တိုးတက်နေသောဆေးပညာရပ်များကို အမီလိုက်နိုင်စေရေး လုပ်ဆောင်ရန် လိုအပ်ပါကြောင်း။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ အရေးပါသည့်ရည်ရွယ်ချက်တစ်ခုဖြစ်သော လူတိုင်းလက်လှမ်းမီနိုင်သည့် သာတူညီမျှ ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကို ရရှိအောင် ဆောင်ရွက်သည့်နေရာတွင် အစိုးရဝန်ထမ်းဆရာဝန်များသာမက ဝန်ထမ်းမဟုတ်သော GP ဆရာဝန်များကိုလည်း ပါဝင်ပါဟု ဖိတ်ခေါ်ပါကြောင်း ပြောကြားခဲ့သည်။

**(သတင်းစဉ်)**

# ထပ်မံရောက်ရှိလာသော စစ်ဘေးရှောင်ပြည်သူများနေထိုင်ရေးအတွက် အဆောက်အအုံများ လိုအပ်

**မြစ်ကြီးနား ဇန်နဝါရီ ၂၂**

အစိုးရ၏ ထိန်းချုပ်နယ်မြေအတွင်း မရှိသော စစ်ဘေးရှောင်စခန်းများမှ ဝိုင်းမော်မြို့နယ် စစ်ဘေးရှောင်စခန်းများသို့ ထပ်မံရောက်ရှိလာသော စစ်ဘေးရှောင်ပြည်သူများနေထိုင်ရန် အဆောက်အအုံများ လိုအပ်လျက်ရှိနေကြောင်း သိရသည်။




“ မိုင်းနား KBC စစ်ဘေးရှောင်စခန်းကိုရောက်လာတာ ငါးရက်လောက်ပဲ ရှိသေးတယ်၊ နေထိုင်ဖို့ အဆောက်အအုံမရှိတော့ ဆွေမျိုးသားချင်းအိမ်မှာ ကပ်နေရတယ်။ မိသားစုကများတော့ အခက်အခဲဖြစ်တယ်” ဟု မုန်ဂါဇွပ် စစ်ဘေးရှောင်စခန်းမှ ပြောင်းရွှေ့လာသူ ဒေါ်ရွှယ်ဒင်က ပြောကြားသည်။

“ စားဖို့ သောက်ဖို့အတွက်ကတော့ ဒီစခန်းကနေပြီး ချက်ကျွေးနေတယ်။ ထွက်လာတော့ အဝတ်အစားပဲပါတယ်။ ချက်ပြုတ်စားသောက်ဖို့အတွက် ဘာမှ ပါမလာဘူး။ ကျန်းမာရေးအတွက် အခု အခက်အခဲမရှိပေမယ့် စားသောက်ဖို့အတွက် အခက်အခဲရှိနေတယ်” လို့ ၎င်းက ပြောကြားသည်။

ဝိုင်းမော်မြို့နယ်အတွင်းရှိ KBC ယာယီခိုလှုံရေးစခန်း၊ သဂရ၊ သရက်တော၊ သာဂရလီဆူ၊ စိန့်ဂျိုးဇတ်၊ မဒိန် ယာယီခိုလှုံရေးစခန်းများသို့ ဇန်နဝါရီလ တတိယပတ်အတွင်းမှစပြီး စစ်ဘေးရှောင်အိမ်ထောင်စု ၆၀ ခန့် လူဦးရေ ၂၈၀ ခန့် ထပ်မံရောက်ရှိလာခဲ့ကြောင်း သိရသည်။

“ဒီယာယီခိုလှုံရေးစခန်းကို စဖွင့်တာ ၂၀၁၂ ကပါ၊ လက်ရှိ ဒီစခန်းမှာ အိမ်ထောင်စု ၄၁၀၊ လူဦးရေအားဖြင့် ၂၁၃၀ ကျော်ရှိတယ်။ နောက်ထပ်ရောက်ရှိလာတဲ့ စစ်ဘေးရှောင်ပြည်သူတွေနေဖို့ အဆောက်အအုံမရှိတော့ဘူး” လို့ မိုင်းနားကျေးရွာ KBC ယာယီခိုလှုံရေးစခန်း ဒုတာဝန်ခံ ဦးအောင်လာက ပြောကြားသည်။

“ ထပ်ရောက်လာတဲ့ မိသားစုတွေကို သူတို့ရဲ့အသိမိတ်ဆွေ ဆွေမျိုးသားချင်းအိမ်မှာ နေရာချထားပေးတယ်။ တချို့မိသားစုတွေကိုတော့ ယာယီနေထိုင်ဖို့အတွက် တဲဆောက်ထားပေးတယ်။ မြေပြင်မှာဆိုတော့ ကလေးငယ်နဲ့ အသက်အရွယ်ကြီးတဲ့သူတွေအတွက် အဆင်မပြေသလို ကြာလာရင် ကျန်းမာရေးအတွက် ထိခိုက်လာနိုင်တယ်။ ဒါကြောင့် အဆောက်အအုံတွေ ထပ်လိုနေတယ်” လို့ ၎င်းက ပြောကြားသည်။

“ အလားတူ မိုင်းနားကျေးရွာ စိန့်ဂျိုးဇတ် ယာယီခိုလှုံရေးစခန်းသို့လည်း မိုင်အောင်၊ မဂါယန်၊ ဝေကြိုင်၊ ဂျေယန် ယာယီခိုလှုံရေးစခန်းမှ ထပ်မံရောက်ရှိလာသော အိမ်ထောင်စု ၃၃ စု၊ လူဦးရေ ၁၃၀ ကျော်အတွက် နေထိုင်ရန် အဆောက်အအုံများ အခက်အခဲများရှိနေတယ်” ဟု စခန်းကော်မတီဝင် ဒေါ်သင်းသင်းခိုင်က ပြောကြားသည်။

အစိုးရထိန်းချုပ်နယ်မြေမဟုတ်သောဒေသနှင့် အစိုးရထိန်းချုပ်နယ်မြေအတွင်း ယာယီခိုလှုံရေးစခန်း ၉၄ ခုရှိပြီး စစ်ဘေးရှောင်အိမ်ထောင်စု ၈၀၀ ကျော်နှင့် လူဦးရေ ၃၉၀၀၀ ကျော်ရှိကြောင်း ထပ်မံ၍ ဇန်နဝါရီလအတွင်း ဗန်းမော်ဒေသ၌ အိမ်ထောင်စု ၈၀ ကျော်၊ ဝိုင်းမော်ဒေသ ယာယီခိုလှုံရေးစခန်းငါးခု၌ အိမ်ထောင်စု ၆၀ ခန့်၊ မံစီမြို့နယ် ယာယီခိုလှုံရေးစခန်းငါးခု၌ အိမ်ထောင်စု ၁၁၆ စု ထပ်မံရောက်ရှိလာကြောင်း ကချင်ပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီရုံးမှ သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**

## အမေရိကန်၌ လေဆင်နှာမောင်းကြောင့် လေးဦးသေဆုံး

**မစ္စစ္စပီ ဇန်နဝါရီ ၂၂**

အမေရိကန်ပြည်ထောင်စု မစ္စစ္စပီ တောင်ပိုင်းတွင် ဇန်နဝါရီ ၂၁ ရက်က အင်အားပြင်းသည့် လေဆင်နှာမောင်း ဝင်ရောက်တိုက်ခတ်သွားခဲ့ရာ လူလေးဦး သေဆုံးသွားပြီး နေအိမ်များစွာ ပျက်စီးသွားခဲ့သည်။

လေဆင်နှာမောင်းသည် အတိုင်းအတာအားဖြင့် အရှည် ၂၅ မိုင်ကျော်ခန့်ဖြင့် မြို့နယ်လေးခုတို့တွင် ဖြတ်သန်းတိုက်ခတ်သွားခဲ့ပြီး လူလေးဦး သေဆုံးသွားခဲ့ကြောင်း ဒေသသတင်းရင်းမြစ်များက ဖော်ပြခဲ့သည်။ ဝင်ရောက်တိုက်ခတ်ခဲ့သည့် ဖောရက်စ်မြို့နယ်တွင်လည်း လူ ၂၈ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ သို့သော် အသက်အန္တရာယ် ထိခိုက်မှုမရှိနိုင်ဟု အရေးပေါ်သဘာဝဘေး စီမံခန့်ခွဲရေးအေဂျင်စီက ပြောကြားခဲ့သည်။

လေဆင်နှာမောင်း တိုက်ခတ်ပြီးဖြစ်သော်လည်း မိုးကြိုးမုန်တိုင်းများ ဝင်ရောက်နိုင်သေးသည့်အတွက် အာဏာပိုင်များက သတိပေးချက်များ ထုတ်ပြန်ထားသည်။ ပြည်နယ်တောင်ပိုင်းတွင် မုန်တိုင်းကြောင့် လူနေအိမ်များနှင့် စီးပွားရေးလုပ်ငန်း အဆောက်အအုံ ၁၆၀၀၀ ကျော်လျှပ်စစ်ဓာတ်အား ပြတ်တောက်မှု ဖြစ်ပေါ်ခဲ့သည်။ မစ္စစ္စပီ အရှေ့ဘက် အလာဘားမားပြည်နယ်၌လည်း လေဆင်နှာမောင်းဝင်ရောက်ခဲ့ကြောင်း သိရသည်။**(အေပီ)**

# သမ္မတသစ်ထရန့်ကိုဆန့်ကျင်သည့် အမျိုးသမီးများဦးဆောင်သော ဆန္ဒပြစုဝေးမှုများပေါ်ထွက်လာ

**ဝါရှင်တန် ဇန်နဝါရီ ၂၂**

အမေရိကန်၏ သမ္မတအဖြစ် ဒေါ်နယ်ထရန့် တာဝန်ယူဆောင်ရွက်မှု စတင်ပြီးနောက်တစ်ရက်အကြာတွင် အမေရိကန်ရှိ အဓိကမြို့ကြီးများ၏ လမ်းမများပေါ်တွင် ရာထောင်ချီသော အမျိုးသမီးထုကြီးသည် ဒေါ်နယ်ထရန့်ကို ဆန့်ကျင်ဆန္ဒပြမှုများ ပြုလုပ်ခဲ့ကြသည်။ အမျိုးသမီးထုဦးဆောင်သည့် လူအုပ်ကြီးသည် လမ်းမများပေါ်၌ ပြည့်လျှံနေခဲ့ပြီး သမ္မတသစ်အား လှောင်ပြောင်သရော်မှုများ၊ ကဲ့ရဲ့ရှုတ်ချမှုများ ပြုလုပ်ခဲ့ကြသည်။

ဆန္ဒပြမှုကို စီစဉ်သည့် နိုင်ငံရေးတက်ကြွလှုပ်ရှားသူ အမျိုးသမီးများက ၎င်းတို့သည် ဆန္ဒပြသူ ငါးသန်းနီးပါးကို ဆွဲခေါ်နိုင်ခဲ့ကြောင်း ပြောကြားခဲ့သည်။ ဆန္ဒထုတ်ဖော်မှုသည် မက္ကဆီကိုနိုင်ငံသား ရွှေ့ပြောင်းသွားလာသူများအပါအဝင် အစ္စလာမ်ဘာသာဝင်များ၊ ဒုက္ခိတများနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း စောင့်ရှောက်ရေးဆိုင်ရာ တာဝန်ရှိသည့် ပုဂ္ဂိုလ်များအပါအဝင် ကျယ်ပြန့်နက်ရှိုင်းသည့် အုပ်စုများကို ရည်ညွှန်းသည့် ထရန့်၏ဝေဖန်မှတ်ချက်ချမှုများနှင့် ထရန့်၏မူဝါဒရေးရာ ရပ်တည်မှုအပေါ် အကြီးအကျယ် မကျေမချမ်းဖြစ်မှုကို မီးမောင်းထိုးပြ




သကဲ့သို့ ဖြစ်စေခဲ့သည်။

ဆန္ဒပြလူအုပ်သည် “ခေါင်းဆောင်စစ်စစ်ကိုသာ အလိုရှိသည်။ ကြောက်စရာကောင်းသည့် တွစ်တာသမားကို အလိုမရှိ”ဟု ကြွေးကြော်ခဲ့ကြသည်။ အမျိုးသမီးပေါင်းများစွာတို့သည် ဆန္ဒထုတ်ဖော်သည့် လူအုပ်အတွင်းပါဝင်နေချိန်တွင် အမျိုးသမီးအချို့မှာ ကလေးတိုးလို့တွဲလောင်းဖြင့်၊ အချို့မှာခင်ပွန်းနှင့်အတူ လိုက်ပါလာခဲ့ကြသည်။ ဆန္ဒထုတ်ဖော်ရာတွင် ပါဝင်လျက်ရှိသည့် အမျိုးသမီးများ၏ စုဝေးမှုသည် အမေရိကန်သမ္မတအဖြစ် ထရန့် ကျမ်းသစ္စာကျိန်ဆိုမှု ပြုလုပ်သည့်နေ့က သက်သေပြရန် တက်ရောက်လာသည့် လူအုပ်ထက်ပင် များပြားလာနိုင်မည့် အခြေအနေကို တွေ့မြင်ရသည်။

ဆန္ဒပြချီတက်မှုအပေါ် အာဏာပိုင်များထံမှ ထင်မြင်ချက်ပြောဆိုမှုများ ပေါ်ထွက်လာခြင်းမရှိသေးပေ။ သို့သော်လည်း ဆန္ဒပြရန်စုဝေးလျက်ရှိသူအရေအတွက်မှာ နှစ်သိန်းကျော်ရှိနေကြောင်း ဆန္ဒဖော်ထုတ်မှုကို စီစဉ်သူများက ပြောကြားခဲ့သည်။ **(ရိုက်တာ)**

# စီအိုင်အေနှင့် ပြေလည်မှုရရှိရန် ထရန့်ကြိုးပမ်း

**ဝါရှင်တန် ဇန်နဝါရီ ၂၂**

အမေရိကန်၏ သမ္မတသစ် ဒေါ်နယ်ထရန့်သည် စုစည်းညီညွတ်မှုရရှိလိုသည့် သဘောထားကို အထင်အရှားပြသလိုသည့်အနေဖြင့် စီအိုင်အေဌာနချုပ်သို့ အလည်အပတ်သွားရောက်ခဲ့သည်။ ရွေးကောက်ပွဲအတွင်း၌ ရုရှားက ဝင်ရောက်စွက်ဖက်မှုများ ပြုလုပ်ခဲ့သည်ဟူသော စွပ်စွဲချက်များ ပေါ်ပေါက်လာပြီးသည့်နောက်တွင် ထရန့်သည် အထူးသတင်းအဖွဲ့များနှင့် အေးခဲသော ဆက်ဆံရေးတစ်ရပ်သို့ ရောက်ရှိသွားခဲ့ခြင်းဖြစ်သည်။

ထိုသို့သော အခြေအနေမျိုးတွင် ထရန့်အနေဖြင့် စီအိုင်အေဌာနချုပ်သို့ လည်ပတ်မှုသည် ၎င်း၏တာဝန်ယူဆောင်ရွက်ချိန်မှစတင်ကာ မည်သည့်အစိုးရအဖွဲ့ကမှ လုပ်ဆောင်ခဲ့ဖူးခြင်းမရှိသေးသည့် ထရန့်၏ ပထမဆုံးသော အလည်အပတ် သွားရောက်မှုဖြစ်သည်။

တာဝန်ထမ်းဆောင်နေစဉ် အသက်



ခံလိုက်ရပြီး သေဆုံးသွားသော စီအိုင်အေအေးဂျင့်များအား လေးစားသည့်အနေဖြင့် ဂုဏ်ပြုချီးမြှင့်မှုပြုလုပ်နေသည့် နံရံ၏အရှေ့တွင် ထရန့်က စကားပြောကြားခဲ့သည်။

ထရန့်သည် မီဒီယာများနှင့် ၎င်း၏ ပတ်သက်ဆက်ဆံမှုကိုလည်း မိန့်ခွန်းအတွင်း ထည့်သွင်းပြောကြားခဲ့သည်။ **(အန်အိတ်ချ်ကေ)**

## ပါပူဝါနယူးဂီနီ၌ ၇ ဒသမ ၉ အဆင့်ရှိ ငလျင်လှုပ်ပြီးနောက် ဆူနာမီသတိပေးချက်ထုတ်ပြန်

**ဆစ်ဒနီ ဇန်နဝါရီ ၂၂**

ပါပူဝါနယူးဂီနီ၌ တနင်္ဂနွေနေ့က အင်အား ၇ ဒသမ ၉ အဆင့်ရှိသည့် မြေငလျင်တစ်ခု လှုပ်ခတ်သွားခဲ့ပြီးသည့်နောက်တွင် ဟာဝိုင်ယီရှိ ပစိဖိတ်ဆူနာမီသတိပေးစင်တာက ပစိဖိတ်ဒေသတွင် ဆူနာမီဖြစ်ပေါ်နိုင်ကြောင်း သတိပေးချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့သည်။

ပါပူဝါနယူးဂီနီရှိ Bougainville ကျွန်း၏ အနောက်မြောက်ဘက် ၄၁ ကီလိုမီတာအကွာ ပန်ဂူနာ၌ ဒေသစံတော်ချိန် မွန်းလွဲ ၃ နာရီခွဲတွင် မြေအောက်ငလျင်တစ်ခုလှုပ်ခတ်သွားခဲ့ကြောင်း အမေရိကန် ဘူမိဗေဒစူးစမ်းလေ့လာမှုအဖွဲ့က ပြောကြားသည်။ အဆိုပါအဖွဲ့သည် မူလက ငလျင်ပြင်းအားကို အဆင့်ရှစ်သတ်မှတ်ခဲ့သော်လည်း ၇ ဒသမ ၉ ဟု လျှော့ချသတ်မှတ်ခဲ့သည်။

ပါပူဝါနယူးဂီနီကမ်းခြေဒေသများ၊ ဆော်လမွန်ကျွန်း၊ မာရူ၊ ဖွန်ပေ၊ ကော့စ်ရေး၊ ဗနူရာတူ၊ ချူအပ်နှင့် အင်ဒိုနီးရှားတို့တွင် ငလျင်၏နောက်ဆက်တွဲဖြစ်သော အန္တရာယ်ရှိသည့် ဆူနာမီလှိုင်းများ ဖြစ်ပေါ်နိုင်ဖွယ်ရှိကြောင်း ပစိဖိတ်ဆူနာမီသတိပေးစင်တာက ဖော်ပြခဲ့သည်။ ဆော်လမွန်ကျွန်းရှိ ကမ်းရိုးတန်းဒေသအချို့နှင့် ပါပူဝါနယူးဂီနီရှိဒေသအချို့တွင် ဆူနာမီလှိုင်းများသည် ဒသမ ၃ မီတာမှ တစ်မီတာအမြင့်ခန့် ဖြစ်ပေါ်နိုင်ကြောင်း ဆူနာမီသတိပေးချက်ဖော်ပြခဲ့ ကြောင်း သိရသည်။

**(အန်အိတ်ချ်ကေ)**



# ရိုမေးနီးယား၌ နိုက်ကလပ်မီးလောင်မှုဖြစ်ပွား၍ ဒဏ်ရာရရှိသူများပြား

**ဘူခါရက် ဇန်နဝါရီ ၂၂**

ရိုမေးနီးယားနိုင်ငံ မြို့တော်ဘူခါရက်ရှိ နိုက်ကလပ်တစ်ခုတွင် စနေနေ့က မီးအကြီးအကျယ် လောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ လူ ၄၀ ကျော် ထိခိုက်ဒဏ်ရာများရရှိကာ ဆေးရုံသို့ အရေးပေါ်ပို့ဆောင်ခဲ့ရသည်။ ရဲတပ်ဖွဲ့ဝင်များနှင့် အာဏာပိုင်များသည် နိုက်ကလပ်မီးလောင်ရခြင်းအကြောင်းရင်းကို သိရှိနိုင်ရန်အတွက် စုံစမ်းစစ်ဆေးမှုများ အပူတပြင်း လုပ်ဆောင်လျက်ရှိသည်။

မီးခိုးများဖြင့် ဖုံးလွှမ်းပြည့်နှက်နေသည့် အဆိုပါ အဆောက်အအုံပေါ်တွင် အရေးပေါ် ကယ်ဆယ်ရေးအဖွဲ့များက မီးတောက်များကို ငြိမ်းသတ်နိုင်ရန် ကြိုးစားလျက်ရှိသော မြင်ကွင်းကို မှတ်တမ်းတင်ထားသည့် ဗီဒီယိုဖိုင်များတွင် တွေ့မြင်ရသည်။

မီးလောင်မှုဖြစ်ပွားချိန်တွင် အပူချိန်သည် သုညအောက် ၁၀ ဒီဂရီဖာရင်ဟိုက်သာရှိနေသော်လည်း အဆောက်အအုံအတွင်းမှ ကမန်းကတန်း ထွက်ပြေးလာရသည့်အတွက် လူအများစုသည် အနွေးထည်များ ဝတ်ဆင်ထားခြင်းမရှိသည်ကို တွေ့မြင်ခဲ့ရကြောင်း မျက်မြင်သက်သေများက ပြောကြားသည်။

မီးလောင်မှု ဖြစ်ပွားချိန်တွင် နိုက်ကလပ်အတွင်း လူရာပေါင်းများစွာ ရှိနေခဲ့ကြကြောင်း အေပီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ မီးလောင်မှုသည် စီးကရက်မှတစ်ဆင့် လောင်ကျွမ်းခြင်းဖြစ်သည်ဟု အချို့သတင်းရင်းမြစ်များက ဖော်ပြကြသော်လည်း အာဏာပိုင်များက အကြောင်းရင်းကို စုံစမ်းဆဲဖြစ်ကြောင်း သိရသည်။ **(အေပီ)**

# ရသစာပေဆိုတာ လူ့ရဲ့စိတ်နှလုံးငြိမ်းချမ်းမှုနဲ့ ကိုယ်ကျင့်တရားမြင့်မားမှုကို များစွာအထောက်အကူပြု လှုံ့ဆော်မြှင့်တင်ပေး

ရန်ကုန် ဇန်နဝါရီ ၂၂

**ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အမျိုးသားကဇာတ်ရုံ၌ တတိယအကြိမ်မြောက် နိုဘယ်လ် - မြန်မာစာပေပွဲတော် ၂၀၁၇၊ ရသစာပေပွဲတော်ကြီးကို ဖွင့်လှစ်ခဲ့သည်။ ပထမအကြိမ်က စာပေနှင့်ငြိမ်းချမ်းရေး၊ ဒုတိယအကြိမ်က ကလေးစာပေပွဲတော်နှင့် ယနေ့တွင်မူ ရသစာပေဦးတည်ကာ ကျင်းပသွားမည်ဖြစ်ပြီး အဆိုပါပွဲတော်ကြီးကို ဇန်နဝါရီ ၂၂ ရက်၊ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် နံနက်မှ ညနေအထိ ကျင်းပသွားမည်ဖြစ်သည်။ ချစ်၊ ရွှင်၊ သနား၊ တည်ကြည်၊ ကြမ်းကြုတ်၊ စက်ဆုပ်၊ ကြောက်ရွံ့၊ ရဲရင့်၊ အံ့သြ ဆိုသည့် ရသစာပေကိုးပါးကို အဆိုပါ စာပေပွဲတော်နေ့များတွင် စာရေးဆရာကြီး၊ ဆရာမကြီးများက ဖန်တီးမှုအမျိုးမျိုးကိုပုံဖော်ကာ စာတမ်း၊ စကားဝိုင်းစသည်ဖြင့် ဆွေးနွေးကြမည်ဖြစ်သည်။ ယနေ့ဖွင့်လှစ်သော စာပေပွဲတော်တွင် တက်ရောက်လာသည့် စာရေးဆရာကြီး၊ ဆရာမကြီးများ၊ ပွဲဖြစ်မြောက်ရေးကော်မတီမှ တာဝန်ရှိသူများ၊ စာပေအရောင်းဆိုင်များမှ တာဝန်ရှိသူများနှင့် စာပေဝါသနာရှင် အလွှာပေါင်းစုံကို မြန်မာ့အလင်းသတင်းအဖွဲ့အနေဖြင့် သွားရောက်တွေ့ဆုံမေးမြန်းခဲ့မှုများကို ရေးသားဖော်ပြလိုက်ပါသည်။**


ချစ်ဦးညို


ဦးမော်လင်း

**ချစ်ဦးညို(စာရေးဆရာ)**

ဒီနေ့တတိယအကြိမ် ကျင်းပတဲ့ နိုဘယ်လ် - မြန်မာ စာပေပွဲတော်ကို စာဖတ်သူတစ်ယောက်အနေနဲ့ လာတက်တာဖြစ်ပါတယ်။ ကိုယ်ကိုယ်တိုင်လည်း စာဖတ်သူ၊ စာဖတ်ရင်းနဲ့ စာရေးဆရာဖြစ်လာတာပါ။ ဒီမှာကိုယ်ဖတ်ခဲ့တဲ့ စာတွေကို ရေးခဲ့တဲ့စာရေးဆရာကြီး၊ ဆရာမကြီးတွေကို ဂါရဝပြုတယ်ဆိုတဲ့အနေနဲ့ လာခဲ့တာပါ။ ဒီမှာ မမြင်ဖူး၊ မတွေ့ဖူးတဲ့ စာအုပ်တွေလည်းရှိမယ် အဲဒီအတွက်လည်း လာပြီးလေ့လာတာပါ။ ဒီပွဲဖြစ်တာ အတိုင်းမသိဝမ်းသာတယ်။ လုပ်တာနောက်တောင်ကျသေးတယ်လို့ စိတ်ထဲထင်မိတယ်။ ဘာဖြစ်လို့လဲဆိုတော့ စောစောကလည်း သမ္မတကြီး ဦးထင်ကျော်ပြောသွားတဲ့ထဲမှာ ပါတယ်။ စိတ်ကောင်းရှိမှ စာကောင်းရေးလို့ရတယ်။ အဲဒီတော့ ရသစာပေကောင်းတွေ များများထွက်လေလေ ဖတ်ရတဲ့ပြည်သူတွေကြားမှာ စိတ်ကောင်းဝင်လေလေ နိုင်ငံသူ၊ နိုင်ငံသားကောင်းတွေ ပိုမိုပေါ်ထွန်းလာမယ်။ စာပေထဲမှာ သုတဆိုတာကတော့ ဦးနှောက်ဖွံ့ဖြိုးစေတဲ့စာပေ၊ ရသဆိုတာကတော့ နှလုံးသားကို ဖွံ့ဖြိုးတိုးတက်စေတဲ့စာပေ။ ရသစာပေဆိုတာ လူ့ရဲ့စိတ်နှလုံးငြိမ်းချမ်းမှုနဲ့ ကိုယ်ကျင့်တရားမြင့်မားမှုကို များစွာအထောက်အကူ လှုံ့ဆော်မြှင့်တင်ပေးတဲ့ စာပေဖြစ်တယ်။ ဒီပွဲတော်ကိုလာရတာ ကစားစရာတွေအများကြီး၊ မုန့်တွေအများကြီးရလိုက်တဲ့ ကလေးတစ်ယောက်လိုပဲ စိတ်ထဲမှာ ကြည်နူးမိတယ်။ အခုလို စာပေပွဲတော်တွေများများလုပ်ပေးနိုင်ရင် လူငယ်တွေ စာဖတ်အားနည်းတယ်ဆိုတဲ့ စကားလုံးပျောက်သွားလိမ့်မယ်။ တကယ်တော့ စာဖတ်အားမနည်းကြပါဘူး။ ဒီပွဲက စာဖတ်သူတွေ၊ စာရေးသူတွေ၊ ရောင်းတဲ့သူတွေ၊ ထုတ်ဝေဖြန့်ချိသူတွေ အားလုံးအတွက် အများကြီး အကျိုးရှိပါတယ်။ စဉ်းစားတွေးခေါ်မှုအားတွေ ပိုများလာမယ်။ စာနာမှုတရား၊ ကရုဏာတရားတွေ ပိုများလာမယ်။ အဲဒါဆို လူ့အဖွဲ့အစည်းက အင်မတန်ကို ချစ်စရာကောင်းတဲ့၊ ငြိမ်းချမ်းတဲ့၊ ပျော်ရွှင်စရာကောင်းတဲ့ လူ့အဖွဲ့အစည်းကြီးဖြစ်လာမှာပါ။

**ဦးမော်လင်း**
**(နိုဘယ်လ်-မြန်မာ စာပေပွဲတော် ကျင်းပရေးကော်မတီဥက္ကဋ္ဌ)**

ဒီပွဲကို အဓိက ကျင်းပရတဲ့ရည်ရွယ်ချက်က စာပေဖွံ့ဖြိုးတိုးတက်မှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မယ်လို့ ယုံကြည်ချက်နဲ့ လုပ်တာဖြစ်ပါတယ်။ တိုင်းပြည်တစ်ပြည်မှာ စာအုပ်စာပေဖွံ့ဖြိုးတိုးတက်ဖို့ဆိုတာ အရေးကြီးပါတယ်။ အဲဒီလို ဖွံ့ဖြိုးတိုးတက်ဖို့ကို တတ်နိုင်တဲ့ဘက်က တတ်နိုင်သလောက် ပါဝင်လုပ်ဆောင်ပေးတာဖြစ်ပါတယ်။ စာပေဖွံ့ဖြိုးတိုးတက်တာက တိုင်းပြည်ဖွံ့ဖြိုး တိုးတက်တာနဲ့ ဆက်စပ်နေတယ်လို့ ယုံကြည်တယ်။ စာအုပ်စာပေနဲ့ ပတ်သက်ပြီးတော့ စိတ်ဝင်စားတဲ့သူတွေ၊ မြတ်နိုးတဲ့သူတွေ၊ ယုံကြည်တဲ့သူတွေ စုပြီးတော့ ဒီပွဲကိုလုပ်ကြတာ။ အခုကျင်းပတဲ့ နိုဘယ်လ် -မြန်မာ စာပေပွဲတော်က စာပေဖွံ့ဖြိုးတိုးတက်ဖို့အတွက် တစ်ထောင့်တစ်နေရာက ဖြစ်မယ်လို့ ယုံကြည်တယ်။ အခုဆို ပြည်သူလူထုက အများကြီး လာအားပေးတာတွေ့ရတယ်။ အခုလို အားပေးတယ်ဆိုတာ ဒီပွဲအကြောင်း ပြည်သူတွေ တော်တော်လေး သိနေလို့ပါ။ ပြည်သူလူထုကလည်း အခုဆို တော်တော်လေး ပါဝင်လာပြီဆိုတော့ တစ်နှစ်ထက်တစ်နှစ် ပိုမိုစည်ကားလာတယ်။ အခုလို တစ်နှစ်ထက် တစ်နှစ် ပြည်သူစိတ်ဝင်စားမှုရှိလာတာက အောင်မြင်မှုကို ဖော်ပြနေတာပါပဲ။

**ဦးကြည်ဝင်း**
**( နိုဘယ်လ်- မြန်မာ စာပေပွဲတော် ကော်မတီအတွင်းရေးမှူး)**

ရသစာပေဆိုတာကတော့ လူတွေရဲ့ အတွေးအခေါ် အဆုံးအဖြတ်မှာ အဓိကကျတဲ့ပံ့ပိုးမှုပါ။ ရသစာပေအပေါ် ဖတ်ရှုထားတဲ့ အခံစိတ်နဲ့ပဲ လူတွေအချင်းချင်း အကဲဖြတ်မှု၊ စဉ်းစားတွေးခေါ်မှု၊ မှုတခြင်း၊ မမှုတခြင်းက လောကမှာ အဓမ္မနဲ့ ဓမ္မကို ခွဲခြားနိုင်မှုက ရသစာပေပေါ်မှာ မူတည်ပါတယ်။ ယနေ့ခေတ် စာပေနယ်ပယ်အသီးသီး၊ တခြားမီဒီယာ(အွန်လိုင်း)တွေရဲ့ လွှမ်းမိုးမှုကြောင့် စာဖတ်တဲ့သူဟာ ကျဆင်းနေပါတယ်။ ဒါပေမယ့်လည်း စာပေနဲ့၊ စာဖတ်သူနဲ့၊ စာအုပ်နဲ့ တိုက်ရိုက်ထိတွေ့နိုင်တဲ့ အခွင့်အရေးက ရန်ကုန်နဲ့ မန္တလေးလို မြို့ကြီးတွေက လွဲရင် နည်းပါတယ်။ အဲဒီအတွက်လည်း စာဖတ်ပရိသတ်ဟာ စာဖတ်ချင်ပေမယ့် စာအုပ်မဝယ်နိုင်၊ မဆုံစည်းနိုင်တဲ့ အခွင့်အရေးတွေနဲ့ ကြုံနေရတာဖြစ်တယ်။ အဲဒါကြောင့် အခုဆိုရင် အဲဒီလို မကြုံရအောင် စာအုပ်ဈေးပွဲတော်တွေကို တိုင်းဒေသကြီးမြို့တွေနဲ့ ခရိုင်မြို့တွေမှာ သက်ဆိုင်ရာအဖွဲ့အစည်းတွေက လုပ်နေကြပါတယ်။ အဲဒီလို ထိတွေ့မှုအားများရင် ပြည်သူတွေ စာဖတ်အားတက်လာမယ်။ ဆရာတို့ငယ်ငယ်ကဆိုရင် ရန်ကုန်မြို့ပတ်ဘူတာရုံတိုင်းမှာ စာအုပ်ဆိုင်ရှိတယ်။ အခု မရှိတော့ဘူး။ အဲဒီတော့ အခြေခံလူတန်းစားနဲ့ စာပေနဲ့ ထိတွေ့မှုက နည်းနည်းကွာဟလာတယ်။ ပို့ဆောင်ရေး စရိတ်ကြီးမားတဲ့အတွက် စာအုပ်စာပေတွေ နယ်မရောက်ဘူး။ ဒီလို အားနည်းတဲ့အချက်တွေကို သက်ဆိုင်ရာနဲ့ ဌာနဆိုင်ရာတွေက ပံ့ပိုးပေးရင် အများကြီး ဖွံ့ဖြိုးလာမှာပါ။ နောက်ဆိုရင်တော့ အခုလို နိုဘယ်လ်-မြန်မာ ရသစာပေပွဲတွေလို ဘာသာပြန်စာပေ၊ အတ္ထုပ္ပတ္တိစာပေတို့ကိုလည်း ပြည်သူတွေအတွက် ဆက်လုပ်ပေးဖို့ ရည်ရွယ်ထားပါတယ်။

**ဦးတင်မောင်အေး**
**(သတင်းမီဒီယာကောင်စီအဖွဲ့ဝင်)**

ကျွန်တော်တို့ဆီမှာ အခုဆိုသုံးကြိမ်မြောက် ကျင်းပတာဆိုတော့ တစ်ကြိမ်ထက် တစ်ကြိမ်တိုးတက်လာတာကို တွေ့ရတယ်။ ဆရာက စကျင်းပတဲ့အကြိမ်ကတည်းက ရောက်ဖြစ်ခဲ့တယ်။ အခု တတိယအကြိမ်မြောက် ကျင်းပတဲ့ပွဲမှာကတော့ သမ္မတကိုယ်တိုင်လည်း လာတော့ ထူးခြားတယ်လို့ပြောရမှာပါ။ လွှတ်တော်ဥက္ကဋ္ဌတွေလည်း လာတော့ ပိုမြင့်သွားတာပေါ့။ အစကတည်းက ဒီလိုအားပေးရမှာ။ ရသစာပေကတော့ ဆရာကြီးတွေ ပြောသွားသလိုပဲ ဒီဘဝမှာ တွေ့ကြုံနေရတဲ့ အဖြစ်အပျက်တွေ အားလုံးကို ပေါ်လွင်အောင် ဖော်ပြထားတာပါ။ ရသစာပေကို ပြည်သူတွေ ဖတ်ပြီး နားလည်ခြင်းအားဖြင့် လူ့ဘဝမှာ ကြုံတွေ့ရတဲ့ အဖြစ်အပျက်တွေ အားလုံးကို ကောင်းကောင်းမွန်မွန် သဘောပေါက်ပြီး ဝေဖန်နိုင်မယ်၊ ချင့်ချိန်နိုင်မယ်၊ အဲဒီလိုအကျိုးကျေးဇူးတွေ ရရှိလာမယ်။ စာပေဆိုတာ ရသမှမဟုတ်ဘူး၊ အားလုံးဖတ်သင့်တယ်။ ဆရာတို့ငယ်ငယ်တုန်းက ရသရယ်လို့တော့ ထူးထူးခြားခြားရွေးပြီးတော့ မဖတ်ခဲ့ဘူး။ တွေ့သမျှစာ အကုန်ဖတ်တယ်။ ကိုယ့်အတွက် အသိပညာတိုးစေမယ့် စာအုပ်အားလုံးကို ကြိုက်ခဲ့တာ။ အခုဆို တိမ်မြုပ်နေတဲ့ စာပေတွေ ပြန်ပေါ်လာတော့ဝမ်းသာပါတယ်။ မြန်မာဝတ္ထုအုပ်တစ်ရာ ပြန်ရိုက်တယ်ဆိုတာ ထူးခြားတယ်။ အရင်က စာအုပ်တွေကို ဝယ်ချင်လို့ ဝယ်လို့မလွယ်ဘူး။ အခုလို ပွဲတော်လုပ်ပေးလိုက်တော့ စာပေဖတ် ဝါသနာရှင် ပြည်သူတွေအတွက် အတော်လေးကို အဆင်ပြေသွားတယ်။

**ကိုစံလင်း(စာပေလောက မန်နေဂျာ)**

အခုလိုပွဲတွေလုပ်တော့ ဝယ်ယူမှုကတော့ တိုးလာပါတယ်။ အရင်ကဆို အခုလို စာပေပွဲတော် တစ်ပွဲ တစ်ပွဲက လုပ်ဖြစ်ခဲ့တယ်။ ပြည်သူတွေ ပိုသိလာတယ်။ တချို့ကျတော့ စာအုပ်ဖတ်ချင်တယ်။ စာအုပ်ဆိုင်ကို ဘယ်လိုသွားရမှန်း မသိဘူး။ အခုလို ပွဲမျိုးမှာတော့ စာအုပ်က မျိုးစုံရောင်းရပါတယ်။ ရသရော၊ သုတရော အားလုံးပါပဲ။ အခုနောက်ပိုင်း ပြည်သူတွေက အရင်ကလို တစ်လိုင်းကောင်းတွေ မရှိတော့ဘဲ လိုင်းစုံ အကုန်ဖတ်လာကြတယ်။ အခုဒီပွဲဆိုရင် စာတမ်းဖတ်ပွဲတွေရော၊ ရသစာဖတ်ဝိုင်းတွေရော၊ ကဗျာရွတ်ပြိုင်ပွဲတွေရော၊ ကာတွန်းက အစ အစုံလုပ်ပေးထားတော့ နောက်ပိုင်း အခုလိုပွဲတွေစိပ်လာရင် စာပေဝါသနာပါတဲ့ပြည်သူတွေအနေနဲ့ အဆင်ပြေလာမှာပါ။ အခုလို စုံလင်အောင်ထည့်ထားတာကလည်း ဗဟုသုတစုံလင်အောင်ပါ။ ဒါမျိုးကလည်း မလုပ်တာကြာပြီ။ အရင်က စာပေလောကဈေးရောင်းပွဲလုပ်ရင်တော့ အခုလို လွတ်လွတ်လပ်လပ်လုပ်ခွင့်မရဘူး။ ပြည်သူတွေကို စာဖတ်စေချင်တယ်။ စာဖတ်မှ တစ်ဦးချင်း တစ်ယောက်ချင်းက အသိဉာဏ်ဖွံ့ဖြိုးတိုးတက်ပြီး တိုင်းပြည်အနာဂတ် ပိုမိုလှပမှာဖြစ်ပါတယ်။ နိုင်ငံ့ခေါင်းဆောင်တိုင်းက ပြည်သူတွေကို စာပေနဲ့ပတ်သက်လို့ အားပေးကြတယ်။ အခုလို စာပေပွဲတော်မှာ စာအုပ်တိုက်တိုင်းက ဈေးချပေးပါတယ်။ အခုနောက်ပိုင်း စာပေပွဲတော်တွေလည်းလုပ်တယ်။ ဌာနဆိုင်ရာတွေမှာလည်း စာကြည့်တိုက်အတွက် ဘတ်ဂျက်တွေထုတ်ပေး၊ ကျောင်းတွေမှာလည်း စာကြည့်တိုက်တွေ တိုးချဲ့ဆိုတော့ စာဖတ်တဲ့သူများလာသလို စာအုပ်ရောင်းအားလည်း ကောင်းလာပါတယ်။ အားရစရာကတော့ စနေ၊ တနင်္ဂနွေ သိမ်ဖြူစာအုပ်အရောင်းဆိုင်တန်းက တော်တော်လေးကို စည်လာတယ်။

**မောင်စိန်လွင်(မြန်မာ့အလင်း)၊**
**ဓာတ်ပုံ- မင်းထက်**

# ပြင်ဦးလွင်မြို့ အလှမယ်ရွေးချယ်ပွဲ အခမ်းအနားကျင်းပ

**မန္တလေး ဇန်နဝါရီ ၂၂**

ပြင်ဦးလွင်မြို့၏ Miss Universe Pyin Oo Lwin 2017 အလှမယ် ရွေးချယ်ပွဲကြီးကို ယမန်နေ့ မွန်းလွဲ ၂ နာရီက မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ မြို့တော်ခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ Miss ရွေးချယ်ပွဲတွင် ပြိုင်ပွဲဝင် အလှမယ်လေးများက အစီအစဉ်အလိုက် မြန်မာ့ရိုးရာအက တစ်မျိုးစီဖြင့်လည်းကောင်း၊ လှယဉ်ကျေးမယ် ဝတ်စုံများဖြင့်လည်းကောင်း၊ Swim Suit (ရေကူးဝတ်စုံ)၊ Evening Gown Suit ညနေဝတ်စုံများဖြင့် လည်းကောင်း ယှဉ်ပြိုင်ကြရာ ဒိုင် အဖွဲ့များက အမှတ်ပေးရွေးချယ်ကြ သည်။

ထို့နောက် ( Top Five ) ငါးယောက်ဆန်ခါတင်စာရင်းထဲမှ 2nd Runner Up ဆုကို ခါးနံပါတ် (၇) အလှမယ် မပြည့်ပြည့်ကျော်ဇော(၂၃နှစ်) ကလည်းကောင်း၊ 1st Runner Up ဆုကို ခါးနံပါတ် (၈) အလှမယ် မအိမ်ဂျယ်ကို(၁၈နှစ်) က လည်းကောင်း ရရှိကြပြီး Miss Universe Pyin Oo Lwin 2017 Winner ဆုကို ခါးနံပါတ် (၉) အလှမယ် မထွန်းမြတ်ရွှေရည် (၁၆နှစ်) ပြင်ဦးလွင်မြို့က ရရှိခဲ့သည်။ ယခုဆုရရှိသော အလှမယ်လေးများသည် နိုင်ငံအဆင့်အလှမယ်ရွေးချယ်ပွဲသို့ တက်ရောက် ပြိုင်ပွဲဝင်ရမည်ဖြစ် ကြောင်းနှင့် ပြိုင်ပွဲတွင်ဆုများကို 2nd Runner Up ဆု ငွေကျပ်သုံးသိန်း၊ 1st Runner Up ဆု ငွေကျပ်ငါးသိန်းနှင့် Winner ဆုကို ငွေကျပ် ၁၀ သိန်း ချီးမြှင့်ခဲ့ပြီး အခြား Title ဆုများလည်း ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**









# ကလေးများ လေ့လာဖတ်ရှုနိုင်ရန် စာကြည့်တိုက်ဖွင့်လှစ်ပေးမည်

**မန္တလေး ဇန်နဝါရီ ၂၂**

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၂၆ လမ်းနှင့် ၇၁ လမ်းထောင့်တွင် ဖွင့်လှစ်ထားရှိသည့် မန္တလေးအခြေစိုက် Jaferson Center က ဇန်နဝါရီ ၂၇ ရက်မှ ၂၉ ရက်အထိကျင်းပမည့် ကလေးစာပေပွဲတော်တွင် ကလေးများ လေ့လာဖတ်ရှုနိုင်ရန် စာကြည့်တိုက်ဖွင့်လှစ်၍ ပါဝင်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပွဲတော်တွင် ဖွင့်လှစ်မည့်စာကြည့်တိုက်၌ ကလေးများလေ့လာဖတ်ရှုနိုင်ရန် စာအုပ်စာစောင်များ၊ ကလေးများ အင်္ဂလိပ်စာ စကားလုံးစွမ်းရည်တိုးတက်စေရန် အထောက်အကူပြု အင်္ဂလိပ်စာလုံးပေါင်း၊ စာလုံးဆက် ကစားနည်းများ ထည့်သွင်းထားကြောင်း Jaferson Center မှ စာကြည့်တိုက်မှူး ဒေါ်ဂရေ့စ်သိန်းသိန်းထိုက်က ပြောကြားသည်။

**မင်းထက်အောင် ( မန်းကိုယ်ပွား )**

# အာရှပစိဖိတ် အင်ဂျင်နီယာအဖွဲ့ချုပ်နှင့် အာဆီယံ အင်ဂျင်နီယာအဖွဲ့ချုပ်တို့က ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်အား ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်များ ချီးမြှင့်

**နေပြည်တော် ဇန်နဝါရီ ၂၂**

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းနာယက ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်အား အာရှပစိဖိတ် အင်ဂျင်နီယာအဖွဲ့ချုပ်နှင့် အာဆီယံအင်ဂျင်နီယာအဖွဲ့ချုပ်တို့က ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်များ ချီးမြှင့်ခြင်းနှင့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ရန်ကုန်မြို့ နိုဗိုတယ်ဟိုတယ်၌ ဇန်နဝါရီ ၂၁ ရက် ညနေပိုင်းက ကျင်းပရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့်ဇနီးတို့ တက်ရောက်သည်။

အခမ်းအနားသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ၊ အာရှပစိဖိတ်အင်ဂျင်နီယာအဖွဲ့ချုပ်နှင့် အာဆီယံအင်ဂျင်နီယာအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ နာယကများ၊ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း ဗဟိုအလုပ်အမှုဆောင်များနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

အစီအစဉ်အရ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းဥက္ကဋ္ဌကိုယ်စား ဒုတိယဥက္ကဋ္ဌ ဦးလင်းက နှုတ်ခွန်းဆက်စကား ပြောကြားသည်။ ဆက်လက်၍ AFEO ကိုယ်စားလှယ် Chair of Foreign Affairs Committee of EIT Dr.Panich Voottipruex က Award Citation ကို ဖတ်ကြားသည်။

**လက်ခံရယူ**

ထို့နောက် FEIAP ကိုယ်စားလှယ် Dr. Gue See Saw က အာရှပစိဖိတ် အင်ဂျင်နီယာအဖွဲ့ချုပ်က ချီးမြှင့်သည့် Oustanding Engineer of the Year 2016 Award ကိုလည်းကောင်း၊ AFEO ကိုယ်စားလှယ် President Electlr.David Lai က အာဆီယံ အဖွဲ့ချုပ်က ချီးမြှင့်သည့် AFEO Distinguished Honorary Fellow 2016 Award ကိုလည်းကောင်း ပေးအပ်ချီးမြှင့်ရာ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းနာယက ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က လက်ခံရယူသည်။

ယခု ချီးမြှင့်ခဲ့သော ဆုတံဆိပ်များအနက် အာရှပစိဖိတ်အင်ဂျင်နီယာအဖွဲ့ချုပ်က ချီးမြှင့်ပေးသော Oustanding Engineer of the Year 2016 Award သည် မြန်မာနိုင်ငံတွင် ပထမဦးဆုံးအကြိမ် ချီးမြှင့်ခြင်းခံရသော ဆုတံဆိပ်ဖြစ်ပြီး အင်ဂျင်နီယာအသက်မွေးဝမ်းကျောင်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် တစိုက်မတ်မတ် ဆောင်ရွက်ခဲ့မှုများကို အသိအမှတ်ပြုခံရခြင်းအတွက် ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# တတိယမြောက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဦးသန့်၏ ၁၀၈ နှစ်ပြည့် နှစ်ပတ်လည်အခမ်းအနားကျင်းပ



**ရန်ကုန် ဇန်နဝါရီ ၂၂**

တတိယမြောက်ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဦးသန့်၏ ၁၀၈ နှစ် ပြည့် နှစ်ပတ်လည်အခမ်းအနားကို ယနေ့ညနေ ၄ နာရီက ရန်ကုန်မြို့ ပန်းဝါလမ်း အမှတ် ၃၁ ရှိ ဦးသန့်၏ နေအိမ်ဝင်းအတွင်း ကျင်းပသည်။

အခမ်းအနားတွင် မစ္စဆိုဖီယာဘုရှ်ချ်က ဦးသန့်နေအိမ်အကြောင်းနှင့် အနာဂတ်စီမံကိန်းများအကြောင်း၊ ဦးသန့်၏မြေးဖြစ်သူ ဒေါက်တာသန့်မြင့်ဦးက အဘိုးဖြစ်သူ ဦးသန့်၏ဘဝနှင့် ၎င်းချန်ရစ်ထားခဲ့သည့် အမွေအနှစ်များအကြောင်း၊ မဟတ္တမဂန္ဒီ၏ မြေးဖြစ်သူ ယခင်အနောက် ဘင်္ဂလားပြည်နယ် အုပ်ချုပ်ရေးမှူး မစ္စတာဂိုပယ်ဂန္ဒီက လူတို့၏ စိတ်ဝိညာဉ်အမည်ဖြင့် လူတို့၏ပြင်းပြသောဆန္ဒနှင့် နိုင်ငံရေးဆိုင်ရာ ခေါင်းဆောင်မှုများအကြောင်း အသီးသီးပြောကြားသည်။

“ဦးသန့်က မဟတ္တမဂန္ဒီကို အထူးလေးစားသူတစ်ယောက်ဖြစ်တယ်။ မစ္စတာဂိုပယ်ဂန္ဒီရဲ့ဟောပြောချက်က စိတ်ဝင်စားဖွယ်တက်ကြွလှုပ်ရှားစေတယ်။ ဒီအထိမ်းအမှတ်ပွဲမှာ သူတက်ရောက်ခဲ့တာ ဦးသန့်ရဲ့အောက်မေ့ဖွယ်အထိမ်းအမှတ်အတွက် သင့်တော်တဲ့ ချီးကျူးဂုဏ်ပြုမှုတစ်ခုပါ”ဟု ဒေါက်တာသန့်မြင့်ဦးက ပြောသည်။

တတိယမြောက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဦးသန့်၏ ၁၀၈ နှစ် ပြည့် နှစ်ပတ်လည်အခမ်းအနားတွင် ဆုရသတင်းထောက် အလစ်စတာကွတ်ခ်နှင့် ဦးသန့်တို့၏ ၁၉၆၄ ခုနှစ်က ရုပ်မြင်သံကြားတွေ့ဆုံမေးမြန်းခန်းကို ဗီဒီယိုဖြင့်ပြသပြီး ဦးသန့်နေအိမ်ခြံဝင်းအတွင်း ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ဒေါက်တာသန့်မြင့်ဦး၊ မစ္စတာဂိုပယ်ဂန္ဒီတို့က အမှတ်တရ သစ်ပင်ကိုစိုက်ကြသည်။

အခမ်းအနားသို့ တက်ရောက်လာသည့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က “လူ့ဘဝကိုရလာတဲ့အချိန်လေးမှာ ကိုယ်ထမ်းဆောင်နိုင်တဲ့ တာဝန်ဘယ်လောက်ထမ်းဆောင်သလဲဆိုတဲ့အထဲမှာ မြန်မာနိုင်ငံက စံနမူနာပြုရလောက်အောင် ဂုဏ်ယူထိုက်တဲ့ တကယ့်ကို ငြိမ်းချမ်းရေးနဲ့အမှန်တရားနဲ့ ပတ်သက်ပြီး စွမ်းစွမ်းတမံစွမ်းဆောင်ခဲ့တဲ့ မြန်မာနိုင်ငံရဲ့ကြီးမားတဲ့ ဂုဏ်ပုဒ်တွေရှိတဲ့ လူသားတစ်ယောက်ရဲ့ မွေးနေ့ပွဲတစ်ခုကိုလာပြီး ဂုဏ်ပြုတဲ့သဘောပါ”ဟု ပြောသည်။

ထို့အတူ ရန်ကုန်တက္ကသိုလ်နိုင်ငံတကာဆက်ဆံရေးပညာမှ ပထမနှစ်ကျောင်းသူ မပန်ဆုသော်က “ဦးသန့်ကို ပြန်အမှတ်ရမိတယ်။ ဒီလိုနေ့ ဒီလိုအခမ်းနားမျိုးကို လာရတဲ့အတွက် ကြိုးစားချင်စိတ်တွေ ဖြစ်လာခဲ့တယ်။ ဦးသန့်လို မြန်မာနိုင်ငံသားတစ်ယောက်အနေနဲ့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ရာထူးတာဝန်ထမ်းဆောင်ခဲ့တဲ့အတွက် မြန်မာနိုင်ငံသားတစ်ယောက်အနေနဲ့လည်း ဂုဏ်ယူမိတယ်”ဟု ပြောသည်။

အခမ်းအနားသို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယက သူရဦးတင်ဦး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့်ဇနီး၊ အစိုးရအဖွဲ့ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ တက္ကသိုလ်ကျောင်းသားကျောင်းသူများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များတက်ရောက်ကြသည်။

**သတင်း-မင်းသစ်(သတင်းစဉ်)၊ ဓာတ်ပုံ-ရဲထွန်း**

## ရေမြေအဆုံးနေရာထိတိုင်အောင် အနုပညာပြပွဲဆက်လက်ပြသ

**ရန်ကုန် ဇန်နဝါရီ ၂၂**

“ရေမြေအဆုံးနေရာထိတိုင်အောင်”ခေါင်းစဉ်ဖြင့် ခင်းကျင်းပြသသည့် အနုပညာပြပွဲကို ယနေ့ နံနက် ၁၀ နာရီမှစတင်ကာ ရန်ကုန်မြို့ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်း ဝန်ကြီးများရုံး(ယခင်အတွင်းဝန်များရုံး)၌ ကိုးရက်မြောက်နေ့အဖြစ် ညနေ ၄နာရီခွဲအထိ ခင်းကျင်းပြသရာ အနုပညာချစ်မြတ်နိုးသူပြည်သူများ၊ ကျောင်းသားကျောင်းသူများ၊ နိုင်ငံခြားသား ခရီးသွားဧည့်သည်များ စုစုပေါင်း ၁၅၅၁ ဦး လာရောက်ကြည့်ရှုအားပေးကြသည်။

ပြပွဲတွင် ဂျာမန်အနုပညာရှင် Wolfgang Laib ကိုယ်တိုင်ပန်းချီအနုပညာနှင့် ပန်းပုအနုပညာတို့ ပေါင်းစပ်တီထွင်သရုပ်ဖော်ထားသည့် အနုပညာပြကွက်များကို ခင်းကျင်းပြသထားသည်။ ယင်းပြပွဲကို ဖေဖော်ဝါရီ ၄ ရက်ထိ အဆိုပါနေရာ၌ နေ့စဉ်နံနက် ၁၀ နာရီမှ ညနေ ၄ နာရီခွဲအထိ အနုပညာချစ်မြတ်နိုးသူအများပြည်သူတို့အား အခမဲ့ပြသသွားမည်ဖြစ်ကြောင်းနှင့် ဝန်ကြီးများရုံး(တောင်ဘက်ခြမ်းဝင်ပေါက်)မှ တစ်ဆင့် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

**ကိုချစ်**

○ *ကျောဖုံးမှ*

အောင်ငိုမ်းသည် ၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲအပြီးတွင် ကစားသမားဘဝမှအနားယူခဲ့ပြီး နည်းပြအဖြစ် ဆောင်ရွက်ခဲ့သော် လည်း လာမည့် (၂၉) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာ မြားပစ်အဖွဲ့ အောင်မြင်မှုရရှိရန် ရည်ရွယ်၍ ပြန်လည်ကစားနေ ခြင်းဖြစ်သည်။ အောင်ငိုမ်းသည် အမျိုးသမီး Compound တစ်ဦးချင်းရှုံးထွက်ပြိုင်ပွဲတွင်လည်း ငွေတံဆိပ်ရယူနိုင်ခဲ့ပြီး ဗိုလ်လုပွဲတွင် ဗီယက်နမ်ကစားသမားကို (၁၃၈-၁၃၅) မှတ်ဖြင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ မြန်မာမြားပစ်အဖွဲ့အတွက် ငွေတံဆိပ်ဆုကို ရဲမင်းဆွေက အမျိုးသား Compound Ranking Round ပြိုင်ပွဲတွင် ရယူနိုင်ခဲ့သည်။ ကြေးတံဆိပ်သုံးခုကိုမူ ယောစိမ်းယ က အမျိုးသမီး Compound Ranking Round ပြိုင်ပွဲတွင် တစ်ခု၊ အမျိုးသမီး Compound တစ်ဦးချင်းရှုံးထွက်ပြိုင်ပွဲတွင် တစ်ခုနှင့် နေလင်းဦးက အမျိုးသား Recurve တစ်ဦးချင်း ရှုံးထွက်ပြိုင်ပွဲတွင် တစ်ခုတို့ ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ယင်းပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဖြိုးကိုကိုတင့်ဆန်း၊ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်သည့် ဦးကျော်ဦး (ဒုတိယ အမြဲတမ်းအတွင်းဝန်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)နှင့် ဦးသောင်းထိုက်မင်းနှင့် တာဝန်ရှိသူများ၊ အရှေ့တောင်အာရှ မြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။

ညနေပိုင်းတွင်ကျင်းပသည့် Mix-Team ပြိုင်ပွဲတွင် မြန်မာအသင်းများမှာ ဗိုလ်လုပွဲ တက်ရောက်နိုင်ခဲ့သည်။ Recurve Mix-Team ပြိုင်ပွဲတွင် မြန်မာမှ နေလင်းဦးနှင့် စန်းယုထွေးအတွဲမှာ ကွာတားဖိုင်နယ်အဆင့်မှ စတင်ကစားခဲ့ရပြီး ကွာတားတွင် ဗီယက်နမ်ကို (၆-၂)မှတ်၊ ဆီမီးတွင် မလေးရှား ကို (၆-၀)မှတ်ဖြင့် အနိုင်ရခဲ့ပြီး ဗိုလ်လုပွဲတွင် ဖိလစ်ပိုင်နှင့်ကစားရ မည်ဖြစ်သည်။ Compound Mix-Team ပြိုင်ပွဲတွင် ရဲမင်းဆွေနှင့် အောင်ငိုမ်းအတွဲမှာ ဆီမီးဖိုင်နယ်အဆင့်မှ စတင်ကစားခဲ့ရပြီး စင်ကာပူကို (၁၅၄-၁၅၃) မှတ်ဖြင့် အနိုင်ရကာ ဗိုလ်လုပွဲတက်ခဲ့ပြီး ဖိလစ်ပိုင်နှင့် ကစားရမည်ဖြစ်သည်။ Mix-Team ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် အသင်းလိုက်ပြိုင်ပွဲများကို ဇန်နဝါရီ ၂၃ ရက် **(ယနေ့)**တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

# အာမခံအလုပ်သမားများအတွက် အကျိုးခံစားခွင့်များအား ကျန်ရစ်သူများသို့ပေးအပ်

**နေပြည်တော် ဇန်နဝါရီ ၂၂**

၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေသစ်ကို ၂၀၁၂ ခုနှစ် ဩဂုတ် ၃၁ ရက်က အတည်ပြုထုတ်ပြန်ခဲ့ပြီး ၂၀၁၄ ခုနှစ် ဧပြီ ၁ ရက်တွင် စတင်ကျင့်သုံးခဲ့ရာ ဥပဒေမှာ အာမခံစနစ်ခြောက်မျိုးပါရှိပြီး ပုဒ်မ ၁၀၀ နှင့်အညီ လက်ရှိ အာမခံစနစ်သုံးမျိုးဖြစ်သော ကျန်းမာရေးနှင့်လူမှုရေးစောင့်ရှောက်မှုအာမခံစနစ်၊ မိသားစုထောက်ပံ့မှုစနစ်၊ အလုပ်တွင်ထိခိုက်မှု အကျိုးခံစားခွင့်အာမခံစနစ်တို့ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါအာမခံစနစ်သုံးမျိုးအတွက် အလုပ်ရှင်အနေဖြင့် သုံးရာခိုင်နှုန်း၊ အလုပ်သမားအနေဖြင့် နှစ်ရာခိုင်နှုန်း၊ စုစုပေါင်း ငါးရာခိုင်နှုန်းကို အလုပ်သမားလုပ်ခလစာပေါ်မူတည်ပြီး လစဉ်ပေးသွင်းထားခြင်းဖြင့် မကျန်းမာမှု၊ မီးဖွားမှု၊ သေဆုံးမှု၊ အလုပ်တွင် ထိခိုက်မှုကြောင့် မသန်စွမ်းဖြစ်ခြင်းနှင့် သေဆုံးမှုတို့ဖြစ်ပေါ်သည့်အခါ ဆေးကုသမှုခံစားခွင့်ရှိသည့်အပြင် ငွေကြေးခံစားခွင့် ၁၅ မျိုးကို ရရှိခံစားနိုင်မှာဖြစ်ပြီး လက်ရှိအနေအထားအရ ဥပဒေသစ်ကို အကောင်အထည်ဖော်ချိန်မှစ၍ လက်ရှိ ၃၃ လတာကာလအတွင်း ဥပဒေနှင့်အညီ မှတ်ပုံတင်ထားသော အလုပ်ဌာန ၂၇၃၀၇ ဌာနတွင်ရှိသည့် အလုပ်သမား ၉၆၇၃၉၇ ဦးကို မှတ်ပုံတင်နိုင်ခဲ့ပြီး အဆိုပါအလုပ်သမားများအနက် မကျန်းမာမှု၊ မီးဖွားမှု၊ သေဆုံးမှုနှင့် အလုပ်တွင်ထိခိုက်မှုတို့အတွက် ခွင့်ပြုခဲ့သည့် အကျိုးခံစားခွင့်အမှုတွဲပေါင်း ၃၁၀၆၅၅ မှုရှိကာ အကျိုးခံစားခွင့်ငွေကျပ် သန်းပေါင်း ၁၀၃၄၂ ဒသမ ၆၁၆ သန်းခွင့်ပြုထုတ်ပေးခဲ့ပြီးကြောင်း ယနေ့နံနက် ၁၀ နာရီတွင် ပျဉ်းမနားစုပေါင်းရုံး၌ ကျင်းပပြုလုပ်သည့် ယာဉ်တိုက်မှုကြောင့် သေဆုံးသွားခဲ့ကြသည့် အာမခံအလုပ်သမားများအတွက် အကျိုးခံစားခွင့်များအား ကျန်ရစ်သူမိသားစုများသို့ ပေးအပ်သည့်အခမ်းအနားတွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့ ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်အေးက အမှာစကားထည့်သွင်းပြောကြားခဲ့သည်။

ထို့နောက် ကမ္ဘောဇဘဏ်လီမိတက်၊ နေပြည်တော်ဘဏ်ခွဲ (၂)မှ အာမခံအလုပ်သမား ဦးမျိုးမောင်မောင်သည် ပြီးခဲ့သည့် ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်တွင် သင်တန်းတက်ရောက်ရန်အတွက် ရန်ကုန်သို့ ခရီးထွက်ခဲ့ရာ ယာဉ်တိမ်းမှောက်မှုဖြစ်ပွားခဲ့ပြီး သေဆုံးခဲ့ခြင်းအတွက် နာရေးစရိတ် ကျပ် ၆၁၄၀၀၀ နှင့် အလုပ်တွင် ထိခိုက်မှုကြောင့် သေဆုံးမှုအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ကျပ် ၆၉၀၀၀၀၀ စုစုပေါင်းကျပ် ၇၅၁၄၁၀၀ နှင့် တောင်ဇီလာ ဘိလပ်မြေစက်ရုံမှ အာမခံထားသူ အမျိုးသမီး ဒေါ်ခင်မာဌေး၏ မီးဖွားမှုအတွက် ငွေကြေးအကျိုးခံစားခွင့် ငွေကျပ် ၆၇၂၀၀၀ နှင့် မီးဖွားစရိတ် ကျပ် ၁၅၀၀၀၀ စုစုပေါင်း ၈၂၂၀၀၀ တို့ကို ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေနှင့်အညီ ကျန်ရစ်သူများကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့ ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်အေးနှင့် ပျဉ်းမနားမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုးအောင်တို့က ပေးအပ်ခဲ့သည်။

ထို့နောက် ကျန်ရစ်သူအကျိုးခံစားခွင့် ရရှိသူများကိုယ်စား ပျဉ်းမနားမြို့နယ် သစ်လေးလုံးကျေးရွာမှ ဦးမြင့်ဆွေက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်းသိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

**ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့**

# တောင်တွင်းကြီး၌ လူစီးမီးရထားနှင့် ထော်လာဂျီယာဉ်တိုက်မိ

**တောင်တွင်းကြီး ဇန်နဝါရီ ၂၂**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့၌ ဇန်နဝါရီ ၂၂ ရက် မွန်းလွဲ ၁ နာရီခန့်က လူစီးမီးရထားနှင့် ထော်လာဂျီယာဉ်တိုက်မိခဲ့သည်။

တောင်တွင်းကြီး အုန်းတော(၂) ရပ်ကွက်၊ (၅၅၀)ကွက်သစ်ဘက်မှ ပြည့်စုံအောင် မောင်းနှင်လာသော ထော်လာဂျီသည် ဗိမာန်ဘုန်းကြီးကျောင်းလမ်းအတိုင်း အနောက်မှ အရှေ့သို့ မောင်းနှင်လာပြီး မီးရထားသံလမ်းကူး ဖြတ်ကျော်စဉ် နေပြည်တော်(ပျဉ်းမနား)မှ ပုဂံဘက်သို့ ဦးမြင့်စိုး မောင်းနှင်လာသည့်(၁၀၇) အဆန် RBE အမှတ် ၅၀၁၃ လူစီးမီးရထားတွဲတို့ မီးရထားလမ်းမိုင်တိုင်အမှတ် ၂၉၂ တွင် တိုက်မိခဲ့ရာ ခရီးသွားပြည်သူများနှင့် ယာဉ်မောင်းတို့ ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရသည်။



အခင်းဖြစ်ပွားခဲ့သည့် မီးရထားသံလမ်းနှင့် ယာဉ်သွားလမ်း၊ လူသွားလမ်းတို့ ဆုံရာနေရာ၌ အတားအဆီးအဖြစ် မောင်းတံဂိတ်ထားရှိမှုမရှိဘဲ သတိပေးဆိုင်းဘုတ်သာ ထားရှိခဲ့ခြင်းဖြစ်ပြီး အဆိုပါ သံလမ်းကူးနေရာသည် အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်း (အမှတ် ၃ အထက်တန်းကျောင်းခွဲ)မှ ကျောင်းသား ကျောင်းသူများ၊ အများပြည်သူ နေ့စဉ်ဖြတ်သန်းသွားလာနေသည့် ချုံနွယ်ထူထပ်သော အန္တရာယ်ရှိသည့် သံလမ်းကူးနေရာတစ်ခုဖြစ်ကြောင်း သိရသည်။

**ဗိုလ်ပြည့်(တောင်တွင်းကြီး)**

# မီးအားမြှင့်စက်အပူလွန်ကဲရာမှ မီးလောင်

**မော်လမြိုင် ဇန်နဝါရီ ၂၂**

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် နောင်ခရီကျေးရွာ အောင်မင်္ဂလာ(၁)ရပ်ကွက် (၂)လမ်း အမှတ် (၁၈)နေ အိမ်ရှင် ဦးသော်တာဝင်း (၄၂နှစ်) နေအိမ်မှ မီးအားမြှင့်စက်အပူလွန်ကဲ၍ ဇန်နဝါရီ ၂၁ ရက် မွန်းလွဲ ၁ နာရီ မိနစ် ၂၀ က မီးလောင်မှုဖြစ်ပွားကြောင်း သိရသည်။

မီးလောင်သည့် နေရာသို့ မုပွန် နယ်မြေရဲစခန်းမှ ရဲအုပ်ဝင်းဦးနှင့်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ၊ ပြည်နယ်မီးသတ်ဦးစီးမှူး ဦးသောင်းထိုက်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မီးသတ်ယာဉ် နှစ်စီးတို့ဖြင့် ပြည်သူ ၃၀၀ ခန့်က ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၁ နာရီ မိနစ် ၅၀ တွင် မီးငြိမ်းသွားကြောင်း သိရသည်။

မီးလောင်မှုကြောင့် အလျား ၃၅ ပေ၊ အနံ ၁၅ ပေ၊ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာ နေအိမ်တစ်လုံး မီးလောင်ဆုံးရှုံးသွားပြီး အိမ်ရှင် ဦးသော်တာဝင်းသည် မီးလောင်၍ သေဆုံးသွားကြောင်း သိရသည်။

**တင်ထွန်း(မော်လမြိုင်)**

# နေပြည်တော်စီလမ်းဆုံတွင် ပိတ်ဆို့ရှာဖွေစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၂၂**

နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်ကျော်၊ စီလမ်းဆုံးဂိတ်စစ်ဆေးရေးတာဝန်ခံ ရဲအုပ်မြင့်ကျော်ဦး၊ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ဝေယံအောင်နှင့် နယ်ထိန်းတပ်ဖွဲ့ဝင်များမှ ဇန်နဝါရီ ၁၉ ရက် ည ၉နာရီခွဲက စီလမ်းဆုံ၌ လူစီးမော်တော်ယာဉ်များတွင် တုတ်၊ ဓား၊ လက်နက်၊ မူးယစ်ဆေးဝါးများနှင့် တရားမဝင်ပစ္စည်းများ တင်ဆောင်လာမှု ရှိ/မရှိ ပိတ်ဆို့ရှာဖွေဆောင်ရွက်ကြောင်း သိရသည်။

**ရဲရဲ(ပျဉ်းမနား)**



ပြစ်မှုကျူးလွန်သူ ထွန်းထွန်းထွေးနှင့် ဇော်မင်းဦးတို့အား ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်

# ရှာငံမြို့နယ်တွင် ဘိန်းစိမ်း ၁၇ ဒသမ ၃ ကီလို ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၂၂**

မူးယစ်တပ်ဖွဲ့စု(၂၅)တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၂၀ ရက်က ရှာငံမြို့နယ် ကျောက်ဂူပြင်ကျေးရွာအနီးရှိ ရှာငံ-ဟန်မြင့်မိုရ်-မန္တလေးကားလမ်း မိုင်တိုင်အမှတ်(၃၉/၁)တွင် ထွန်းထွန်းထွေး မောင်းနှင်ပြီး ဇော်မင်းဦး လိုက်ပါလာသည့် ဆိုင်ကယ်ကိုရှာဖွေရာ စုစုပေါင်းဘိန်းစိမ်း ၁၇ ဒသမ ၃ ကီလို သိမ်းဆည်းရမိသဖြင့် ထွန်းထွန်းထွေး(၁၉နှစ်)နှင့် ဇော်မင်းဦး(၂၂နှစ်)တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

# နေအပူရှိန်လွန်ကဲရာမှ တောမီးလောင်မှုဖြစ်ပွား

**မော်လမြိုင် ဇန်နဝါရီ ၂၂**

မွန်ပြည်နယ် မော်လမြိုင်မြို့ဦးစစ်မောင်လမ်းနှင့် လေယာဉ်ကွင်းကြား ဇန်နဝါရီ ၂၂ ရက် မွန်းလွဲ ၁ နာရီ မိနစ် ၅၀ခန့်က နေအပူရှိန်လွန်ကဲရာမှ တောမီးလောင်မှု ဖြစ်ပွားကြောင်း သိရသည်။

မီးလောင်သည့်နေရာသို့ မုပွန်နယ်မြေရဲစခန်းမှ စခန်းမှူး ဦးဝင်းဦးနှင့် တပ်ဖွဲ့ဝင်များ၊ ပြည်နယ်မီးသတ်ဦးစီးမှူး ဦးသောင်းထိုက်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ် ရှစ်စီးဖြင့် မီးငြိမ်းသတ်ခဲ့ကြောင်း သိရသည်။ မီးလောင်မှုကြောင့် လူနှင့် တိရစ္ဆာန်များ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

**တင်ထွန်း(မော်လမြိုင်)**

# ယာဉ်နှစ်စီးတိုက်ရာမှ ၁၈ ဘီးတွဲယာဉ်ပေါ်မှ ပိတောက်တုံးများ ဖမ်းမိ

**မိတ္ထီလာ ဇန်နဝါရီ ၂၂**

မိတ္ထီလာမြို့မြောက်ဘက် ရန်ကုန်-မန္တလေးကားလမ်း မြို့ရှောင်လမ်း မိုင်တိုင်အမှတ်(၁၁/၂)အနီးတွင် ဇန်နဝါရီ ၂၀ ရက် ညနေ ၆ နာရီခွဲက တောင်သာမြို့နယ် ဆီမီးကန်ကျေးရွာနေ ယာဉ်မောင်း ဝင်းဆန်း(၃၈ နှစ်)မန္တလေးမှ ရန်ကုန်ဘက်သို့ မောင်းနှင်လာသည့် 4J/---- Profie ၁၈ ဘီးယာဉ်နှင့် ပြင်ဦးလွင်မြို့နယ် မြိုင်ကြီးကျေးရွာနေ ဇော်နိုင်(၄၂ နှစ်) ရန်ကုန်မှ မန္တလေးဘက်သို့ မောင်းနှင်လာသည့် YGN/8B/---- Nissan ၁၂ ဘီး ယာဉ်တို့ မျက်နှာချင်းဆိုင် တိုက်မိရာ ၁၈ ဘီးယာဉ်ပေါ်မှ ဖွဲအိတ်များဖြင့် တင်ဆောင်လာသော ပိတောက်သား ၉ ဒသမ ၆ တန် ရှာဖွေတွေ့ရှိရသဖြင့် ဖမ်းဆီးအရေးယူထားသည်။

ယာဉ်မဆင်မခြင်မောင်းနှင်သူ ဝင်းဆန်းနှင့် ဇော်နိုင်တို့အား မိတ္ထီလာ အမှတ်(၃) ရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**တင်လှိုင်(မိတ္ထီလာ)**

# ရေမြောင်းတူးဖော်စဉ် ဗုံးသီးဟောင်းနှစ်လုံးတွေ့ရှိ

**နေပြည်တော် ဇန်နဝါရီ ၂၂**

နေပြည်တော် ပျဉ်းမနားမြို့နယ် ရွာသစ်အုပ်စု မကျီးပင်ကွင်းကျေးရွာ ကွင်းအမှတ် (၁၆၈၂)၊ ဦးပိုင်အမှတ် (၁၄၀)ပိုင်ရှင် တောင်သူဦးစိုးလွင်(၅၀နှစ်)၊ မကျီးပင်ကွင်းရွာနေသူ၏ မတ်ပဲခင်းအစပ်တွင် ဇန်နဝါရီ ၂၂ ရက်က အဝီစိတွင်းတူးပြီး အလျား ၁၅ ပေ၊ အနံ တစ်ပေ၊ အနက်နှစ်လက်မခန့်ရှိ ရေမြောင်းတူးဖော်စဉ် ဗုံးသီးဟောင်းနှစ်လုံး တွေ့ရှိခဲ့ကြောင်း သတင်းရရှိ၍ ပျဉ်းမနားမြို့မရဲစခန်းမှူးက သွားရောက်ကြည့်ရှုခဲ့ရာ အလျား ၆ ဒသမ ၅ လက်မ၊ လုံးပတ် ခြောက်လက်မခန့်ရှိ ၄၀ မမ တင့်ကားပစ်ကျည်ဖူးဖြစ်ကြောင်း သိရှိရသည်။ အဆိုပါ ကျည်ဖူးနှစ်လုံးအား နယ်မြေခံတပ်မှ တပ်ရေးဗိုလ်ကြီး စိုးသိန်းအား လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**ရဲရဲ(ပျဉ်းမနား)**




## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၇၊ ပိတောက်ရွှေဝါ(၁)လမ်း၊ မြေကွက်အမှတ် ၆၂၆ ၏ အကျယ်အဝန်း(ပေ ၄၀×ပေ၆၀)အနက်မှ ခေါင်းရင်းခြမ်း(ပေ၂၀×ပေ၆၀)မြေနှင့် နေအိမ်အပါအဝင် မြေပေါ်မြေအောက်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို မြေချပါမစ်အမည်ပေါက် ဦးပွထံမှ အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်ခဲ့သူ ဦးဖြိုးဝေက ရောင်းချမည်ဖြစ်၍ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် သဘောတူသည့်အလျောက် ရောင်းကြေးငွေ၏အချို့အဝက်ကို ၂၀-၁-၂၀၁၇ ရက်တွင် ပေးချေထားပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ယခုအရောင်းအဝယ်ပြုသည့် နေအိမ်ခြံမြေနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ယခုသတင်းစာတွင် ကြော်ငြာပါသည့်ရက်မှ ၁၀ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ကျွန်ုပ်၏မိတ်ဆွေမှ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်နန့်ရှုဂေးခလိန် LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၀၃၅)**
**ဖုန်း-၀၉-၄၂၁၀၆၁၃၅၄၊ ၀၉-၇၉၈၁၃၁၃၂၂**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ည)ရပ်ကွက်၊ ဇရော ၁၆လမ်း၊ အမှတ်(၈၆၂/က)ဟုခေါ်တွင်သော ဒေါ်တင်စိန် မြေငှားစာချုပ်အမည်ပေါက် အလျား(၂၀)ပေ×အနံပေ ၆၀ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအရပ်ရပ်အားလုံးကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်သန်းသန်းယု ၁၂/တမန(နိုင်)၀၀၈၂၃၉ ဆိုသူထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အထက်အဆိုပါ မြေကွက်နှင့် အဆောက်အအုံအရပ်ရပ်အား ကန့်ကွက်လိုသူများရှိပါက ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသည့်အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှ တစ်ပတ်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်က အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်အေးစံ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ညိုမာထွေး (စဉ်-၄၃၂၉၉)** **ဒေါ်ရီလေးမော် (စဉ်-၂၇၁၀၃)**
**အထက်တန်းရှေ့နေများ**
**ရုံး- ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးကြီး(အပေါ်ထပ်) အင်းစိန်မြို့နယ်**
**ဖုန်း- ၀၉-၄၂၀၀၈၉၃၈၀၊ ၀၉-၄၂၀၂၉၄၀၀၄**

ဧည့်စိမ်း 09-444450446, 09-250144709
+အလောင်းတော်ကဿပ(သီးသန့်)35000 +ရွှေစက်တော်ဖွင့်ပွဲ(သီးသန့်)35000
+မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ၊ အလောင်းတော်ကဿပ 50000
+ပုဂံ(ရွှယ်တော်လေးဆူ)၊ ညောင်ဦး၊ ပုပ္ပါး၊ ပခုက္ကူ-သီဟိုဠ်ရှင် 40000
+ထားဝယ်(ရှင်ကိုးရှင်)၊ မောင်းမကန်၊ ဖော်လမြိုင်၊ ကျိုက္ကမီ၊ စက်ခဲ 65000
+တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကုံလုံ၊ ထမ့်စမ်း၊ ငွေတော်ကဏ္ဍ 50000
ကျိုက်ထီးရိုး ချောင်းသာ January 27
ခရီးစဉ်အားလုံးအဆင့်မြင့် Guest House/ Hotel တည်း

## ကန့်ကွက်နိုင်ပါသည်

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ အကွက်အမှတ်/အမည်-၁၁/ဆာကြူလာ၊ ဦးပိုင်အမှတ် ၁၇၊ ဧရိယာ ၀ဒသမ ၁၁၅ဧက အကျယ်အဝန်းရှိ ကိုမောင်ရွှေ-မတင်သိန်းအမည်ပေါက် လ/န၃၉ ရပြီးမြေကွက်နှင့် ဦးပိုင်အမှတ် ၁၈၊ ဧရိယာ ၀ဒသမ ၀၂၆ဧက အကျယ်အဝန်းရှိ မတင်သိန်း ပါ(၂) အမည်ပေါက် ဂရန်မြေအမျိုးအစား တစ်ဆက်တည်း နှစ်ကွက်တွဲမြေကွက်များအပါအဝင် ယင်းမြေကွက်များပေါ်ရှိ နေအိမ်အဆောက်အအုံတို့နှင့်အတူ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မိမိကိုယ်တိုင် တရားဝင်ပိုင်ဆိုင်ပြီး စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိပါသည်ဟု ဝန်ခံကတိပြုသူ ဦးဇော်လင်း ၁၄/မမန(နိုင်)၁၁၃၀၄၇ ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်များနှင့် နေအိမ်အဆောက်အအုံတို့၏ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားများယူဆောင်၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အထက်ဖော်ပြပါမြေကွက်များနှင့် နေအိမ်အဆောက်အအုံတို့၏ အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမောင်မောင်သူရ(မြောင်းမြ)** LL.B, A.G.T.I(EP), D.B.L, D.M.L **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၁၀၈)**
**ဦးဇေယျာထွန်း (LL.B) အထက်တန်းရှေ့နေ (စဉ်-၂၅၇၈၅)**
**ဒေါ်ချယ်ရီလှိုင် LL.B တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၆၁)**
**ဦးစိုးလွင်ဦး LL.B အထက်တန်းရှေ့နေ (စဉ်-၃၇၉၈၁)**
**အမှတ် ၁၃၂၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၅၁၈၄၀၄၂၊ ၀၉-၇၃၁၁၅၁၀၅၊ ၀၉-၄၂၁၁၀၈၅၅၁၊ ၀၉-၄၂၅၂၈၇၁၃၄**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၉ယ/၄၉၂၇၃ Honda Wave110,M/C ယာဉ်လက်ဝယ်ရှိသူ ဦးခင်ရီ ၁၂/ကမတ(နိုင်)၀၅၁၂၀၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၄၊ လူနေရပ်ကွက်အမှတ် ၄၄၊ မြေကွက်အမှတ် ၇၄၆၊ ဧရိယာ ၀ဒသမ ၀၅၇၊ (အလျားပေ ၄၀×အနံ ၆၂ဒသမ ၆ပေ)အကျယ်အဝန်းရှိ ဒေါ်သန်းသန်းဝင်း အမည်ပေါက် နှစ် ၆၀ ဂရန်မြေကွက်ဟုခေါ်တွင်သော ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၄)ရပ်ကွက်၊ နဝရတ်လမ်းနှင့် ငွေစင်(၄)လမ်းထောင့်၊ အမှတ် ၇၄၆ မြေကွက်အပါအဝင် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အဆောက်အအုံတို့နှင့်အတူ အကျိုးခံစားခွင့်အရပ်ရပ်အား မိမိကိုယ်တိုင် တရားဝင်ပိုင်ဆိုင်ပြီး စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိပါသည်ဟု ဝန်ခံကတိပြုသူ ဦးဝင်းခင် ၁၁/ကဖန(နိုင်)၀၃၅၇၈၃ ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်နှင့် နေအိမ်အဆောက်အအုံတို့၏ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားများယူဆောင်၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အထက်ဖော်ပြပါမြေကွက်နှင့် နေအိမ်အဆောက်အအုံတို့၏ အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမောင်မောင်သူရ(မြောင်းမြ)** LL.B,A.G.T.I(EP),D.B.L,D.M.L **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၁၀၈)**
**ဦးဇေယျာထွန်း LL.B အထက်တန်းရှေ့နေ (စဉ်-၂၅၇၈၅)**
**ဒေါ်ချယ်ရီလှိုင် LL.B တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၆၁)**
**ဦးစိုးလွင်ဦး LL.B အထက်တန်းရှေ့နေ (စဉ်-၃၇၉၈၁)**
**အမှတ် ၁၃၂၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၁၈၄၀၄၂၊ ၀၉-၇၃၁၁၅၁၀၅၊ ၀၉-၄၂၁၁၀၈၅၅၁၊ ၀၉-၄၂၅၂၈၇၁၃၄**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၁ခ/၂၉၄၄ ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(တောင်ငူ)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6D/4915 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၃ယ/၇၁၁၀၂ Honda Wave 100,M/C ယာဉ်လက်ဝယ်ရှိသူ ဦးခင်မြင့် ၁၄/ပသရ(နိုင်)၀၅၀၂၃၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

# ချင်းပြည်နယ်အတွင်း အာဟာရဖွံ့ဖြိုးရေး မဟာဗျူဟာနှင့် လုပ်ငန်းစီမံကိန်းရေးဆွဲရေး ညှိနှိုင်းဆွေးနွေး

**ဟားခါး ဇန်နဝါရီ ၂၂**

ချင်းပြည်နယ်အတွင်း အာဟာရဖွံ့ဖြိုးရေး မဟာဗျူဟာနှင့် လုပ်ငန်းစီမံကိန်း ရေးဆွဲရေးအတွက် အကြိုညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၂၀ ရက်က ဟားခါးမြို့ရှိ ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၂၀ ရက်က ပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် ချင်းပြည်နယ် လူမှုရေးဝန်ကြီး ဦးပေါင်လွှန်းမင်ထန်က အမှာစကား ပြောကြားပြီး ပြည်နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာကြည်လွင်က ပြည်နယ်အတွင်း ဆောင်ရွက်နေသော ကျန်းမာရေးနှင့် အာဟာရဖွံ့ဖြိုးရေး လုပ်ငန်းများကိုလည်းကောင်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန(နေပြည်တော်)မှ ညွှန်ကြားရေးမှူး(အာဟာရ) ဒေါက်တာမေခင်သန်းက ပြည်နယ်အတွင်း ဒေသအခြေပြု အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများ ပေါင်းစည်းစီမံချက် အကြောင်းကိုလည်းကောင်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာမေဝင်းရွှေက အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ အာဟာရဖွံ့ဖြိုးရေးအတွက် နို့တိုက်ကျွေးရေးအစီအစဉ်ကိုလည်းကောင်း ရှင်းလင်းဆွေးနွေး တင်ပြကြသည်။

ထို့နောက် UNICEF မှ တာဝန်ရှိသူများက အာဟာရ ဖွံ့ဖြိုးရေး မဟာဗျူဟာနှင့် လုပ်ငန်းစီမံကိန်း ရေးဆွဲရေးအကြောင်းကို အာဟာရနှင့် နီးနွှယ်နေသောလုပ်ငန်းများ ဆောင်ရွက်နေသည့် INGO များနှင့် လုပ်ငန်းများအား ရှင်းလင်းဆွေးနွေးကြပြီး တက်ရောက်လာကြသူများက မိမိတို့ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြကာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

**ပြည်နယ်(ပြန်/ဆက်)**



# ဆေးဝါးများ စနစ်တကျရောင်းချရန် ဆေးဆိုင်ပိုင်ရှင်များနှင့် တွေ့ဆုံဆွေးနွေး

**ညောင်တုန်း ဇန်နဝါရီ ၂၂**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ်အတွင်း ဆေးဝါးများ ရောင်းချသော ဆေးဆိုင်ရှင်များအနေဖြင့် ဆေးဝါးများရောင်းချရာတွင် စနစ်တကျ ရောင်းချကြရန်အတွက် ဆေးဆိုင်ပိုင်ရှင်များနှင့် ကျန်းမာရေးဌာန တာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးပွဲကို ဇန်နဝါရီ ၁၉ ရက်က မြို့နယ်ဆေးရုံ အပေါ်ထပ်ခန်းမ၌ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ဆေးဆိုင်ပိုင်ရှင်များနှင့် မြို့မိမြို့ဖများ တက်ရောက်ကြပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသက်ဦးက အမှာစကားပြောကြားကာ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါက်တာမိုးချစ်စံက ဆေးဝါးဥပဒေ၊ ဆေးဝါးရောင်းချခြင်းဆိုင်ရာ အမိန့်ညွှန်ကြားချက်များနှင့် ဆေးဝါးအတုများအကြောင်း၊ သက်တမ်းလွန်/မှတ်ပုံတင်မပါရှိသော ဆေးဝါးများ၊ တရားမဝင် တင်သွင်းလာသော ဆေးဝါးများ ရောင်းချခြင်းမပြုရန်နှင့် ဆေးဝါးအတုအန္တရာယ်များအကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဆေးဘက်ကျွမ်းကျင်(၂) ဒေါ်မေမြတ်မွန်က ဆေးဝါးရောင်းချသူများ အနေဖြင့် လိုင်စင်ကို သတ်မှတ်ထားသည့်အချက်များနှင့် လျှောက်ထားရန်နှင့် ဆေးဆိုင်များသည်လည်း လိုင်စင်ကို သတ်မှတ်ထားသည့်အချက်များနှင့်အညီ လျှောက်ထားရမည်ဖြစ်ကြောင်း လိုင်စင်လျှောက်ထားရန်အချက်များကို အသေးစိတ် ရှင်းလင်းပြောကြားခဲ့ကာ ဆေးဝါးရောင်းချခြင်းနှင့်ပတ်သက်၍ တက်ရောက်လာသူများ၏ သိလိုသည့်မေးမြန်းချက်များကို ဒေါက်တာသက်ဦးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



# စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ ပညာပေးဟောပြော

**မင်းကင်း ဇန်နဝါရီ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ် ညောင်ကိုင်းကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ စားသုံးသူရေးရာဦးစီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာ ဦးစီးဌာနတို့ ပူးပေါင်း၍ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အကြောင်းအရာများနှင့် စာဖတ်ခြင်းအကျိုးကျေးဇူးများအကြောင်း အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၁၉ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်တာဝန်ခံ ဦးဌေးဝင်းက စားသုံးသူအကာအကွယ်ပေးရေးနှင့်စပ်လျဉ်း၍ မစားသုံးသင့်သော အစားအစာများနှင့် စားသုံးရမည့်အစားအစာများအကြောင်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့် စားသောက်ကုန်များကို ဝယ်ယူစားသောက်မည်ဆိုပါက အမည်၊ အရွယ်အစား၊ အသားတင်အလေးချိန်၊ ထုထည်၊ ဖွဲ့စည်းပုံ၊ ညွှန်ကြားချက်၊ ထုတ်လုပ်သည့်ရက်စွဲနှင့် အမှတ်စဉ်၊ နောက်ဆုံးသုံးစွဲရန်ရက်စွဲ၊ ဘေးထွက်ဆိုးကျိုး၊ ခွင့်မပြုသည့်အကြောင်း ဖော်ပြချက်၊ ထုတ်လုပ်သည့်ကုမ္ပဏီအမည်နှင့် လိပ်စာ၊ ဆက်သွယ်ရန် ဖုန်းနံပါတ်၊ အမှတ်တံဆိပ်ကို မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာနှင့် အခြားဘာသာတွဲ၍ဖြစ်စေ ဖော်ပြထားခြင်းရှိမရှိ စသည်တို့ကို ကြည့်ရှုပြီး မိမိအတွက် အန္တရာယ်မရှိသော စားသောက်ကုန်ဖြစ်မှသာ ဝယ်ယူစားသောက် အသုံးပြုရန်လိုအပ်ကြောင်း စသည့်အချက်များကို အသေးစိတ် ရှင်းလင်းဟောပြောသည်။

ဆက်လက်၍ ကျောင်းသား ကျောင်းသူများ အသိပညာဗဟုသုတ ပိုမိုဖွံ့ ဖြိုးတိုးတက်ပြီး စာပေ၏အကျိုးကျေးဇူးကို လက်တွေ့ခံစားနိုင်ရန်နှင့် စာဖတ်ရှိန်မြှင့်တင်ရေး၊ ကျောင်းစာကြည့်တိုက်များ ရေရှည်ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေး ရည်ရွယ်ချက်ဖြင့် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင် ဦးခင်မောင်ရီက စာဖတ်ခြင်း၏ အကျိုးကျေးဇူးများကို ကျောင်းသား ကျောင်းသူများအား ဆွေးနွေးဟောပြောခဲ့သည်။

ထို့နောက် ထုံးမန်းကျေးရွာ အခြေခံပညာ မူလတန်းကျောင်းသို့လည်း ဆက်လက်သွားရောက်၍ အဆိုပါကျောင်းမှ ကျောင်းသားကျောင်းသူများနှင့် ဆရာဆရာမများကိုလည်း စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အကြောင်းအရာများနှင့် စာဖတ်ခြင်း၏ အကျိုးကျေးဇူးများကို ဟောပြောခဲ့ကြကြောင်း သိရသည်။

**ချင်းတွင်းသား**

# မူးယစ်ဆေးဝါးနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးအတွက် ပူးပေါင်းစစ်ဆေး

**အမ်း ဇန်နဝါရီ ၂၂**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် အမ်းမြို့နယ်၌ မူးယစ်ဆေးဝါးနှင့် လူကုန်ကူးမှု တားဆီးရေးအတွက် အမ်းမြို့ ဈေးရပ်ကွက်ရှိ ရခိုင်ပြည်နယ်နှင့် ပြည်ပဆက်သွယ်သွားလာရာ ဝင်ပေါက်နေရာတစ်ခုဖြစ်သော ပဲပဒိုစစ်ဆေးရေးဂိတ်တွင် မြို့နယ်အဆင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့ဝင်များနှင့် ပူးပေါင်းအဖွဲ့များ ဇန်နဝါရီ ၂၀ ရက်က သွားရောက်စစ်ဆေးခဲ့ ကြောင်း သိရသည်။

မူးယစ်ဆေးဝါးများ၊ တရားမဝင်ကုန်ပစ္စည်းများ သယ်ဆောင်ဖြန့်ဖြူးမှုမရှိစေရေးနှင့် လူကုန်ကူးမှု ဖြစ်စဉ်များ မဖြစ်ပေါ်စေရေးအတွက် အဆိုပါဂိတ်၌ ဖြတ်သန်းသွားလာသော ခရီးသည်တင်ယာဉ်များနှင့် ကုန်တင်ယာဉ်များအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုမြတ် ဦးဆောင်သော မြို့နယ်အဆင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့ဝင်များနှင့် မြို့နယ်စီမံခန့်ခွဲမှု ကော်မတီအဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့များက ရှာဖွေစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

**မြို့နယ်(ပြန်/ဆက်)**



# မူလတန်းအဆင့် ပုံပြောနှင့် ကဗျာရွတ်ပြိုင်ပွဲ ကျင်းပ

**ထန်တလန် ဇန်နဝါရီ ၂၂**

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ထန်တလန်မြို့နယ်ရုံး၏ မြို့နယ်ပြည်သူ့စာကြည့်တိုက်ကို လူထုအခြေပြုဗဟိုဌာန(Community Centre)နှင့် လူထုအခြေပြုစာကြည့်တိုက် (Community Library)အဖြစ် အဆင့်မြှင့်တင်နိုင်ရေးအတွက် မူလတန်းအဆင့် ပုံပြောပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲကို ဇန်နဝါရီ ၂၀ ရက်က ပညာရေးဦးစီးဌာနနှင့် ပူးပေါင်း၍ မြို့နယ်ပြည်သူ့စာကြည့်တိုက်ခန်းမ၌ ကျင်းပခဲ့သည်။

ပြိုင်ပွဲဖွင့်ပွဲတွင် မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးအမ်းအင်းလမ်းက ပြိုင်ပွဲကျင်းပခြင်း ရည်ရွယ်ချက်နှင့် မြို့နယ်ပြည်သူ့စာကြည့်တိုက်ကို လူထုအခြေပြုဗဟိုဌာန(Community Centre)နှင့် လူထုအခြေပြုစာကြည့်တိုက် (Community Library)အဖြစ် အဆင့်မြှင့်တင်နိုင်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပုံပြောပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲများကို ဆက်လက်ကျင်းပရာ ထန်တလန်မြို့ပေါ်ရှိ အထကကျောင်း နှစ်ကျောင်းနှင့် အမကကျောင်း နှစ်ကျောင်းမှ မူလတန်းကျောင်းသား ကျောင်းသူ ၁၉ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ကဗျာရွတ်ဆိုပြိုင်ပွဲတွင် ဆုရရှိသော ကလေးများအား မြို့နယ်စာရင်းစစ်အရာရှိကလည်းကောင်း၊ ပုံပြောပြိုင်ပွဲတွင် ဆုရရှိသော ကလေးများအား မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူးကလည်းကောင်း၊ ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်သော ကလေးအားလုံးအား နှစ်သိမ့်ဆုများကို မြို့နယ်တရားသူကြီးကလည်းကောင်း ပေးအပ်ချီးမြှင့်ပြီး ကျောင်းသား ကျောင်းသူများအား အချိုရည်နှင့်မုန့်များ ဧည့်ခံကျွေးမွေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ရေးမြို့နယ်၌ ငြိမ်းချမ်းရေးဆိုင်ရာ အမြင်ဖွင့်သင်တန်းဖွင့်လှစ်

**ရေး ဇန်နဝါရီ ၂၂**

မွန်ပြည်နယ် ရေးမြို့ ရွှေဆံတော်စေတီ ဓမ္မာရုံ၌ ကုလသမဂ္ဂ ဖွံ့ဖြိုးမှုပရိုဂရမ်(UNDP)မှ ကူညီထောက်ပံ့ကာ မွန်ပြည်နယ် လူမှုအဖွဲ့အစည်းနှင့် ရေးမြို့နယ် လူမှုအကျိုးဆောင်အဖွဲ့တို့ ပူးပေါင်း၍ ငြိမ်းချမ်းရေးဆိုင်ရာ အမြင်ဖွင့်သင်တန်းကို ဇန်နဝါရီ ၂၀ ရက်က ဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရသည်။




သမိုင်းကြောင်းအရ လက်နက်ကိုင်ပဋိပက္ခ ဖြစ်ပွားခြင်း၏ ဆိုးကျိုးများကို ခံစားရသော ဒေသခံပြည်သူများအား ငြိမ်းချမ်းရေးတည်ဆောက်ခြင်းဆိုင်ရာ အခြေခံသဘောတရားများနှင့် လုပ်ငန်းစဉ်များကို သိရှိစေရန်နှင့် ငြိမ်းချမ်းရေးတွင် ပူးပေါင်းပါဝင်နိုင်စေရန် ရည်ရွယ်ချက်ဖြင့် သင်တန်းကို ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သင်တန်းစီစဉ်သူ ဦးအောင်နိုင်ဝင်းကပြောသည်

လက်ရှိ မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်များ၊ NCA ၏ သဘောသဘာဝ၊ လက်မှတ်ထိုးထားသော အဖွဲ့အစည်းများနှင့် မထိုးရသေးသော အဖွဲ့အစည်းများအကြောင်း၊ အပစ်အခတ်ရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေးအဖွဲ့(JMC) အကြောင်း၊ နိုင်ငံရေးဆွေးနွေးပွဲများအကြောင်းနှင့် ငြိမ်းချမ်းရေးကဏ္ဍတွင် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ အခန်းကဏ္ဍ စသည့်အကြောင်းအရာများကို အမျိုးသားလုံးဆိုင်ရာ အသိဉာဏ်ပွင့်လင်းရေးသင်တန်းကျောင်းမှ ဒေါ်ရင်ငြိမ်းဖြိုးက ဦးဆောင်ဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါ ငြိမ်းချမ်းရေးအမြင်ဖွင့်သင်တန်းသို့ ရေးမြို့နယ်အတွင်းရှိ ဖိတ်ကြားထားသော အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ် သင်တန်းသားသင်တန်းသူ ၃၀ တက်ရောက်ပြီး ငြိမ်းချမ်းရေးဆိုင်ရာများနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်ကာ အပြန်အလှန်ဆွေးနွေးခဲ့ကြကြောင်း သိရသည်

**နေမျိုးထွဋ်(ရေး)**

# ဈေးကွက်ဝင်အထွက်နှုန်းကောင်း ရောဂါဒဏ်ခံနိုင်သည့် ကုလားပဲမျိုး ရေဆင်း-၁၁

သိမ့်သိမ့်မိုး(မြန်မာ့အလင်း)၊ ဓာတ်ပုံ - ကော်ဖီ-ရာသီသီးနှံဌာနခွဲ

**ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့၏ ၂၀၃၀ ပြည့်နှစ်အထိ ပဲလိုအပ်ချက်ပြဇယားတွင် အာရှ၏ ပဲလိုအပ်ချက်မှာ တစ်နှစ်ထက်တစ်နှစ် ပိုမိုလိုအပ်နေပြီး ပဲဈေးကွက်မှာ ဈေးကောင်းရရှိနေသည့်အလျောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီ-ရာသီသီးနှံဌာနခွဲအနေဖြင့် စိုက်ပျိုးသူတောင်သူများ ဈေးကွက်ဝင်အထွက်နှုန်းကောင်း မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရန် ရည်ရွယ်၍ ကုလားပဲမျိုးသစ်များကို သုတေသနပြု စမ်းသပ်စိုက်ပျိုးပြီး တောင်သူများထံသို့ ဖြန့်ဝေပေးလျက်ရှိသည်။**



အောင်မြင်ဖြစ်ထွန်းလျက်ရှိသည့် ကုလားပဲမျိုးသန့်ထုတ်လုပ်ကွက်ကို တွေ့ရစဉ်

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ်ရှိ ပေါက်အင်းစိုက်ကွင်းတွင် ဒေသခံတောင်သူများ အဓိကစိုက်ပျိုးကြသည့် ကုလားပဲသီးနှံကို တောင်သူများမူလကြိုက်နှစ်သက်သည့် မျိုးများအပြင် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့် မျိုးသစ်ရရှိရေးကို စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

“ ကျွန်တော့် စိုက်ကွင်းမှာ အိန္ဒိယနိုင်ငံမှာရှိတဲ့ အပြည်ပြည်ဆိုင်ရာ အပူပိုင်း/အပူလျော့ပိုင်းဆိုင်ရာ သုတေသနဌာန (ICRISAT)က ရတဲ့ ကုလားပဲမျိုးကွဲသစ်တွေကို စမ်းသပ်နေပါတယ်။ အဲဒီကရလာတဲ့မျိုးတွေကို မျိုးယှဉ်ပြိုင်စမ်းသပ်ပြီးမှ ဌာနကဝန်ထမ်းတွေက Data ကောက်တယ်။ တောင်သူပညာပေးကွင်းသရုပ်ပြပွဲတွေ လုပ်ပြီးတော့လည်း တောင်သူတွေကို ခေါ်ပြတယ်။ အဲဒီလို တောင်သူတွေကို ခေါ်ပြပြီးမှ တောင်သူတွေက ဘယ်မျိုး ဘယ်မျိုးကို ကြိုက်တယ်ဆိုမှ ကြိုက်တဲ့မျိုးကို ယူပြီး မျိုးပွားတယ်။ ရရှိလာတဲ့ Data တွေကိုမှ စိုက်ပျိုးရေးသုတေသနဦးစီးဌာနကို ပို့ပေးရတာဖြစ်ပါတယ်။ စိုက်ပျိုးရေးသုတေသနဦးစီးဌာနကလည်း မျိုးတွေကို စမ်းသပ်ပါတယ်။ အဲဒီလို စမ်းသပ်ပြီး စိုက်ပျိုးရေးသုတေသန ဦးစီးဌာနနဲ့ ကျွန်တော်တို့စမ်းသပ်တာနဲ့ ကိုက်ညီတာဆိုရင်နိုင်ငံတော်ရဲ့ မျိုးစေ့ကော်မတီမှာ မှတ်ပုံတင်ပြီး တောင်သူတွေကို ဖြန့်တာဖြစ်ပါတယ်။ ကုလားပဲ ရေဆင်း - ၁၁ မျိုးသစ်ကလည်း မနှစ်ကမှ နိုင်ငံတော်မျိုးစေ့ကော်မတီမှာ မှတ်ပုံတင်ပြီး ကျလာတဲ့မျိုးဖြစ်ပါတယ်။ ကျွန်တော်တို့ စမ်းသပ်ခဲ့တဲ့အထဲက အလားအလာကောင်းတဲ့ မျိုးတွေကို ရသလောက် မျိုးပွားထားတဲ့အတွက် များများရလာပြီဆိုတော့မှ တောင်သူကို ဖြန့်တာဖြစ်ပါတယ်” ဟု ချောင်းဦးမြို့နယ် ပေါက်အင်းစိုက်ကွင်းမှ စိုက်ကွင်းမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဝင်းက ပြောသည်။

ယခင်က ကုလားပဲ သီးနှံတွင် ဒေသမှ ကြိုက်နှစ်သက်မှုများသော ရေဆင်း-၃ (ဒေသအခေါ် $V_2$)မျိုးမှာ အထွက်နှုန်းကောင်းမွန်သော်လည်း စတင်စိုက်ပျိုးသည့် နှစ်ကာလကြာမြင့်လာသောကြောင့် မှိုရောဂါများဖြစ်ကြသည့် ပင်ညှိုးရောဂါ၊ မြစ်ခြောက်ဆွေးရောဂါများ ခံနိုင်ရည် မရှိတော့သည့်အတွက် အထွက်နှုန်းကောင်းမွန်ပြီး ရောဂါဒဏ်ခံနိုင်ရည်ရှိသော ရေဆင်း-၁၁ မျိုးကို အစားထိုးနိုင်ရန် ရွေးချယ်ထုတ်လုပ်လျက်ရှိကြောင်း၊ ရေဆင်း-၁၁ မျိုးမှာ လွန်ခဲ့သည့် သုံးနှစ်မှစ၍ စမ်းသပ်စိုက်ပျိုးခဲ့သော မျိုးသစ်တစ်မျိုးဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောပြ သည်။

“ အရင်တုန်းက ရေဆင်း-၈ ဆိုတဲ့ မျိုးတစ်မျိုးပဲရှိတာ။ အဲဒီမျိုးက အစေ့ကြီးတယ်။ အထွက်နှုန်းလည်းကောင်းတယ်။ ဒါပေမယ့် သူ့မှာ ဘာပြဿနာရှိလည်းဆိုရင် စက်ရုံတွေမှာ ကြိတ်ခွဲရင် အစေ့ကြီးတဲ့အတွက်ဝယ်တဲ့သူတွေက မကြိုက်ကြဘူး။ ရေဆင်း-၁၁ ကျတော့ အဲဒီလောက်လည်း မကြီးဘူး။ $V_2$ထက်လည်း မသေးတဲ့အတွက် ကြိတ်ခွဲမှုမှာ အဆင်ပြေတာကြောင့် ဈေးကွက်ကလည်း လိုလားတယ်။ မျိုးစေ့တွေမှာ အထွက်နှုန်းကောင်းဖို့ တစ်ခုတည်းအတွက်လည်းမရဘူး။ ဈေးကွက်ကလည်း ကြိုက်မှ အဆင်ပြေတာ။ ရေဆင်း-၁၁ မျိုးကတော့ အထွက်နှုန်းလည်း ကောင်းတယ်။ ဈေးကွက်လိုလားချက်လည်းရှိတယ်။ ရောဂါဒဏ်လည်း ခံနိုင်ရည်ရှိတဲ့အတွက် တောင်သူတွေ အစားထိုးပြီးစိုက်ပျိုးနိုင်ဖို့ ကြိုးစားပြီး ဆောင်ရွက်နေပါတယ်။ လောလောဆယ် သီးနှံဈေးကွက်ထဲမှာဆိုရင် ကုလားပဲက ဈေးအကောင်းဆုံးဖြစ်နေတယ်။ ဈေးကွက်အလားအလာကလည်း အိန္ဒိယနိုင်ငံရဲ့ လိုအပ်ချက်ကိုတောင် ပြည့်မီအောင် မပေးနိုင်သေးတဲ့အတွက် ဈေးကွက်အခြေအနေအများကြီးကောင်းပါတယ်။ အထွက်နှုန်းအနေနဲ့လည်း ဒီမျိုးသစ်ကို သေချာ စိုက်ပျိုးမယ်ဆိုရင် တစ်ဧကကို ၂၅ တင်းကနေ တင်း ၃၀ လောက် ထွက်နိုင်တဲ့အတွက် တောင်သူတွေ အများကြီးအကျိုးရှိပါတယ်”ဟု ပေါက်အင်းစိုက်ကွင်းမှ စိုက်ကွင်းတာဝန်ခံ လက်ထောက်ဦးစီးမှူး ဦးဇင်မင်းက ပြောသည်။

ကော်ဖီရာသီသီးနှံဌာနခွဲအနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ အဓိက တာဝန်သုံးရပ်ဖြစ်သည့် မျိုးစေ့ ထုတ်လုပ်ရေးတာဝန် (Seed Production)၊ လေ့ကျင့်ပညာပေးရေးတာဝန် (Training and Education) ၊ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးတာဝန် (Research and Development)တို့ကို နှစ်စဉ်စီမံချက်ရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး မျိုးစေ့ထုတ်လုပ်ခြင်းနှင့်ပတ်သက်၍ ကော်ဖီ-ရာသီ သီးနှံဌာနခွဲ၏ စိုက်ကွင်းများတည်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ မြို့ရွာများရှိ တောင်သူများထံသို့ မျိုးကောင်းမျိုးသန့်များ ဖြန့်ဝေပေးလျက်ရှိကြောင်း ကော်ဖီ-ရာသီသီးနှံဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးမြင့်ဆွေက ပြောသည်။

“ သုတေသန တွေ့ရှိချက်ပေါ်မှာ မူတည်ပြီး ရောဂါဒဏ်ခံနိုင်တဲ့၊ အထွက်နှုန်းကောင်းတဲ့မျိုးတွေကို တွေ့လာရင် စိုက်ပျိုးရေး သုတေသနဦးစီးဌာနကိုပို့ပြီး အစစ်ဆေးခံပါတယ်။ ပြီးမှ သုတေသနဌာနကလည်းလက်ခံတယ်၊ အသိအမှတ်ပြုတယ်ဆိုရင် မျိုးစေ့ဌာနခွဲကလည်း လက်ခံပြီး မျိုးစေ့ဥပဒေအရ လက်ခံလို့ရပြီဆိုရင် မျိုးတွေကို တောင်သူတွေကို ကြေညာပြီး ဖြန့်ဝေပေးတာ ဖြစ်ပါတယ်။ ကုလားပဲ ရေဆင်း-၁၁ မျိုးဆိုရင် ရောဂါဒဏ်လည်း ခံနိုင်တယ်။ အထွက်နှုန်းလည်းကောင်းပြီး ဒေသရဲ့ ရေမြေရာသီဥတုနဲ့ ကိုက်ညီတဲ့အတွက် မနှစ်က ကတည်းက စထုတ်ခဲ့တာဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ်မှာတော့ ဖြန့်ဝေပေးပြီး စတင်စိုက်ပျိုးနေပါပြီ”ဟု ၎င်းက ဆက်လက်ပြောပြသည်။

ယခုနှစ် ကုလားပဲမျိုး စိုက်ပျိုးထုတ်လုပ်ရရှိသည့် မျိုးသန့်မျိုးပွား မျိုးစေ့ (Registered Seed) များကို ကော်ဖီ-ရာသီသီးနှံဌာနခွဲစိုက်ကွင်းတွင် နောက်နှစ်များ၌ မျိုးထုတ်လုပ်သွားမည်ဖြစ်ပြီး စီးပွားဖြစ် မျိုးသန့် မျိုးပွား မျိုးစေ့ (Certified Seed) ကို တောင်သူများထံသို့ ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း၊ ကုလားပဲမျိုးသစ် ရေဆင်း-၁၁ မျိုးကို တောင်သူများအနေဖြင့် စိုက်ပျိုးလိုလျှင် ကော်ဖီ-ရာသီသီးနှံဌာနခွဲရုံးချုပ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ်ရှိ ပေါက်အင်းစိုက်ကွင်းတွင်လည်း ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။

**ဈေးကွက်အခြေအနေ အများကြီးကောင်းပါတယ်။ အထွက်နှုန်းအနေနဲ့လည်း ဒီမျိုးသစ်ကို သေချာ စိုက်ပျိုးမယ်ဆိုရင် တစ်ဧကကို ၂၅ တင်းကနေ တင်း ၃၀ လောက် ထွက်နိုင်တဲ့အတွက် တောင်သူတွေ အများကြီး အကျိုးရှိပါတယ်**

# ယခုဘဏ္ဍာနှစ်တွင် ပြည်ပသို့ဆန်တန်ချိန် တစ်သန်းဝန်းကျင်သာ တင်ပို့နိုင်တော့မည်

ဖြိုးလွင်အောင် (AMIA)၊ ဓာတ်ပုံ - သိခ်



ယခုဘဏ္ဍာနှစ်တွင် ပြည်ပသို့ ဆန်တန်ချိန် တစ်သန်းဝန်းကျင်သာ တင်ပို့နိုင်တော့မည်ဖြစ်ပြီး ယမန်နှစ် ပြည်ပဆန်တင်ပို့မှုနှုန်းထက် ဆန်တန်ချိန်လေးသိန်းခန့် လျော့ကျသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးကုန်သည် ကြီးများအသင်းမှ အတွင်းရေးမှူး ဦးအောင်မြင့်က ပြောသည်။

ယခုနှစ်တွင် မြန်မာ့ဆန်ကို တရုတ်နိုင်ငံနှင့် ဥရောပနိုင်ငံဈေးကွက်များသို့ တင်ပို့မှုလျော့ကျသွားသည့်အတွက် လက်ရှိအချိန်အထိ ပြည်ပသို့ ဆန်တန်ချိန် ရှစ်သိန်းကျော်သာ တင်ပို့ထားနိုင်ကြောင်း သိရသည်။

“ကျွန်တော်တို့ ပြည်တွင်းပေါက်ဈေးနဲ့ အဲ့ဒီဘက်ကို ပို့ရတဲ့ တန်ဆာခရယ်ကို တွက်လိုက်ရင်သူတို့ပေးတဲ့ဈေးနဲ့က မကိုက်တော့ ကုန်သည်တွေက သိပ်မပို့နိုင်တော့လို့ ဒီနှစ်ပြည်ပဆန်တင်ပို့မှု လျော့ကျသွားတာပါ။ နောက် တရုတ်ဘက်က အဖမ်း အဆီးများတာကြောင့်လည်း ပါတယ်”ဟု ၎င်းကပြောသည်။

ပြီးခဲ့သည့် ၂၀၁၅ ခုနှစ်က ဥရောပနှင့် အီးယူနိုင်ငံများသို့ ပင်လယ်ရေကြောင်းမှ တင်ပို့နေသည့် ဆန်ဈေးကွက်တွင် ၂၅ မှတ်တန် ဆန်ကြမ်းတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၁၅ ဒေါ်လာဈေးနှုန်းရရှိခဲ့ပြီး ယခုနှစ်တွင် ၂၅ မှတ်တန် ဆန်ကြမ်းတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၂၈၀ မှ ၃၀၀ သာရရှိပြီး အခြားဆန်ချောတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၅ ဒေါ်လာခန့်ရရှိကြောင်း သိရသည်။

“လွန်ခဲ့တဲ့ သုံးနှစ်လောက်ကစလို့ တရုတ်ဈေးကွက်ကိုပဲ အဓိကအားထားပြီး နယ်စပ်ကရော ပင်လယ်ရေကြောင်းကပါ ပို့နေတာ။ ဒီနှစ်မှာ ပင်လယ်ရေကြောင်းကတော့ အာဖရိက နည်းနည်းပါပဲ။ ဈေးမကိုက်တော့ အများကြီး မတင်ပို့နိုင်တော့ဘူး” ဟု ၎င်းကဆက်လက်ပြောသည်။

မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ဆန်တန်ချိန် ၁ ဒသမ၄ သန်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ၁ ဒသမ ၂ သန်းနှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ၁ ဒသမ၈ သန်းတင်ပို့နိုင်ခဲ့ပြီး ပြီးခဲ့သည့် ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်တွင် ဆန်တန်ချိန် ၁ ဒသမ ၄ သန်းခန့် တင်ပို့နိုင်ခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည်။

# ယခုတစ်ပတ်အတွင်း ဈေးနှုန်းအပြောင်းအလဲဖြစ်ပေါ်ခဲ့သည့် သီးနှံများ

**ဖြိုးလွင်အောင် (AMIA)၊ဓာတ်ပုံ-သိခ်**

ဇန်နဝါရီလ အခုအပတ်မှာ ပြည်ပကို အဓိကတင်ပို့နေတဲ့ ပဲစင်းငုံနီ (RC) နဲ့မတ်ပဲ (FAQ/RC) ဈေးနှုန်းတွေ အနည်းငယ် မြင့်တက်လာတာကို တွေ့မြင်ရပါတယ်။ အလားတူ ကြက်သွန်နီဈေးတွေလည်း အနည်းငယ်မြင့်တက်လာပါတယ်။ နှမ်းရောင်စုံ ဈေးတွေနဲ့ ဆန်ဈေးနှုန်းတွေကတော့ ဒီတစ်ပတ်လုံးမှာ အပြောင်းအလဲမရှိ တည်ငြိမ်နေတာကို တွေ့မြင်ရပါတယ်။

**မတ်ပဲ (FAQ/RC) ဈေး ငွေကျပ် တစ်သောင်းခန့် မြင့်တက်**

ဇန်နဝါရီလ အခုတစ်ပတ်ရဲ့တနင်္လာနေ့က မတ်ပဲ(FAQ/RC) တစ်တန်ကို ငွေကျပ် ၁၀၆၀၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပြီး သောကြာနေ့မှာတော့ တစ်တန်ကို ငွေကျပ် ၁၀၇၀၀၀၀ အထိ မြင့်တက်လာပါတယ်။ တစ်ပတ်အတွင်း တစ်တန်ကို ငွေကျပ် ၁၀၀၀၀ ခန့် မြင့်တက်လာတာပါ။ ၂၀၁၆ခုနှစ် ဩဂုတ်လအတွင်းကတော့မတ်ပဲ (FAQ/RC) တစ်တန်ကို ငွေကျပ် ၁၆၄၂၀၀၀အထိမြင့်တက်ခဲ့တာကိုတွေ့ရပါတယ်။




**ပဲစင်းငုံနီ(RC) ဈေးနှုန်းများပြန်မြင့်တက်လာ**

အလားတူ ပြည်ပတင်ပို့တဲ့ ပဲအမျိုးအစားတစ်ခုဖြစ်တဲ့ ပဲစင်းငုံနီ (RC)ကတော့ ဒီအပတ်ရဲ့ တနင်္လာနေ့က တစ်တန်ကို ငွေကျပ် ၈၀၆၀၀၀ ခန့်နဲ့ အရောင်းအဝယ် ဖြစ်နေရာကနေ သောကြာနေ့မှာတော့ တစ်တန်ကို ငွေကျပ် ၈၄၀၀၀၀ ခန့်အထိ ပြန်လည်မြင့်တက်လာတာကို တွေ့မြင်ရပါတယ်။ တစ်ပတ်အတွင်းမှာ တစ်တန်ကို ငွေကျပ် ၃၄၀၀၀ မြင့်တက်လာတာဖြစ်ပါတယ်။ ၂၀၁၆ခုနှစ် ဇူလိုင်လကတော့ ပဲစင်းငုံနီ (RC) တစ်တန်ကို ငွေကျပ် ၁၅၀၀၀၀၀ အထိ မြင့်တက်ခဲ့တာကို တွေ့ရပါတယ်။

**ပဲတီစိမ်းဈေးတည်ငြိမ်**


ပဲတီစိမ်းကတော့ ဒီတစ်ပတ်လုံး ဈေးနှုန်းအပြောင်းအလဲ ကြီးကြီးမားမား မရှိဘဲ ပိဿာချိန် ၆၀ ကို ငွေကျပ် ၉၈၀၀၀ နဲ့ ငွေကျပ် ၁၀၅၀၀၀ ကြားမှာ အရောင်းအဝယ်ဖြစ်နေပါတယ်။

**နှမ်းရောင်စုံဈေးနှုန်းများ တစ်ပတ်လုံးတည်ငြိမ်**

ဒီအပတ်မှာ နှမ်းရောင်စုံဈေးတွေ တည်ငြိမ်နေတာကို တွေ့ရပါတယ်။ နှမ်းနက်(စမုံ) တစ်အိတ်ကို အမြင့်ဆုံး ငွေကျပ် ၁၄၀၀၀၀၊နှမ်းနက်တစ်အိတ်ကို အမြင့်ဆုံးဈေး ငွေကျပ် ၁၀၀၀၀၀၊ နှမ်းညို တစ်အိတ်ကို အမြင့်ဆုံးဈေး ငွေကျပ် ၈၀၀၀၀၊ နှမ်းဖြူတစ်အိတ်ကို အမြင့်ဆုံးဈေးငွေကျပ် ၉၆၀၀၀၊ ပန်းနှမ်း တစ်အိတ်ကို အမြင့်ဆုံးဈေးငွေကျပ် ၇၇၀၀ နဲ့ ယခုတစ်ပတ်လုံးမှာ တည်ငြိမ်နေတာကို တွေ့မြင်ရပါတယ်။

**ဆန်ဈေးနှုန်းတည်ငြိမ်**

အလားတူ ဆန်ဈေးနှုန်းတွေလည်း ယခုတစ်ပတ်လုံးမှာ တည်ငြိမ်နေတာကို တွေ့ရပါတယ်။ ပေါ်ဆန်းမွှေးဆန် တစ်အိတ်ကို အမြင့်ဆုံးငွေကျပ် ၄၄၅၀၀၊ ဧည့်မထဆန်တစ်အိတ် ငွေကျပ် ၁၉၅၀၀၊ ငစိန်ဆန်တစ်အိတ် ငွေကျပ် ၁၉၀၀၀၊ မြီးတုံးဆန်တစ်အိတ် အမြင့်ဆုံး ငွေကျပ် ၂၁၀၀၀၊ မိုးသုခဆန် တစ်အိတ် ငွေကျပ် ၂၅၀၀၀၊ နွေသီးထပ်ဆန် တစ်အိတ် ငွေကျပ် ၂၀၀၀၀ နဲ့ တစ်ပတ်လုံး အပြောင်းအလဲမရှိ အရောင်းအဝယ် ဖြစ်နေပါတယ်။




**ကြက်သွန်နီ ဈေးအနည်းငယ်မြင့်တက်**

ဆိပ်ဖြူ၊ တောင်တွင်း၊ မြင်းခြံ၊ မြစ်သားနယ်တွေက ထွက်ရှိတဲ့ ကြက်သွန်နီဈေးတွေကတော့ ဒီတစ်ပတ်ရဲ့ တနင်္လာနေ့မှာ တစ်ပိဿာကို အနိမ့်ဆုံးဈေး ငွေကျပ် ၆၅၀ ကနေ အမြင့်ဆုံးဈေး ငွေကျပ် ၁၇၀၀ ကျပ်နဲ့ အရောင်းအဝယ်ရှိနေရာကနေ ဈေးပိတ်ချိန်ဖြစ်တဲ့ သောကြာနေ့မှာတော့ ကြက်သွန်နီ တစ်ပိဿာကို အနိမ့်ဆုံးဈေး ငွေကျပ် ၇၅၀ ကနေ အမြင့်ဆုံးဈေး ငွေကျပ် ၁၇၅၀ နဲ့ အရောင်းအဝယ် ရှိနေပါတယ်။ တစ်ပတ်အတွင်းမှာ တစ်ပိဿာကို ငွေကျပ် ၁၀၀ ခန့် ဈေးမြင့်တက်လာတာပါ။

# ဆောင်းသီးနှံနှင့် နွေသီးနှံများ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေး ဆွေးနွေး

ဆောင်းသီးနှံနှင့် နွေသီးနှံများ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေးနှင့် သီးနှံအရည်အသွေးမြင့်မားရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီလတတိယပတ်က နေပြည်တော် ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၌ ကျင်းပရာ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်များဖြစ်ကြသော ဦးအေးကိုကို (တိုင်းဒေသကြီး/ပြည်နယ်)၊ ဦးလှုမြင့် အောင် (နည်းပညာ)၊ ဦးဇော်ထွန်းမြင့် (စက်မှု သီးနှံ)၊ ဦးတင်စိန်(စီမံ၊စီမံကိန်း၊ငွေစာရင်း)၊ ညွှန်ကြားရေးမှူး များ၊ ခရိုင်ဦးစီးမှူးများ၊ တိုင်းဒေသကြီး/ခရိုင် မြေအသုံး ချရေးတာဝန်ခံများ၊ မျိုးစေ့တာဝန်ခံများ၊ ပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းရေးတာဝန်ခံများ တက်ရောက်ဆွေးနွေးကြသည်။

စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကိုက စိုက်ပျိုးရေးဦးစီးဌာန၏ မူဝါဒလုပ်ငန်းစဉ်များနှင့် ရှေ့ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းဆိုင်ရာများကို လည်းကောင်း၊ မျိုးကောင်းမျိုးသန့် မျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေး၊ တောင်သူပညာပေး လုပ်ငန်းဆောင်ရွက်ကြမည့်တိုင်းဒေသကြီး/ ပြည်နယ် /ခရိုင် မြေအသုံးချရေးတာဝန်ခံများ၊ မျိုးစေ့တာဝန်ခံများ၊ ပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းရေးတာဝန်ခံများ အနေဖြင့် အဓိက သီးနှံ ၁၄ မျိုးအပေါ် တွင် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ၊ (GAP) နှင့်ပတ်သက်၍ တောင်သူများ သိရှိနားလည်ပြီး လိုက်နာကျင့်သုံးနိုင်အောင် စည်းရုံးဆောင်ရွက်ရန် လိုအပ်ချက်များကို လည်းကောင်း၊ မြေသြဇာအသုံးချရေးဥပဒေ၊ ပိုးသတ်ဆေး ဥပဒေ၊ မျိုးစေ့ဥပဒေ၊ တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေများအရ ဆောင်ရွက်သည့် လုပ်ငန်းအရပ်ရပ်အပေါ် ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နိုင်ရန်၊ ရာသီအလိုက် သီးနှံစိုက်ပျိုးဆောင်ရွက်နေမှု လုပ်ငန်းများ တိတိကျကျ အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန်များကို လည်းကောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် ဆွေးနွေးပွဲတက်ရောက်လာကြသူများက ဆောင်းသီးနှံနှင့် နွေသီးနှံများ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးနှင့် သီးနှံအရည်အသွေးမြင့်မားရေးဆိုင်ရာများကို အကြံပြုဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သိမ့်သိမ့်မိုး(မြန်မာ့အလင်း)**

# အင်ဒိုင်းစစ်တောင်း လျှပ်စစ်မြစ်ရေတင်စီမံကိန်းဖြင့် နွေစပါးဧက ၃၀၀ စိုက်ပျိုးနိုင်မည်

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် အင်ဒိုင်းကျေးရွာအုပ်စုအတွင်းရှိ အင်ဒိုင်း လျှပ်စစ် မြစ်ရေတင်စီမံကိန်းဖြင့် နွေစပါးဧက ၃၀၀ စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန(ရေအရင်းမြစ်)မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယခု စိုက်ပျိုးမည့်နေရာမှာ စစ်တောင်းမြစ်ရေကြီး၍ ငှက်ကြီးတောင်တံမံကျိုးကျကာ လယ်မြေဧကများစွာ ပျက်စီးဆုံးရှုံးခဲ့ရပြီး မိုးရာသီကာလ ရောက်တိုင်း စပါးစိုက်ပျိုးရန် ခက်ခဲခြင်းအပြင် အထွက်နှုန်းလျော့ကျခြင်းနှင့် ဈေးအရနည်းမှုများကြောင့် တောင်သူများ နှစ်စဉ် အရှုံးပေါ်ခဲ့ရကြောင်း ဒေသခံတောင်သူတစ်ဦးက ပြောသည်။

"တောင်သူတွေ တစ်နှစ်ရှုံးရင်း အတော်နဲ့ နာလန်ပြန်မထူနိုင်တော့ဘူး။ အရင်အကြွေးတွေတောင် မနှစ်ကမှ ကျေကုန်တာ။ အခု နွေစပါးကတော့ အထွက်နှုန်းကောင်းလို့ တောင်သူတွေ အဓိက အားထားလုပ်ကြရတယ်" ဟု ၎င်းက ဆက်လက်ပြောပြသည်



စစ်တောင်းမြစ်အတွင်းမှ ရေများအားစုပ်ယူနိုင်ရန် မြင်းကောင်ရေ ၂၂ ကီလိုဝပ်ထုတ်လုပ်နိုင်သည့် မော်တာသုံးလုံးဖြင့် စက်တစ်လုံးလျှင် ၁၆ နာရီနှုန်းဖြင့် ၂၄ နာရီ ရေတင်ပေးလျက်ရှိပြီး အောင်ရေရရှိနိုင်ရန် ငါးလအထိ ဆောင်ရွက်ပေးမည်ဖြစ်သည်။

တူးမြောင်း တစ်လျှောက် ရေများ စတင်ဝင်ရောက်လာပြီဖြစ်၍ တောင်သူများ နွေစပါးစိုက်ပျိုးနိုင်ရန် ကန်သင်းများ ပေါင်းရှင်းခြင်းနှင့် ရေသွယ်မြောင်းများ ပြုပြင်ခြင်းတို့ဖြင့် လုပ်ငန်းခွင်ဝင်ရောက်လျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# တောင်သူများနှင့် ကုမ္ပဏီများအကျိုးတူပူးပေါင်းလုပ်ကိုင်မှု တိကျသည့် ဥပဒေမူဘောင်များရေးဆွဲနေ

တောင်သူများနှင့် ကုမ္ပဏီများ အကျိုးတူလယ်ယာစိုက်ပျိုးရေးစနစ်ဖြင့် ပူးပေါင်းလုပ်ကိုင်ရာတွင် စနစ်တကျလုပ်ကိုင်နိုင်ရန်အတွက် တိကျသည့်ဥပဒေမူဘောင်များ ရေးဆွဲနေပြီး လာမည့်မတ်လအတွင်းထုတ်ပြန်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း(UMFCCI) မှ ဒုတိယဥက္ကဋ္ဌ ဦးရဲမင်းအောင်က ပြောသည်။

လက်ရှိတွင် အဆိုပါဥပဒေမူဘောင်ကိုရေးဆွဲနိုင်ရန်အတွက် စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ရှေ့နေချုပ်ရုံး အပါအဝင် တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံစိုက်ပျိုးရေးအသင်းအဖွဲ့တာဝန်ရှိသူများမှ ဥပဒေတွင် ပါဝင်ထည့်သွင်းသင့်သည့် အချက်အလက်များကို ဆွေးနွေးနေကြောင်း သိရသည်။

"အကျိုးတူလယ်ယာ ကန်ထရိုက်စနစ်နဲ့ မြန်မာနိုင်ငံမှာ လာရောက်ရင်းနှီးမြှုပ်နှံဖို့ ကမ်းလှမ်းထားတဲ့နိုင်ငံလေး၊ငါးနိုင်ငံလောက်ရှိတယ်။သူတို့က ဥပဒေတိတိကျကျ မရှိသေးတော့ လာမလုပ်ရဲဘူးဖြစ်နေပါတယ်"ဟု ၎င်းက ပြောသည်။

လက်ရှိတောင်သူများနှင့် ပုဂ္ဂလိကစိုက်ပျိုးရေး ကုမ္ပဏီများနှစ်ဦးသဘောတူ အကျိုးတူပူးပေါင်းလုပ်ကိုင်ရာတွင် ဥပဒေတိတိကျကျမရှိသည့်အတွက် တောင်သူဘက်မှ စာချုပ်ပါကတိများကိုဖောက်ဖျက်ခြင်းများရှိသလို ကုမ္ပဏီများဘက်မှလည်း တောင်သူများအပေါ်တွင်ခေါင်းပုံဖြတ်မှုများရှိနေကြောင်းသိရသည်။

ဥပဒေရေးဆွဲရာတွင် ပါဝင်သင့်သည်များကို ဆွေးနွေးနေမှုနှင့် ပတ်သက်ပြီး မြန်မာနိုင်ငံဆန်စပါးကုန်သည်ကြီးများအသင်းဥက္ကဋ္ဌ ဦးအောင်သန်းဦးက "တောင်သူနဲ့ လုပ်ငန်းရှင်ရဲ့ကြားထဲမှာ အာမခံမှုတွေ ခိုင်ခိုင်မာမာရှိဖို့၊ နောက် သီးနှံနဲ့ ပတ်သက်လို့လည်း အရည်သွေးကောင်းတွေ တောင်သူဘက်ကရော၊ လုပ်ငန်းရှင်ဘက်ကပါ ဖြစ်အောင်လို့ လုပ်ဖို့လိုတယ်။ နောက် သဘာဝဘေးအန္တရာယ်တွေ ဖြစ်လာတဲ့အခါမှာ တောင်သူဘက်က အာမခံထားမလား၊ လုပ်ငန်းရှင်ဘက်က အာမခံထားမလားအာမခံထားပြီးတော့ ဆုံးရှုံးလို့ မရဘူးဆိုရင် ထောက်ပံ့ပေးတာမျိုးတွေ လုပ်ဖို့လိုတာပေါ့။ အဓိက ကတော့ ဒီအချက်တွေပါပဲ" ဟု ပြောသည်။

ခိုင်မာသည့်ဥပဒေရှိပါက မြန်မာ့လယ်ယာမြေများတွင် တောင်သူများနှင့် အကျိုးတူလယ်ယာစိုက်ပျိုးရေးစနစ်ဖြင့် ပူးပေါင်းလုပ်ကိုင်ရန်အတွက် ဂျပန်နိုင်ငံ၊ တရုတ်နိုင်ငံ၊ ထိုင်ဝမ်နိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ဘရူနိုင်းနိုင်ငံများမှ ကမ်းလှမ်းထားကြောင်း သိရသည်။

အကျိုးတူလယ်ယာစိုက်ပျိုးရေးစနစ်ကိုပူးပေါင်းလုပ်ကိုင်ရာတွင် လယ်ယာပိုင်ဆိုင်မှုရှိသည့် တောင်သူများအတွက် လိုအပ်သည့်မျိုးစပါး၊ ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေး အပါအဝင် စက်ကိရိယာ၊ နည်းပညာများကို အကျိုးတူလုပ်ကိုင်ရန်သဘောတူထားသည့် ကုမ္ပဏီများဘက်မှထောက်ပံ့ပေးရပြီး စပါးထွက်ပေါ်လာချိန်တွင် ကုမ္ပဏီများဘက်မှ တောင်သူများ တွက်ခြေကိုက်နိုင်သည့်ဈေးနှုန်းကို ကြိုတင်သတ်မှတ်ထားပြီး ယင်းဈေးနှုန်းအတိုင်းတောင်သူများက ပြန်လည်ရောင်းချရသည့်စနစ်ဖြစ်သည်။

**ဖြိုးလွင်အောင် (AMIA)**

# နိုင်ငံခြားသားများအား စိုက်ပျိုးရန်အငှားချထားသော မြေကွက်များ၌ မြေဆီလွှာပျက်စီးမှုများလာ

ဇူလိုင်မိုး(မြန်မာ့အလင်း) ၊ ဓာတ်ပုံ-မေမိုးသဲ



မြန်မာနိုင်ငံအတွင်း မြေပြန့်လွင်ပြင်ဒေသ အများစုရှိမြေများမှာ စိုက်ပျိုးရေးလုပ်ကိုင်၍ ကောင်းမွန်သော မြေအမျိုးအစားများ ပေါများလှသည်။ ယခုအခါ တိုင်းဒေသကြီး၊ ပြည်နယ်အချို့ရှိ တောင်သူများမှာ အကြောင်းအမျိုးမျိုးကြောင့် ကိုယ်တိုင်မလုပ်ကိုင်နိုင်၍ နိုင်ငံခြားသားများအား နှစ်ချုပ်ဖြင့် မြေယာများငှား၍ လုပ်ကိုင်မှုများရှိလာသည်။ ၎င်းတို့ငှားရမ်းစိုက်ပျိုးသည့် မြေယာများတွင် သီးနှံထွက်အားကောင်းစေရန် မလိုလားအပ်သည့် ဓာတုပစ္စည်းများ အလွန်အကျွံသုံးစွဲ၍ စိုက်ပျိုးသွားသည့် မြေယာများတွင် သဘာဝမြေဆီလွှာတွေ ကုန်ခန်းသွားသဖြင့် သီးနှံအထွက်နှုန်းကျဆင်းမှုများ တွေ့ရှိရသည်ဟု စိုက်ပျိုးရေးပညာရှင်များထံမှ သိရသည်။

"မြေဆီလွှာပျက်သုဉ်းမှုက ဓာတုပစ္စည်းတွေအလွန်အကျွံသုံးစွဲရင် ဖြစ်တတ်ပါတယ်။ ဖရဲတို့၊ သခွားမွှေးတို့ကို ဓာတုပစ္စည်းတွေ အလွန်အကျွံသုံးစွဲပြီး စိုက်မယ်ဆိုရင် အဲဒီနောက်မှာစိုက်တဲ့ အပင်တွေအတွက် မြေပျက်စီးနိုင်တယ်။ အခု မြန်မာနိုင်ငံမှာ တောင်သူအချို့ထံမှ နိုင်ငံခြားသားတွေ မြေငှားရမ်းပြီး စိုက်ပျိုးမှုတွေပြုလုပ်နေကြတယ်။ နိုင်ငံခြားသားတွေ အစိုက်များနေတာကလည်း ဖရဲနဲ့ သခွားမွှေးတွေ အစိုက်များကြတယ်။ ရှမ်းပြည်နယ်ဘက်မှာဆိုလည်း တစ်သျှူးငှက်ပျောတွေ စိုက်နေကြတာကို တွေ့နေရတယ်။ သူတို့သုံးတဲ့ပစ္စည်းတွေက ဘာတွေလဲ မသိတဲ့အတွက်ကြောင့် မြေဆီလွှာပျက်တဲ့အခါမှာ မြေဆီလွှာပြန်လည်ပြုပြင်ဖို့ အခက်အခဲတွေရှိနိုင်ပါတယ်။ ဒါကြောင့် သူတို့သုံးသွားပြီး ပျက်စီးသွားတဲ့ မြေဆီလွှာတွေကိုပြန်လည်ပြုပြင်ဖို့ဆိုရင် အချိန်အတော်လေးယူရပါတယ်။ မြေကို မြေဆီလွှာပျက်သုဉ်းအောင်လုပ်ဖို့က ခဏပဲကြာသလို ပြန်လည်စိုက်ပျိုးနိုင်အောင် ပြုပြင်ရလို့ အချိန်ကြာကြာပေးရတာရှိပါတယ် "ဟု မြေဆီလွှာနှင့် ရေသိပ္ပံဌာနမှ ပါမောက္ခဌာနမှူး ဒေါက်တာကျော်ငွေက မြေဆီလွှာပျက်သုဉ်းနိုင်မှုအခြေအနေကို ပြောပြသည်။

ယခုအခါ မြန်မာနိုင်ငံရှိ တောင်သူများထံမှ နိုင်ငံခြားသားအတော်များများ ငှားရမ်းလုပ်ကိုင်သည့်မြေကွက်များတွင် မြေဆီလွှာပျက်သုဉ်းမှုဖြစ်ပေါ်ခြင်းများ တွေ့ရလေ့ရှိကြောင်း၊ ထိုသို့မြေဆီလွှာပျက်သုဉ်းခြင်းတွင် ၎င်းတို့၏ သီးနှံများ အောင်မြင်ဖြစ်ထွန်းစေရန် မလိုအပ်ဘဲ ဓာတုပစ္စည်းများအလွန်အကျွံသုံးစွဲခြင်းကြောင့်ဖြစ်ကြောင်းကို စိုက်ပျိုးရေးပညာရှင်အချို့၏ ပြောကြားမှုမှ သိရပေသည်။

"တခြားနိုင်ငံကလာစိုက်တဲ့ မြေကွက်တွေမှာ မြေဆီလွှာပျက်စီးတာတွေကို တွေ့နေရတယ်။ မြေဆီလွှာပျက်သုဉ်းမှုကို ကာကွယ်နိုင်ဖို့ကတော့ သူတို့ကို စနစ်တကျနဲ့ ငှားဖို့လိုအပ်တယ်။ လတ်တလောအခြေအနေတွင် တောင်သူအချို့က စားဝတ်နေရေးအဆင်ပြေအောင် ငှားလိုက်မယ်ဆိုရင် မြေဆီလွှာတွေပျက်စီးနေဦးမှာပဲ။ အကြောင်းကြောင်းကြောင့် ငှားရတော့မယ်ဆိုရင်လည်း သူတို့သုံးတဲ့ဆေးတွေ၊ မြေဩဇာတွေဘာတွေသုံးလည်း သိရပါမယ်။ ပလတ်စတစ်တွေကိုသုံးတယ်ဆိုရင်လည်း အဲဒီပလတ်စတစ်တွေကို စိုက်ပျိုးပြီး သီးနှံရိတ်သိမ်းတဲ့အခါ ပြန်လည်ဖယ်ရှားဖို့လိုပါတယ်။ မဖယ်ရှားဘူးဆိုရင် ဒီအရာတွေက မြေကြီးထဲမှာ ရောနှောနေတာကြောင့် မြေဆီလွှာပျက်စီးနိုင်တယ်။ တောင်သူတွေအနေနဲ့ စိုက်ပျိုးရေးပညာရှင်တွေဆီက အသိပညာ၊ နည်းပညာတွေ ရယူစေချင်တယ်။ တောင်သူတွေနဲ့ ပညာရှင်တွေ အမြဲတမ်းထိတွေ့မှုရှိဖို့လိုတယ်။ ကိုယ်က ဒီမြေနဲ့ ဘိုးဘွားစဉ်ဆက် လုပ်စားရတော့ တစ်ခါမှားတဲ့ အသိကိုယူပြီး နောင်မမှားရအောင် လုပ်ထားဖို့လိုတယ်။ ဒီလိုဖြစ်ရပ်မျိုးတွေက မိတ္ထီလာ၊ စဉ့်ကိုင်ဘက်တွေမှာ အများဆုံးတွေ့ရတယ်။ နောက်ထပ် မြစ်သားဘက်က ဆားပေါက်မြေတွေမှာလည်း မြေဆီလွှာပျက်စီးနေတာတွေ တွေ့ခဲ့ရတယ်။ ခုနောက်ပိုင်း ဖရဲတို့၊ သခွားမွှေးတို့က နှစ်ရာသီလောက် စိုက်လို့ရတယ်။ ဒီမြေတွေမှာ လိုချင်တဲ့ အရည်အသွေးတွေ မရတော့ဘူးဆိုရင် မလုပ်နိုင်ကြတော့ဘူး"ဟု ၎င်းက တခြားနိုင်ငံသားများအားမြေငှားရမ်းမည်ဆိုပါလျှင် စနစ်တကျလုပ်ကိုင်ဆောင်ရွက်ရန်လိုကြောင်း ဆက်လက်ပြောပြသည်။

တောင်သူများအနေဖြင့် နိုင်ငံခြားသားများက ထိုကဲ့သို့ လာရောက်လုပ်ကိုင်မည်ဆိုပါက ၎င်းတို့သုံးစွဲသည့်ပစ္စည်းများကို ဘယ်လိုဓာတုပစ္စည်းသုံးမည်၊ ဘယ်လောက်သုံးမည်၊ အသုံးပြုမည့်ပမာဏကို သိရှိရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တရားဝင်ဓာတုပစ္စည်းများ ဟုတ် မဟုတ် စစ်ဆေးဆောင်ရွက်သွားနိုင်မည်ဆိုပါက မြေဆီလွှာပျက်သုဉ်းမှုကို ထိန်းသိမ်းကာကွယ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

"သူတို့သုံးမယ့် ပစ္စည်းတွေက မြန်မာနိုင်ငံနဲ့ ဖက်စပ်လုပ်တဲ့နေရာမှာ တရားဝင်တင်သွင်းတဲ့ ဓာတ်မြေဩဇာတွေ၊ ပိုးသတ်ဆေးတွေကို သုံးမယ်ဆိုရင်တော့ အကောင်းဆုံးပဲလို့မြင်ပါတယ်။ ဒီနေရာမှာ တစ်ခုခုဖြစ်ရင် တင်သွင်းတဲ့ကုမ္ပဏီက တာဝန်ယူရမယ်လေ။ အဲဒီကုမ္ပဏီကလည်း ဒီနိုင်ငံကို ရေရှည်သုံးမှာဖြစ်တဲ့အတွက် မကောင်းတာကိုတော့ မလုပ်ဘူးလို့ ကျွန်တော်မြင်ပါတယ်။ မြေဆီလွှာပျက်စီးမှုကို ပြုပြင်ထိန်းသိမ်းဖို့ကတော့ အတတ်နိုင်ဆုံး အော်ဂဲနစ်ပစ္စည်းတွေကိုအသုံးပြုခြင်းက အလွယ်ဆုံးပါပဲ။ အဲဒါတွေကတော့ နွားမွေးတဲ့နေရာမှာ နွားချေး ဒါမှမဟုတ် ကြက်ချေး၊ ဆိတ်ချေးစတဲ့ အော်ဂဲနစ် ပစ္စည်းတွေပဲဖြစ်ပါတယ်။ နောက်ထပ် သစ်ရွက်စိမ်းတွေကို ထယ်ထိုးတဲ့နေရာမှာ ထည့်မယ်ဆိုရင်လည်း ကောင်းပါတယ်။ နေရာဒေသနဲ့ ကိုက်ညီမယ့် ပဲအမျိုးမျိုးကို စိုက်ပျိုးခြင်းကလည်း မြေဆီလွှာပျက်သုဉ်းမှုကို ထိန်းသိမ်းနိုင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ပဲကနေရတဲ့ အချဉ်ဓာတ်က မြေဆီလွှာကို အားဖြစ်စေပါတယ်။ ဓာတ်မြေဩဇာတွေသုံးမယ်ဆိုလည်း တိတိကျကျသုံးစေချင်ပါတယ်"ဟု ဒေါက်တာကျော်ငွေက ဆက်လက်ပြောပြသည်။

သီးနှံများစိုက်ရင်းစိုက်ရင်းနှင့် အပင်များဖြစ်ထွန်းမလာပါက မြေအာဟာရဓာတ်များ လျော့နည်းလာခြင်းကြောင့်ဖြစ်ကြောင်း၊ မြေတွင် လျော့နည်းသည့် အာဟာရဓာတ်ကိုသိရှိနိုင်ရန်မှာ ရှေ့ကသုံးသွားသည့်ဆေးများကိုသိမှ နောက်က ဘာဆေးထပ်ထည့်ရမည်ကို ဆောင်ရွက်နိုင်မည်ဖြစ် ကြောင်းသိရသည်။

"မြေဆီလွှာမှာ လိုအပ်တဲ့အာဟာရဓာတ်တွေလျော့နည်းလာပြီဆိုရင် အပင်ဖြစ်ထွန်းမှုကျလာတယ်။ မြေမှာလိုအပ်တဲ့အာဟာရကိုသိရှိနိုင်ဖို့က ရှေးက စိုက်ခင်းထဲ ဘာတွေလုပ်သွားတယ်။ ဘာဆေးတွေသုံးသွားလဲသိမှ ဖြေဆေးကလိုက်လို့ရပါမယ်။ နိုက်ထရိုဂျင်လိုတာကို နိုက်ထရိုဂျင်မထည့်ဘဲ တခြားအရာတွေ သွားထည့်မယ်ဆိုရင် ဘာမှထူးခြားမှုရှိမှာမဟုတ်ပါဘူး။ အကောင်းဆုံးကတော့ တောင်သူတွေအနေနဲ့ မြေဆီလွှာပျက်စီးလာပြီး ဘာတွေလိုအပ်သလဲဆိုတာအတိအကျသိရဖို့ကို မြေနမူနာယူပြီး နီးစပ်ရာ စိုက်ပျိုးရေးသုတေသန ဓာတ်ခွဲခန်းရှိတဲ့နေရာတွေမှာ စမ်းသပ်ပြသကြည့်သင့်ပါတယ်။ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ကိုလည်း လာရောက်ပြီး စမ်းသပ်ပြသနိုင်ပါတယ်။ တောင်သူဦးကြီးများ အခက်အခဲနဲ့ကြုံတွေ့တဲ့အခါ ကျွန်တော့် ဖုန်း-၀၉-၄၃၀၁၁၆၉၃၀ ကိုလည်း ဆက်သွယ်မေးမြန်းနိုင်ပါတယ်"ဟု ဒေါက်တာကျော်ငွေက မြေဆီလွှာပျက်စီးမှုကို သိရှိစေရန် ဆက်လက်ပြောပြသည်။



## ကွမ်းရွက်ဈေး စတင်မြင့်တက်စပြုလာ

မလှိုင်မြို့နယ်နှင့် အနီးပတ်ဝန်းကျင်ဒေသများတွင် ယခုလကုန်ပိုင်းမှစတင်၍ နေ့ညအပူချိန်များ သိသိသာသာ ကျဆင်းလာခဲ့သည့်အတွက် ကွမ်းစိုက်တောင်သူများ ကွမ်းအထွက်နည်းလာကာ ကွမ်းရွက်ဈေးများ မြင့်တတ်လာကြောင်း ကွမ်းစိုက်တောင်သူများနှင့်တစ်ဆင့် ကွမ်းရွက်ယူရောင်းသူများက ပြောသည်။

"လွန်ခဲတဲ့နှစ်ပိုင်းကဆိုရင် ကွမ်းရွက်ဈေးက မြင့်တက်တယ်ဆိုတော့လည်း ဒီနှစ်လောက်ဈေးမမြင့်ဘူး။ အလွန်ဆုံးဝယ်ရမှာ ဖောက်သည်ဈေး ငွေကျပ် ၇၀၀၀ လောက်ပဲဝယ်ရတယ်။ အခုနှစ်တော့ ကွမ်းရွက်ဈေးက တစ်ပိဿာအနည်းဆုံး ငွေကျပ် ၅၀၀၀ ခန့်ပေးဝယ်ရသလို ကွမ်းနုဝါ(ခေါ်) ကွမ်းဆိုရင် တစ်ပိဿာ ငွေကျပ် ၁၄၀၀၀ အထိပေးဝယ်နေရပါတယ်" ဟု ကွမ်းယာ ရောင်းချသူတစ်ဦးက ပြောသည်။ "ယမန်နှစ်က ကွမ်းရွက်ဈေးတက်ပေမယ့် ဒီနှစ်လောက်ဈေးမတက်ဘူး။ ဈေးတက်ရခြင်းအကြောင်းကတော့ ကျေးလက်ဒေသတွေမှာ နေ့စားအလုပ်သမားရှားပါးလာသလို အခြေခံကွမ်းစိုက်ပျိုးသည်(မျိုး)ပင်များဈေးတက်ခြင်း၊ မိုးခေါင်ရေရှားပါးခြင်း၊ ကွမ်းစိုက် တောင်သူများ အရင်းအနှီးများလာခြင်းစသည်တို့ကြောင့်လည်း ကွမ်းဈေးမြင့်တက်လာတာပါ။ ကျွန်တော့်ကွမ်းခြံမှာဆိုရင် အလုပ်သမားရှားပါးလာလို့ အရင်ကဆို အလုပ်သမားတစ်ဦးကို တစ်ရက် ငွေကျပ် ၂၅၀၀ ပဲပေးရတာ။ အခုဆိုရင် တစ်ရက် ငွေကျပ် ၃၀၀၀ ပေးတာတောင် ကွမ်းရွက်ခူးချိန်ဆို အလုပ်သမားရှာလို့မလွယ်ဘူး"ဟု မလှိုင်မြို့နယ် မုန့်ပင်ကျေးရွာရှိ ကွမ်းခြံ စိုက်တောင်သူ များထံမှ သိရသည်။

**ကျော်ကျော်(မလှိုင်)**

## ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ကျပ်ငွေ ၁၅ ဘီလီယံအသုံးပြုမည်

ဖြိုးလွင်အောင် (AMIA)

ယခုဘဏ္ဍာနှစ် မကုန်ဆုံးမီ သုံးလအတွင်း ရန်ကုန်တိုင်းဒေသကြီး၏ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျပ်ငွေ ၁၅ ဘီလီယံ အသုံးပြုမည်ဖြစ်ကြောင်း ဇန်နဝါရီ ၁၇ ရက်က ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) တွင် ပြုလုပ်သည့် တိုင်းဒေသကြီး စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး တွေ့ဆုံဆွေးနွေးပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီး၏ လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျပ်ငွေ ၈ ဘီလီယံ အသုံးပြုသွားမည်ဖြစ်ပြီး စိုက်ပျိုးရေရရှိရန် ဆည်မြောင်းစနစ် ပြုပြင်ရေးအတွက် ကျပ်ငွေ ၇ ဘီလီယံကို အသုံးပြုသွားမည်ဖြစ်ကြောင်း ၎င်းကပြောသည်။

"ကျွန်တော်တို့ ရန်ကုန်တိုင်းဒေသကြီးမှာ စက်မှုကဏ္ဍ ဖွံ့ဖြိုးလာတာနဲ့အမျှ လယ်ယာကဏ္ဍမှာ လုပ်ဆောင်နိုင်မှု အခြေအနေက နည်းလာတာတော့ ရှိပေမယ့် သေးသွားတဲ့ ဆိုဒ်ကိုပဲ နည်းပညာတွေနဲ့ အဆင့်မြှင့်တင်ချင်ပါတယ်"ဟု ၎င်းက ပြောသည်။

အဆိုပါ လုပ်ငန်းများကို အကောင်အထည်ဖော်နိုင်ရန်အတွက် အသေးစိတ် Master Plan ကို ရေးဆွဲနိုင်ရန် ကဏ္ဍအစုံမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးပြီးပါက Master Plan ကို ယခုလအတွင်း ရေးဆွဲကာ အမြန်ဆုံးအကောင်အထည် ဖော်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာစိုးထွန်းက ပြောသည်။

" ဒီလုပ်ငန်းတွေ အတွက်က ဘတ်ဂျက်က ကျပြီးသားပါ။ Master Plan ဆွဲပြီးရင်တော့ ဒီ သုံးလအတွင်း အကောင်အထည်ဖော်မှာပါ။ Master Plan ကလည်း သုံးနှစ်စာ ရေးဆွဲမှာပါ။ ဒီ Plan ပေါ်မှာ မူတည်ပြီး နောက်နှစ်တွေမှာလည်း လိုအပ်တဲ့ ဘတ်ဂျက်ကို လျာထားမှာပါ" ဟု ၎င်းက ပြောသည်။

ထို့အပြင် တိုင်းဒေသကြီးရှိ လယ်ယာမြေနှင့် မြေလွတ်မြေရိုင်းများကို ရယူထားသည့် ကုမ္ပဏီများကိုလည်း စိုက်ပျိုးရေးလုပ်ကိုင်ရန် တွန်းအားပေးသွားမည်ဖြစ်ပြီး တိုင်းဒေသကြီးအတွင်းမှ လယ်ယာမြေသိမ်းဆည်းမှုပြဿနာများကို အစိုးရသက်တမ်းသုံးနှစ်အတွင်း အပြီးဖြေရှင်းသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆွေးနွေးပွဲတွင် ပြောကြားခဲ့သည်။

ရန်ကုန်တိုင်း ဒေသကြီးတွင် လယ်ယာမြေဧကပေါင်း ၂၅ သိန်းကျော်ရှိသော်လည်း ရေအလုံအလောက် မရရှိမှု၊ ရေကြီးရေလျှံမှုများနှင့် နည်းပညာ ငွေကြေးအခက်အခဲများကြောင့် လက်ရှိ စိုက်ပျိုးနေသည့် မြေဧက မှာ ၁၂ သိန်းကျော်သာ ရှိကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် စွမ်းအင်ဝန်ကြီး ဌာနမှ သိရသည်။

# မန္တလေး အရိုးရောဂါကုဆေးရုံကြီး၌ ခြေတု၊ လက်တုနှင့် အားပြုကိရိယာအလုပ်ရုံ ဖွင့်ပွဲကျင်းပ

**မန္တလေး ဇန်နဝါရီ ၂၂**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် Exceed Worldwide အဖွဲ့တို့ ပူးပေါင်းတည်ထောင်သည့် ခြေတု၊ လက်တုနှင့် အားပြုကိရိယာအလုပ်ရုံ (Mandalay Orthopaedic Hospital Prosthetic & Orthotic center) ဖွင့်ပွဲအခမ်းအနားကို မန္တလေးမြို့ချမ်းမြသာစည်မြို့နယ် (၆၂)လမ်း အရိုးအထူးကုဆေးရုံကြီးဝင်းအတွင်းရှိ အဆိုပါစင်တာအဆောက်အအုံရှေ့၌ ဇန်နဝါရီ ၁၆ ရက်က ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဌေးအောင်၊ ဂျပန်သံရုံးမှ တာဝန်ရှိသူတစ်ဦးနှင့် The Nippon Foundation မှ တာဝန်ရှိသူတစ်ဦးက စင်တာကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ပြီး မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က စင်တာကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ် ဖွင့်လှစ်ခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် Exceed Worldwide အဖွဲ့တို့ ပူးပေါင်းတည်ထောင်သည့် ခြေတု၊ လက်တုနှင့် အားပြုကိရိယာအလုပ်ရုံကို မန္တလေးမြို့ အရိုးအထူးကုဆေးရုံကြီးတွင် ဖွင့်လှစ်နိုင်ခြင်းသည် အထက်မြန်မာပြည်ဒေသရှိ သက်ငယ်မသန်စွမ်းသူများ ပြန်လည်ထူထောင်ရေးတွင် များစွာအထောက်အကူပြုမည်ဖြစ်သလို သက်ကြီးရွယ်အိုများအတွက်လည်း အထောက်အကူပြုမှာဖြစ်ပါကြောင်း၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်သည့် စီမံကိန်းဖြစ်သည့်အတွက် အသိပညာ၊ နည်းပညာများ ရရှိမည်ဖြစ်ပြီး ပြည်သူလူထုကို ကောင်းစွာ အလုပ်အကျွေးပြုစုနိုင်မည်ဟု ယုံကြည်ကြောင်း၊ ယခုလို မန္တလေးမြို့တွင် PO Clinic တစ်ခု ပေါ်ပေါက်လာအောင် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှ အဆောက်အဦးလှူဒါန်းပြီး Exceed Worldwide ရန်ပုံငွေများဖြင့် လုပ်ငန်းလည်ပတ်မည်ဟုလည်း သိရှိရကြောင်း၊ နိုင်ငံတကာဖြင့် ပူးပေါင်းဆောင်ရွက်ရသည့် အခွင့်အရေးတစ်ခု ရရှိခြင်းဖြစ်၍ မိမိအကျိုး၊ သူတစ်ပါးအကျိုး ဖြစ်ထွန်းအောင် စီမံဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း၊ ပြည်သူများ၏မျှော်လင့်ချက်ကို ဖြည့်ဆည်းပေးရန် အစိုးရအဖွဲ့မှာရော ဌာနဆိုင်ရာဝန်ထမ်းများမှာပါ တာဝန်ရှိကြောင်း အမှာစကားပြောကြားသည်။

ဆက်လက်၍ ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဌေးအောင်က ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ချမှတ်ထားသည့် မူဝါဒ(၃)ရပ်ကို ကုသရေးဦးစီးဌာနအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် ကျန်းမာရေး စောင့်ရှောက်မှု တိုးတက်မြင့်မားစေရန် ဆေးရုံများ၏ အရည်အသွေးမြှင့်တင်ရေး ဆောင်ရွက်နေမှုလုပ်ငန်းများနှင့် ပတ်သက်၍ ပြောကြားပြီး အဆောက်အအုံကို ပံ့ပိုးကူညီလှူဒါန်းသော မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံး၏ ပထမအတွင်းဝန်နှင့် Exceed Worldwide ၏ မြန်မာတာဝန်ခံ အမှုဆောင်ဒါရိုက်တာတို့က ခြေတု၊ လက်တုနှင့် အားပြုကိရိယာအလုပ်ရုံ ဖွင့်လှစ်နိုင်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကြသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## ကျေးရွာရေပိုက်လိုင်း သွယ်တန်းပြီးစီး

**ဂန့်ဂေါ ဇန်နဝါရီ ၂၂**

ဂန့်ဂေါမြို့နယ် ဝက်ချိုပါကျေးရွာ၌ ရေရရှိရေးအတွက် ဆောင်ရွက်ခဲ့သော စက်ရေတွင်းတူးဖော်ခြင်းနှင့် နေအိမ်အရောက် ရေပိုက်လိုင်းသွယ်တန်းခြင်း လုပ်ငန်းများ ပြီးစီးပြီဖြစ်သဖြင့် ဒေသခံပြည်သူများအနေဖြင့် သောက်သုံးရေ အခက်အခဲမရှိတော့ဘဲ လွယ်ကူအဆင်ပြေစွာ အသုံးပြုနိုင်ပြီဖြစ်ကြောင်း သိရသည်။

ဝက်ချိုပါကျေးရွာသည် ယခင်က သောက်သုံးရေရှားပါးခဲ့ပြီး ရေကို ဝေးလံစွာခပ်ယူရသည့် ကျေးရွာများအနက် တစ်ရွာဖြစ်ခဲ့၍ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာရန်ပုံငွေ ကျပ် ၂ ဒသမ ၄ သန်းဖြင့် စက်ရေတွင်းတူးဖော်ခြင်း၊ ရေစုကန်တည်ဆောက်လုပ်ခြင်း၊ နေအိမ်ပတ်ဝန်းကျင်အရောက် ရေပိုက်လိုင်းဆွဲခြင်းများ ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများပြီးစီးသဖြင့် သောက်သုံးရေကို လွယ်လင့်တကူရရှိလာခြင်းဖြစ်ကြောင်း၊ ယခုအခါ သောက်သုံးရေအတွက် လုံလောက်ရုံသာမက မီးဖိုချောင်သုံးသီးနှံများကိုပါ စိုက်ပျိုးနိုင်ပြီဖြစ်ကြောင်း ကျေးရွာနေပြည်သူတစ်ဦးက ပြောသည်။

ဂန့်ဂေါမြို့နယ်တွင် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ရန်ပုံငွေကျပ် သိန်း ၁၀၀၀ ဖြင့် ရပ်ကွက် ကျေးရွာများ၌ ရေပိုက်လိုင်းသွယ်တန်းခြင်း၊ အဝီစိတွင်း တူးဖော်ခြင်း၊ ရေကန်တူးဖော်ခြင်း၊ ကျေးရွာချင်းဆက်လမ်းများ ပြုပြင်ဖောက်လုပ်ခြင်း၊ တံတား၊ ရေကျော်နှင့် ရေပြွန်ဆောက်လုပ်ခြင်းစသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းပေါင်း ၄၀ ကို ဆောင်ရွက်ထားသည်။

အဆိုပါလုပ်ငန်းများအနက် လုပ်ငန်း ၃၇ ခုမှာ ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်ကြောင်း၊ လုပ်ငန်းများ စံချိန်စံညွှန်းမီအောင် ဆောင်ရွက်ရေးအတွက် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဉာဏ်လှိုင်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးကျော်လင်းနှင့် တာဝန်ရှိသူများက အဆိုပါ လုပ်ငန်းများဆောင်ရွက်မှုကို ကွင်းဆင်းစစ်ဆေးခြင်း၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံကာ လုပ်ငန်းဆိုင်ရာများ ဆွေးနွေးခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(၁၀၁)**

## ကြတ်ဂူသဘာဝနယ်မြေ ပြုပြင်ထိန်းသိမ်းမှုများဆောင်ရွက်ရန် သွားရောက်စစ်ဆေး

**လှိုင်ကော် ဇန်နဝါရီ ၂၂**

ကယားပြည်နယ် လှိုင်ကော်မြို့အရှေ့ဘက် ၁၁ မိုင်ခန့်အကွာတွင် တည်ရှိသော ကြတ်ဂူသဘာဝနယ်မြေကို ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်နိုင်ရန်အတွက် ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့် ဝန်ကြီးများ၊ တာဝန်ရှိသူများပါဝင်သောအဖွဲ့ ဇန်နဝါရီ ၂၀ ရက်က သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် သဘာဝကြတ်ဂူနယ်မြေတွင် သာသနာပြုနေသည့် ကျောင်းထိုင်ဆရာတော် ဦးဝါယမအား အလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့ပြီးနောက် ကျောင်းထိုင်ဆရာတော်က သာသနာ့နယ်မြေ သီးသန့်နယ်မြေအဖြစ် ဆောင်ရွက်ပေးနိုင်ရေး၊ သောက်သုံးရေရရှိရေး၊ ကြတ်ဂူအဝင်လမ်းကို ခရီးသွားပြည်သူများ လွယ်ကူစွာသွားလာနိုင်ရေးအတွက် ပတ်လမ်းများ ပြင်ဆင်ဆောင်ရွက်ပေးနိုင်ရေးစသည့် လိုအပ်ချက်များကို ရှင်းလင်းမိန့်ကြားပြီး ပြည်နယ်ဝန်ကြီးချုပ်က သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က သဘာဝကြတ်ဂူနယ်မြေကို ရှေးဟောင်းယဉ်ကျေးမှုနယ်မြေအဖြစ် သတ်မှတ်နိုင်ရေး၊ ကြတ်ဂူအတွင်း လျှပ်စစ်မီးများရရှိနိုင်ရေး၊ ကြတ်ဂူအတွင်း ခရီးသွားပြည်သူများအတွက် လျှောက်လမ်းများ ပြုပြင်ဆောင်ရွက်နိုင်ပေးနိုင်ရေးတို့ကို ဘဏ္ဍာရေးနှစ်အလိုက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားပြီး ကျောင်းထိုင်ဆရာတော်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများက ကြတ်ဂူပတ်လမ်းဖောက်လုပ်မည့် လမ်းမြေနေရာကို သွားရောက်ကြည့်ရှုခဲ့ကြသည်။

**(ပြည်နယ် ပြန်/ဆက်)**

## ကျေးရွာ ၃၄ ရွာကို မီးပေးမည့် ဓာတ်အားခွဲရုံသို့ ဓာတ်အားစမ်းသပ်ပို့လွှတ်

**မြင်းခြံ ဇန်နဝါရီ ၂၂**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်အတွင်း ကျေးရွာ ၃၄ ရွာသို့ မီးပေးရန်အတွက် တလုပ်မြို့ကျေးရွာ၌ ဓာတ်အားခွဲရုံကို လျှပ်စစ်ဓာတ်အားပေးလုပ်ငန်းက ဆောက်လုပ်၍ စက်တပ်ဆင်ပြီးစီးပြီဖြစ်ရာ အဆိုပါ ဓာတ်အားခွဲရုံသို့ လျှပ်စစ်ဓာတ်အား ဇန်နဝါရီ ၂၀ ရက်က စတင်စမ်းသပ်ပို့လွှတ်ခဲ့သည်။

ဓာတ်အား စမ်းသပ်ပို့လွှတ်ရာသို့ မြင်းခြံခရိုင်လျှပ်စစ်မန်နေဂျာ ဦးကျော်မျိုးအောင်၊ မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးအောင်လွင်နှင့် လက်ထောက်မန်နေဂျာ (အင်ဂျင်နီယာ)ဦးစိုးဝင်းတို့က လာရောက်ကြီးကြပ်ခဲ့ပြီး တလုပ်ဓာတ်အားခွဲရုံ၏ လျှပ်စစ်မီးရောက်ရှိမှု အခြေအနေ၊ စက်များ၏ လုပ်ဆောင်နိုင်မှုစွမ်းအားများ၊ ထရန်စဖော်မာများ၏ အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။



တလုပ် ဓာတ်အားခွဲရုံသည် ၃၃/၁၁ ကေဗွီအေ၊ ၅ အမ်ဗွီအေ ထရန်စဖော်မာဖြစ်ပြီး ဓာတ်အားခွဲရုံ၏ မြေနေရာကို မြေအလှူရှင် ဦးထိန်လင်း၊ ဒေါ်လှဉနှင့် ဒေါ်ဌေးလှိုင်တို့က လှူဒါန်းပေးခဲ့ခြင်းဖြစ်ကာ အဆိုပါ ဓာတ်အားခွဲရုံမှ မကြာမီအချိန်အတွင်း တလုပ်မြို့ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာ ၃၄ ရွာသို့ လျှပ်စစ်ဓာတ်အားများ ဖြန့်ဖြူးပေးမည်ဖြစ်၍ ဒေသခံပြည်သူများအနေဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်သော လူမှုဘဝများကို ရရှိကြတော့မည်ဖြစ်ကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

## သတင်းတိုများ

### ရန်ကုန်တောင်ပိုင်းခရိုင် သုဓမ္မာနိကာယ ဝိနည်းစာပြန်ပွဲ ကျင်းပမည်

ရန်ကုန်တောင်ပိုင်းခရိုင် ရှစ်မြို့နယ်လုံးဆိုင်ရာ သုဓမ္မာနိကာယ ဝိနည်းစာပြန်ပွဲတော်ကို ခရမ်းမြို့နယ်၌ ဇန်နဝါရီ ၂၄ ရက်မှ ၂၇ ရက်(ပြာသိုလပြည့်ကျော် ၁၂ ရက်မှ လကွယ်နေ့)အထိ ခရမ်းမြို့သကျမာရဇိန် သွန်းဘုရားကြီး သာသနာ့ဗိမာန်တော်၌ စည်ကားစွာ ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။

စာပြန်ပွဲတော်သို့ ကြွရောက်တော်မူကြမည့် ဆရာတော်၊ သံဃာတော်များ၊ စာပြန်ကိုရင်များအား ဆွမ်း၊ အချိုပွဲ၊ အအေးနှင့် လှူဖွယ်ပစ္စည်းများ ဆပ်ကပ်လှူဒါန်းနိုင်ပြီး လှူဒါန်းလိုသော အလှူရှင်များအနေဖြင့် ခရမ်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဖုန်း-၀၅၆-၃၀၀၁၃ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**ကိုမင်း(ခရမ်း)**

### မူးယစ်ဆေးဝါးအသိပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

လှိုင်းဘွဲမြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းနှင့် ရွှေဂွန်းမြို့မရဲစခန်းတို့ ပူးပေါင်း၍ လှိုင်းဘွဲမြို့နယ် ကပ္ပလီကျေးရွာ အထက(ခွဲ)မှ ကျောင်းသားကျောင်းသူများအား မူးယစ်ဆေးအန္တရာယ်အကြောင်း အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ၂၀ ရက်က ကျင်းပခဲ့ပြီး ဟောပြောပွဲတွင် ရွှေဂွန်းမြို့မရဲစခန်းမှ ရဲအုပ်အောင်မြို့မင်း၊ မြို့နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ ဦးဌေးဝင်းနှင့် အဖွဲ့ဝင်များက မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့်အကြောင်းအရာများကို ကျောင်းသား ကျောင်းသူများအား ဆွေးနွေးဟောပြောကာ ဟောပြောပွဲသို့ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ၊ ကျောင်းသား ကျောင်းသူများ အင်အား ၁၃၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

### အရန်မီးသတ်တပ်ဖွဲ့ဝင်များအား ဝတ်စုံများပေးအပ်

ဟိုင်းကြီးကျွန်းမြို့ ပြင်ခရိုင်ကျေးရွာအုပ်စု ပြင်ခရိုင်ကျေးရွာမှ အရန်မီးသတ်တပ်ဖွဲ့ဝင်များအတွက် ငပုတောမြို့နယ် မီးသတ်ဦးစီးဌာနမှ ပေးအပ်သော အရန်မီးသတ်ဝတ်စုံ (ဖိနပ်၊ ဦးထုပ်၊ ဝတ်စုံ)အစုံ ၄၀ ပေးအပ်ပွဲကို ပြင်ခရိုင်ကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ဖေဖော်ဝါရီ ၂၀ ရက်က ကျင်းပခဲ့ပြီး ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးမောင်မောင်လွင်နှင့် ဒေသအရန်မီးသတ်တပ်ခွဲမှူး ဦးလှကျော်တို့က အရန်မီးသတ်တပ်ဖွဲ့ဝင်များအား မီးသတ်ဝတ်စုံများကို ပေးအပ်ခဲ့သည်။

**(မြို့နယ် ပြန်/ဆက်)**

## မတ္တရာမြို့နယ်တွင် ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲ ကျင်းပ

**မတ္တရာ ဇန်နဝါရီ ၂၂**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် တောင်ပြုံးကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ အလှူရှင်များ ဆောက်လုပ်လှူဒါန်းသော အောင်ဇေယျနိုင်ကျောင်းဆောင်သစ် ဖွင့်ပွဲနှင့် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို ဇန်နဝါရီ ၁၉ ရက်က အဆိုပါကျောင်းဆောင်သစ်ရှေ့၌ ကျင်းပခဲ့သည်။

ကျောင်းဆောင်သစ်ကို မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးနှင့် တာဝန်ရှိသူများ၊ အလှူရှင်မိသားစုဝင်များက ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားကာ ကျောင်းဆောင်သစ်အလှူရှင် ဦးနိုင်တိုး(စေတော်ဝင်)က ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းခြင်းနှင့်ပတ်သက်၍ ဝမ်းမြောက်ကြောင်း ပြောကြားသည်။ ထို့နောက် ကျောင်းဆောင်သစ်နှင့်သက်ဆိုင်သော စာရွက်စာတမ်းများကို အလှူရှင်မိသားစုက ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး ကျောင်းဆောင်သစ်အလှူရှင်မိသားစုအား ဂုဏ်ပြုမှတ်တမ်းလွှာများကို ဝန်ကြီးချုပ်က ပြန်လည်ပေးအပ်ခဲ့သည်။

အဆိုပါ အောင်ဇေယျနိုင်ကျောင်းဆောင်သစ်သည် အလျား ၂၁၀ ပေ၊ အနံ ၃၀ ပေရှိပြီး အာရ်စီနှစ်ထပ်အမျိုးအစားဖြစ်ကာ စာသင်ခန်း ၁၄ ခန်းပါဝင်ကြောင်းနှင့် အလှူရှင်များက ငွေကျပ်သိန်း ၂၁၅၀ အကုန်ကျခံ၍ ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**

## ကျောင်းသားများအား အသက် ၁၀ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေး



**စလင်း ဇန်နဝါရီ ၂၂**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ကန်ပြားကျေးရွာရှိ တွဲဖက်အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများအတွက် အသက် ၁၀ နှစ်ပြည့်နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် ရစ်ပြင်ကျေးရွာရှိ ပြည်သူများအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးအပ်ပွဲကို ဇန်နဝါရီ ၁၉ ရက်က အဆိုပါကျောင်း၌ ပြုလုပ်ခဲ့သည်။

နိုင်ငံသားစိစစ်ရေးကတ်များ ပေးအပ်ရာတွင် အဆိုပါကျောင်းမှ အသက် ၁၀ နှစ်ပြည့်ပြီး ကျောင်းသား ကျောင်းသူ ၃၄၀ အတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် ရစ်ပြင်ကျေးရွာမှ အိမ်ထောင်စု ၁၂၀ စုမှ ပြည်သူများအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမောင်နှင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးဌာနမှူး ဦးသိန်းလွင်တို့က ကျောင်းသား ကျောင်းသူနှင့် ပြည်သူတစ်ဦးချင်းထံ ထုတ်ပေးခဲ့ကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

# "ပြည်သူ့ရင်ပြင် တရားအလှူ ဓမ္မသဘင် ကျေးဇူးတင်လွှာ"

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသော နှစ်သစ်ကူးတရားအလှူတော် ဓမ္မသဘင်** ကို (၂.၁.၂၀၁၇) မှ (၆.၁.၂၀၁၇)အထိ (၅)ရက်တိုင်တိုင် အထူးစည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပခဲ့ပါသည်။ထိုဓမ္မသဘင်ဆင်ယင်ကျင်းပနိုင်ရန်အတွက် တရားထူးတရားမြတ်များအား ကြွရောက်ချီးမြှင့်ဟောကြားပေးပါသော ....

- ဒေါက်တာအရှင်ဉာဏိဿရ (သီတဂူဆရာတော်)
- အရှင်သီရိန္ဒာဘိဝံသ (ယောဆရာတော်)
- ဒေါက်တာအရှင်နန္ဒမာလာဘိဝံသ (ပါမောက္ခချုပ်ဆရာတော်)
- အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရဆရာတော်)
- အရှင်ရာဇိန္ဒ (ရဝေနွယ်– အင်းမဆရာတော်)

ဆရာတော်ကြီးများနှင့် ပဋ္ဌာန်း၊ ပရိတ်တရားတော်များ ချီးမြှင့်ပေးပါသော **ရန်ကုန်တိုင်းဒေသကြီး၊ သံဃာ့နာယက ဥက္ကဋ္ဌဆရာတော် ဒေါက်တာကုဏ္ဍဗလ နှင့် မဟာဝိသုဒ္ဓါရုံကျောင်းတိုက်မှ ဆရာတော်၊ သံဃာတော်များ** အားလည်းကောင်း၊ တရားနာကြွရောက်ချီးမြှင့်ပေးပါသော **ရဟန်းသံဃာတော်များ၊ သီလရှင်များ** အားလည်းကောင်း၊ (၅)ရက်တိုင်တိုင် တရားနာကြွရောက်ပေးပါသော **ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ** အားလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌနှင့် သက်ဆိုင်ရာလွှတ်တော်အသီးသီးမှ ပုဂ္ဂိုလ်များအားလည်းကောင်း၊ အစိုးရအဖွဲ့ဝင် လူကြီးမင်းများအားလည်းကောင်း၊ တရားပွဲကျင်းပရေး အထောက်အကူပြု အဖွဲ့ဝင်များအားလည်းကောင်း၊ သက်ဆိုင်ရာဌာနအသီးသီးမှ တာဝန်ရှိလူကြီးမင်းများအားလည်းကောင်း၊ ပရဟိတအသင်း အဖွဲ့များအားလည်းကောင်း၊ တရားပွဲမတည်အလှူရှင်များဖြစ်ကြသော **ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ဇနီး ဒေါ်ခင်မိမိကြွယ်** မိသားစု၊ ဦးချမ်းငြိမ်း– ဒေါ်အေးအေးထွန်း၊ သား မောင်ချမ်းကောင်းဆက် မိသားစု၊ ဦးရှိန်ဝင်း–ဒေါ်ခင်ချိုဦး သား မောင်ကောင်းထိုက်ထွန်း မိသားစု၊ ဝိသာခါ ဖောင်ဒေးရှင်း၊ လေးကျွန်းသူ ဖောင်ဒေးရှင်းနှင့် ရွှေသံလွင်ကုမ္ပဏီတို့အားလည်းကောင်း၊ တရားပွဲဖြစ်မြောက်ရေးနှင့် ဓမ္မပူဇာအလှူရှင်များအား လည်းကောင်း၊ အာဟာရဒါနများလှူဒါန်းပေးကြသော ကုမ္ပဏီများနှင့် လုပ်ငန်းရှင်ကြီးများအားလည်းကောင်း၊ CCTV Camera များဖြင့် လုံခြုံရေးမှတ်တမ်းတင်ပေးပါသော နောင်ရိုး CCTV Co.,Ltd. အားလည်းကောင်း၊ လုံခြုံရေး ကိစ္စများအတွက် ပါဝင်ဆောင်ရွက်ပေးပါသော Myanmar Best Security Co.,Ltd. အားလည်းကောင်း၊ Fortune International Co.,Ltd. အားလည်းကောင်း၊ Anti Drone ဖြင့် ကူညီဆောင်ရွက်ပေးပါသောTRD Co.,Ltd. မှ ဒေါက်တာတင်အောင်လင်းနှင့် အဖွဲ့အားလည်းကောင်း၊ ကျန်းမာရေး စောင့်ရှောက်မှုပေးခဲ့သော ပုဂ္ဂလိကဆေးရုံများ၊ ဆေးခန်းများနှင့် ဆရာဝန်၊ ဆရာဝန်မများအား လည်းကောင်း၊ အခမဲ့ Taxi အငှားယာဉ်များ၊ မော်တော်ယာဉ်များ၊ လူနာတင်ယာဉ်များဖြင့် ကူညီဆောင်ရွက်ပေးခဲ့ပါသော အသင်းအဖွဲ့များအားလည်းကောင်း (၅)ရက်တိုင်တိုင် တရားပွဲသို့ တရားနာ ကြွရောက်ကြသော တရားနာ ပရိသတ်များအားလည်းကောင်း၊ မြန်မာတစ်နိုင်ငံလုံးမှ ကြည့်ရှုတရားနာယူနိုင်ရန် တိုက်ရိုက်ထုတ်လွှင့် လှူဒါန်းပေးပါသော MRTV(4) နှင့် SKY NET ရုပ်သံလိုင်းများအားလည်းကောင်း၊ FM Radio သတင်းဌာနများအားလည်းကောင်း၊ တရားကိုမြတ်နိုး တရားကိုချစ်ခင်သော မြန်မာတစ်နိုင်ငံလုံးမှ တရားနာမိဘပြည်သူများနှင့် အခြားကျေးဇူးတင်ထိုက်သူများအား ကျေးဇူးအထူးဥပကာရတင်ရှိပါကြောင်းနှင့် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ နှစ်သစ်မှာ ကျန်းမာချမ်းသာအေးချမ်းကြပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**နှစ်သစ်ကူးတရားအလှူဓမ္မသဘင်ဖြစ်မြောက်ရေးကော်မတီ**

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း**
**ပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းလက်အောက်ရှိ တိုင်းဒေသကြီး/ပြည်နယ်များအတွက် လိုအပ်သော အိမ်သုံးမီတာ၊ ပါဝါမီတာနှင့် စီတီမီတာများ ဝယ်ယူရန် မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်-

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၃-၁-၂၀၁၇ ရက်
**တင်ဒါပိတ်မည့်ရက်** - ၁၀-၂-၂၀၁၇ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၂း၀၀နာရီ

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ် ၂၇၊ နေပြည်တော်**
**ဖုန်း-၀၆၇-၈၁၀၄၂၄၄၊ ၀၆၇-၈၁၀၄၂၄၅၊ Fax-၀၆၇-၈၁၀၄၂၄၆**



**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တွင် အသုံးပြုရန်လိုအပ်သော ဒီဇယ်ဆီ H.S.D နှင့် ပရီမီယံဒီဇယ်ဆီ P.H.S.D တို့ကို ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ဈေးနှုန်းကမ်းလှမ်းလွှာများကို ၃၁-၁-၂၀၁၇ ရက် ၁၃း၀၀နာရီ နောက်ဆုံးထားတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ဗဟိုပစ္စည်းထိန်းဌာန၊ ကမ်းနားလမ်း(ဗိုလ်တထောင်ဘုရားအနောက်ဘက်၊ ကွန်ကရစ်လမ်း၊ Toll Gate အနီး)၊ ဆိပ်ကမ်းမြို့နယ်တွင် ၂၃-၁-၂၀၁၇ ရက်မှစ၍ ရုံးချိန်အတွင်း ဆက်သွယ်ရယူနိုင်ပါကြောင်းနှင့် အသေးစိတ် သိရှိလိုပါက ဖုန်း-၀၁-၈၆၁၀၂၂၉ နှင့် ၀၁-၈၆၁၀၂၃၂ တို့ကို စုံစမ်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူမှုစိစစ်ရေးကော်မတီ**



**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၏ ပစ္စည်းများအား ရန်ကုန်စတို၊ ရန်ကုန်ဆိပ်ကမ်းနှင့် စီမံကိန်းစခန်းတို့မှ စီမံကိန်းနေရာအသီးသီးသို့ သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-

၂။ **တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်** - ၂၃-၁-၂၀၁၇ရက်
၃။ **တင်ဒါပိတ်မည့်ရက်** - ၂၆-၁-၂၀၁၇ရက်
၄။ **တင်ဒါပိတ်မည့်အချိန်** - ၁၂း၀၀နာရီ
၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ် (၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂**



**ဖခင်အမည်မှန်**

လယ်ဝေးမြို့၊ အထက(၂) နဝမတန်း (D)မှ မနွေးနွေး၏ဖခင် အမည်မှန်မှာ ဦးမျိုးသန့် ၉/လဝန(နိုင်)၂၄၉၆၅၃ ဖြစ်ပါသည်။

**ဦးမျိုးသန့်**



**အမည်ပြောင်း**

ဟသ်ာတမြို့နယ်၊ ကျောင်း(ခွဲ)၊ အထက၊ အလက ကြွက်ကျွန်းမှုလွန် အမကရုမ်းတော သတ္တမတန်းမှကျောင်းဝင်အမှတ်(၁၆၉) (ဘ) ဦးဝင်းအောင် (မိ) ဒေါ်ခင်လှိုင်ဦးတို့၏သား မောင်ဟန်သျှန်အား မောင်သုတအောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**ဦးဝင်းအောင်-ဒေါ်ခင်လှိုင်ဦး**


# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
# ပြည်တွင်းအခွန်များဦးစီးဌာန
# အောင်ဘာလေသိန်းဆုဌာနခွဲ
# သတင်းကြေညာချက်

၁။ အောင်ဘာလေသိန်းဆုဌာနခွဲသည် ကျပ်(၅၀၀)တန် အောင်ဘာလေသိန်းထီလက်မှတ်များကို ဝယ်ယူရောင်းချသူများအား သက်ဆိုင်ရာရုံးများတွင် လျှောက်လွှာတင်သွင်းကြရန် ၅-၉-၂၀၁၆ရက်နှင့် ၆-၉-၂၀၁၆ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ထည့်သွင်းကြေညာခဲ့ပါသည်။

၂။ အဆိုပါလျှောက်လွှာများကို ၁၆-၉-၂၀၁၆ရက်နောက်ဆုံးထား၍ တင်သွင်းစေခဲ့ရာ လျှောက်လွှာပိတ်ရက်တွင် လျှောက်လွှာစုစုပေါင်း (၂၁၇၃၈)စောင်ဖြင့် ထီစာအုပ်ပေါင်း (၄၀၆၄၈၀၉)အုပ်=ထီလက်မှတ်စောင်ရေပေါင်း (၄၄၇၅၃၂၈၉၉)စောင်ထိ လျှောက်ထားခဲ့ကြရာ လက်ရှိမြန်မာနိုင်ငံလူဦးရေ(၅၁)သန်းနှင့် အချိုးကျတွက်ချက်ပါက လူတစ်ဦးလျှင် ထီ(၉)စောင်နှုန်းခန့်ဖြစ်ပြီး ထီအက္ခရာလုံးရေ(၄၉၇)လုံးကျော် ပုံနှိပ်ထုတ်ဝေရမည့် အခြေအနေဖြစ်ပေါ်ခဲ့ပါသည်။

၃။ အောင်ဘာလေသိန်းဆုဌာနခွဲအနေဖြင့် ကျပ်(၅၀၀)တန် ထီလက်မှတ်စာအုပ် ဝယ်ယူခွင့်လျှောက်ထားသည့် လျှောက်လွှာများတွင် အမှန်တကယ်ထီဝယ်ယူရောင်းချမည့်သူမဟုတ်သူများပါဝင်နိုင်ခြင်းတို့ကြောင့် အဆင့်ဆင့်စိစစ်ခဲ့ရာ လက်ရှိအခြေအနေတွင် လျှောက်လွှာပေါင်း(၉၉၈၇)စောင်ဖြင့် ထီစာအုပ်ပေါင်း(၁၄၉၁၁၆၁၀)အုပ် =ထီလက်မှတ်စောင်ရေပေါင်း (၁၆၄၀၂၇၇၁၀)စောင် အက္ခရာလုံးရေအားဖြင့် (၁၈၂)လုံးခန့် စာရင်းရရှိထားပါသည်။

၄။ ယခင်က ပုံမှန်ထီအက္ခရာ (၂၇)လုံးနှင့် အရန်ထီအက္ခရာ(၅)လုံး စုစုပေါင်းအက္ခရာ (၃၂)လုံး ရိုက်နှိပ်ရန်မှာကြားခဲ့ပြီး ယခုအခါ ပုံမှန်ထီအက္ခရာ(၅)လုံးနှင့် အရန်ထီအက္ခရာ (၁၅)လုံးထပ်မံတိုးမြှင့် မှာကြားထားသဖြင့် စုစုပေါင်းအက္ခရာ (၅၂)လုံးထုတ်ဝေရန် လျာထားပြီးဖြစ်ပါသည်။ အဆိုပါ(၅၂)လုံးအနက် အက္ခရာလုံးရေ(၃၀)ကို အချိုးကျခွဲဝေရောင်းချပြီး (၂၂)လုံးကို အရန်ထီအဖြစ် ထားရှိဆောင်ရွက်သွားပါမည်။

၅။ ထီစာအုပ်ဝယ်ယူခွင့်လျှောက်ထားခဲ့သူများအနေဖြင့် ထီစာအုပ်အရေအတွက်မည်မျှ ဝယ်ယူခွင့်ရရှိသည်ကို သိရှိလိုလျှင်သော်လည်းကောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ပယ်ဖျက်ခဲ့ရမှုများရှိလျှင်သော်လည်းကောင်း မိမိတို့မူလလျှောက်ထားခဲ့သည့်ရုံးသို့ သွားရောက်စုံစမ်းမေးမြန်းနိုင်ပြီး ထီစာအုပ်များ ထပ်မံလိုအပ်ပါကလည်း ရောင်းချပေးသွားမည် ဖြစ်ပါသည်။

၆။ ကျပ်(၅၀၀/-)တန် ထီလက်မှတ်စာအုပ် ဝယ်ယူခွင့်ရရှိသူများအနေဖြင့် မိမိဝယ်ယူခွင့်ရရှိသော ထီစာအုပ်အရေအတွက်အရ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ပါသည်-

(က) ထီစာအုပ်တစ်အုပ်လျှင် တစ်လ ကျပ်(၁၀၀/-)နှုန်းဖြင့် (၃)လစာအာမခံငွေ (Deposit) ကို ၁၀-၂-၂၀၁၇ရက် နောက်ဆုံးထား၍ မိမိလျှောက်လွှာတင်သွင်းခဲ့သည့်ရုံးနှင့် ဆက်သွယ်ပြီး ပေးသွင်းပါရန်၊

(ခ) ပဋိညာဉ်စာချုပ်ချုပ်ဆိုရန်။

၇။ ကျပ်(၅၀၀)တန် အောင်ဘာလေထီလက်မှတ်စာအုပ်များ ခွဲဝေရောင်းချရာတွင် အက္ခရာလုံးရေ(၃၀)၊ ထီစာအုပ်ပေါင်း (၂၄၅၄၅၄၀)အုပ်ကို လက်ရှိထီလုပ်ငန်းဆောင်ရွက်နေသော လုပ်ငန်းရှင်(အဟောင်း)များ၊ လုပ်ငန်းရှင်အသစ်များဖြစ်သော စည်းကြပ်မှုမှလွတ်ကင်းနေသော ဝင်ငွေအပေါ် ဝင်ငွေခွန်ပေးဆောင်ထားသူများ၊ ဝင်ငွေရလမ်း စိစစ်ပြီးသူများ၊ ထီလုပ်ငန်းဆောင်ရွက်နေသူများနှင့် အသင်းအဖွဲ့/ကုမ္ပဏီများကို အချိုးကျခွဲဝေပေးခဲ့ပါသည်။

၈။ ယခင် ကျပ်(၂၀၀)တန် ထီလက်မှတ်စာအုပ်များ စတင်ထုတ်ဝေစဉ်က အက္ခရာလုံးရေ(၃၀) ထုတ်ဝေခဲ့သော်လည်း ပြင်ပဈေးကွက်တွင် အများပြည်သူများမှ ထီဝယ်ယူလိုအား နည်းပါးခဲ့သဖြင့် အက္ခရာ (၂၂)လုံးထိ ပြန်လည်လျှော့ချပြီး ထုတ်ဝေရောင်းချခဲ့ရပါသည်။

၉။ သို့ဖြစ်၍ ပထမအဆင့်အနေဖြင့် ကျပ်(၅၀၀)တန် ထီလက်မှတ်စာအုပ်များကို အက္ခရာလုံးရေ(၃၀)ဖြင့် စတင်ရောင်းချရန် သတ်မှတ်ပြီး ခွဲဝေပေးခဲ့ခြင်းဖြစ်ပါသည်။

၁၀။ အကယ်၍အကြောင်းအမျိုးမျိုးကြောင့် ကျပ်(၅၀၀)တန် ထီစာအုပ်ဝယ်ယူရောင်းချခွင့် မရရှိသူများအနေဖြင့် ဝယ်ယူရောင်းချလိုပါကလည်း အရန်ထီများမှ ရောင်းချပေးသွားမည်ဖြစ်ပါသဖြင့် သက်ဆိုင်ရာရုံးများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

၁၁။ ထီလက်မှတ်များကို ပြန်လည်ရောင်းချရာတွင် ထီလက်မှတ်ပေါ်၌ ရိုက်နှိပ်ထားသောတန်ဖိုးအတိုင်း ရောင်းချရန်နှင့် တန်ဖိုးအတိုင်းရောင်းချခြင်းမပြုပါက ပဋိညာဉ်စာချုပ်ပါအတိုင်း အမည်ပျက်စာရင်း (Black List) အဖြစ် သတ်မှတ်ခြင်းခံရမည့်အပြင် လစဉ်ထီစာအုပ်ဝယ်ယူခွင့်ကို ပြန်လည်ရုပ်သိမ်းခြင်း၊ ပေးသွင်းထားသော အာမခံငွေ (Deposit) များအားလုံး နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းယူခြင်းခံရမည်ဖြစ်ပါသည်။


**ဖခင်အမည်မှန်**

ဝိုင်းမော်မြို့၊ အထက (မိုင်းနား) ဆဌမတန်း(A)မှ မဂျာဆိုင်းနန်အောင်၏ ဖခင်အမည်မှန်မှာ ဦးတူးအောင် ဖြစ်ပါသည်။



**တစ်ဦးတည်းဖြစ်ကြောင်း**

မြစ်ကြီးနားမြို့၊ နည်းပညာတက္ကသိုလ် BE(Civil) ပဥ္စမနှစ်မှ မောင်ဂျန်မာထွဲလီ၏ ဖခင်ဦးထွဲဝါ ၁/တနန(နိုင်)၀၂၀၈၅၂ နှင့် ဦးဂျန်မာထွဲဝါသည် တစ်ဦးတည်းဖြစ်ပါသည်။



**ဖခင်အမည်မှန်**

မြစ်ကြီးနားမြို့၊ အထက(၂)၊ အဌမတန်း(D)မှ မောင်ခိုင်စိုး၏ ဖခင်အမည်မှန်မှာ ဦးဇော်မျိုးနိုင် ဖြစ်ပါသည်။



**ဖခင်အမည်မှန်**

မိုးကောင်းမြို့၊ အလက (ကျွန်းတော) အဌမတန်း(A)မှ မတင့်တင့်ထွန်း၊ ပဥ္စမတန်း(B)မှ မအေးသီတာတို့၏ ဖခင်အမည်မှန်မှာ ဦးဇော်မင်း ၁/မကတ(နိုင်)၁၁၄၇၂၅ ဖြစ်ပါသည်။



**အမည်မှန်**

မြစ်ကြီးနားမြို့၊ နည်းပညာတက္ကသိုလ် (Civil-5BE)မှ မောင်နော်အောန်၏ အမည်မှန်မှာ မောင်ဂေါ့လူနော်အောန် ဖြစ်ပါသည်။



**အမည်မှန်**

မြစ်ကြီးနားမြို့ အထက (စီတာပူ) အဌမတန်း(D)မှ မလောမ့်ဂျာအောန်၏ အမည်မှန်မှာ မပေါမ်ဂျာအောန် ဖြစ်ပါသည်။



**ပတ်စ်ပို့ပျောက်**

ကျွန်တော် ဦးနော်ဖန် ၁/မကန(နိုင်)၀၃၇၄၄၈ ၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကအကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၉၂၁၄၈၆၈**

## ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန် နဝမအကြိမ် ဘွဲ့နှင်းသဘင်

ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်၏ နဝမအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားကို ၂၂-၂-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့)နံနက်ပိုင်းတွင်လည်းကောင်း၊ အစမ်းလေ့ကျင့်ခြင်းကို ၂၁-၂-၂၀၁၇ရက် (အင်္ဂါနေ့) နံနက်ပိုင်းတွင်လည်းကောင်း၊ ရန်ကုန်တက္ကသိုလ်၊ ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အောက်ဖော်ပြပါသင်တန်းများ၏ ဘွဲ့ရအောင်စာရင်းထုတ်ပြန်ပြီးသူများသည် ဘွဲ့နှင်းသဘင်တက်ရောက်ရန် ဤတက္ကသိုလ်တွင် လျှောက်ထားရမည်။

၁။ ပါရဂူဘွဲ့(ပြည်သူ့ကျန်းမာရေး)သင်တန်း (၁/၂၀၁၄) ဘွဲ့ရအောင်စာရင်း ထုတ်ပြန်ပြီးသူ။
၂။ ပြည်သူ့ကျန်းမာရေးမဟာဘွဲ့သင်တန်း (၁/၂၀၁၆) ဘွဲ့ရအောင်စာရင်း ထုတ်ပြန်ပြီးသူများ။
၃။ ပြည်သူ့ကျန်းမာရေးမဟာဘွဲ့သင်တန်း (၁/၂၀၁၅) ဘွဲ့ရအောင်စာရင်း (နောက်ဆက်တွဲ) ထုတ်ပြန်ပြီးသူ။
၄။ ဆေးပညာမဟာသိပ္ပံ (ဆေးရုံအုပ်ချုပ်မှုနှင့် ကျန်းမာရေးစီမံခန့်ခွဲမှုပညာ) သင်တန်း(၁/၂၀၁၆)ဘွဲ့ရအောင်စာရင်းထုတ်ပြန်ပြီးသူများ။
၅။ ဆေးရုံအုပ်ချုပ်မှုပညာဒီပလိုမာသင်တန်း (၁/၂၀၁၆) ဘွဲ့ရအောင်စာရင်း ထုတ်ပြန်ပြီးသူများ။
၆။ ဆေးပညာသင်ကြားရေးဒီပလိုမာသင်တန်း (၃/၂၀၁၆) ဘွဲ့ရအောင်စာရင်း ထုတ်ပြန်ပြီးသူများ။

ဘွဲ့နှင်းသဘင် တက်ရောက်ဘွဲ့ယူလိုသူများသည် ဘွဲ့နှင်းသဘင်ကြေး (၁၅၀၀ိ/-)နှင့်အဝေးရောက်ဘွဲ့ယူလိုသူများသည် အဝေးရောက်ဘွဲ့နှင်းသဘင်ကြေး(၁၀၀၀ိ/-)ကိုပေးသွင်းရမည်။ သတ်မှတ်ထားသောလျှောက်လွှာတွင် ပြည့်စုံစွာဖြည့်စွက်လျက် လွန်ခဲ့သည့်သုံးလအတွင်း ရိုက်ကူးထားသော (တစ်လက်မခွဲ×နှစ်လက်မ)အရွယ် ရောင်စုံဓာတ်ပုံ (၅)ပုံနှင့်အတူ ၁၀-၂-၂၀၁၇ ရက် နောက်ဆုံးထား၍ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်မော်ကွန်းထိန်းထံ လျှောက်ထားနိုင်သည်။ ဘွဲ့တက်ရောက်ယူမည့်သူများသည် အစမ်းလေ့ကျင့်ခြင်းကို မပျက်မကွက်တက်ရောက်ရမည်။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန် မော်ကွန်းထိန်းရုံးခန်း ဖုန်း-၀၁-၃၉၅၃၆၇၊ စာမေးပွဲ/ဘွဲ့နှင်းသဘင်ဌာနစု ဖုန်း-၀၁-၃၉၅၂၁၃၊ ၃၉၅၂၁၄ (လိုင်းခွဲ-၃၁)သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

အမိန့်အရ-

**လှလှရီ**
**မော်ကွန်းထိန်း**
**ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်**

## မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ် ဒသမအကြိမ်မြောက် ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ် (၂၀၁၅-၂၀၁၆) ပညာသင်နှစ်အတွက် ၂၀၁၆ ခုနှစ် စက်တင်ဘာလတွင် ကျင်းပခဲ့သော ပဉ္စမနှစ်အင်ဂျင်နီယာဘွဲ့ စာမေးပွဲများကို ဖြေဆိုအောင်မြင်ခဲ့ကြသူများနှင့် မဟာအင်ဂျင်နီယာဘွဲ့ယူကျမ်းတင်သွင်း အောင်မြင်ပြီးသော သင်တန်းသား/သင်တန်းသူများအား ဘွဲ့အပ်နှင်းရန် ဒသမအကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် ဘွဲ့နှင်းသဘင်တက်ရောက်ရန် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူရန် လျှောက်ထားနိုင်ပါသည်။

**အစမ်းလေ့ကျင့်မည့်ရက်** - ၂၄-၂-၂၀၁၇ ရက်
**ဘွဲ့အပ်နှင်းမည့်ရက်** - ၂၅-၂-၂၀၁၇ ရက်
**ကျင်းပမည့်အချိန်** - နံနက် ၉း၀၀ နာရီ
**ကျင်းပမည့်နေရာ** - မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ

၂။ ဘွဲ့အပ်နှင်းရေးအတွက် မြန်မာဝတ်စုံ(သို့မဟုတ်)အနောက်တိုင်းဝတ်စုံဖြင့် (၂)လအတွင်း ရိုက်ကူးထားသော (၂×၁.၅)လက်မအရွယ် ဓာတ်ပုံ(၃)ပုံ ဓာတ်ပုံ၏အောက်တွင် မှတ်ပုံတင်နံပါတ် ထည့်သွင်းရိုက်ကူးခြင်းမပြုရန်နှင့်အတူ လျှောက်လွှာတင်ရမည်ဖြစ်ပါသည်။
၃။ ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံများကို ဤတက္ကသိုလ်ကျောင်းသားရေးရာဌာနတွင် ဝယ်ယူ၍ ပြည့်စုံစွာဖြည့်စွက်ပြီး မှတ်ပုံတင်မိတ္တူတစ်စုံ ပူးတွဲ၍ ၁၀-၂-၂၀၁၇ ရက် နောက်ဆုံးထားပြီး လျှောက်ထားရန်။
၄။ ဘွဲ့နှင်းသဘင်တက်ရောက်လိုသူများသည် ဘွဲ့နှင်းသဘင်ကြေး ၁၅၀၀ိ/-(ကျပ်တစ်ထောင့်ငါးရာတိတိ)၊ အဝေးရောက်ဘွဲ့ယူလိုသူများသည် ဘွဲ့နှင်းသဘင်ကြေး ၁၀၀၀ိ/-(ကျပ်တစ်ထောင်တိတိ)ပေးသွင်းရပါမည်။ စာတိုက်မှ ဘွဲ့နှင်းသဘင်ကြေး ပေးပို့မည်ဆိုပါက ငွေပို့လွှာတွင် ဘွဲ့နှင်းသဘင်ကြေးပေးပို့ခြင်း (တက်ရောက်/အဝေးရောက်)ဟု ဖော်ပြပြီး ပါမောက္ခချုပ်၊ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်သို့ လိပ်မူ၍လျှောက်လွှာရှင်၏ အမည်၊ ဘွဲ့ရစာမေးပွဲခုံအမှတ်၊ အထူးပြုဘာသာ၊ ပညာသင်နှစ်၊ အောင်မြင်သည့် ခုနှစ်၊ လနှင့် နေရပ်လိပ်စာအပြည့်အစုံတို့ကို တိကျစွာဖော်ပြရပါမည်။ ပြည့်စုံစွာဖော်ပြထားခြင်းမရှိသည့် ငွေပို့လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။
၅။ ယခင်နှစ်မှ ဘွဲ့ရစာမေးပွဲအောင်မြင်သူများသည် အဝေးရောက်ဘွဲ့ယူရန် လျှောက်ထားနိုင်ပါသည်။
၆။ ဘွဲ့နှင်းသဘင်တက်ရောက်ရန် လျှောက်လွှာတင်သွင်းပြီး တက်ရောက်ယူရန်ပျက်ကွက်ပါက တစ်နှစ်ဆိုင်းငံ့ပြီးမှသာ ဘွဲ့လက်မှတ်ကို ထုတ်ပေးမည်ဖြစ်ပါသည်။

**မှတ်ချက်**။ ။အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဤတက္ကသိုလ်ကျောင်းသားရေးရာဌာန၊ ဖုန်း-၀၆၄-၂၀၃၅၂၄၂ တွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

**သန့်ဇင်ဝင်း-မော်ကွန်းထိန်း**
**မြန်မာနိုင်ငံလေကြောင်းနှင့်အာကာသပညာတက္ကသိုလ်**
**မိတ္ထီလာမြို့**

## နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးစီးကြောင်း

ကျွန်မ မသန်းသန်းအေး ၉/ပဘန(နိုင်)၀၁၂၂၁၁ (ဘ)ဦးသန်းအောင်နှင့် မောင်ဝင်းမြင့် ၉/ပဘန(နိုင်)၀၁၂၀၈၇ (ဘ)ဦးလွမ်းပြေတို့သည် စိတ်သဘောထားချင်း မတိုက်ဆိုင်ပါသဖြင့် ၁၈-၁-၂၀၁၇ ရက်တွင် ပျဉ်းမနားမြို့ ရွှေချီရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးစီးကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ၄င်းနှင့်ပတ်သက်သော ကိစ္စအဝဝတို့သည် ကျွန်မနှင့်လုံးဝ မသက်ဆိုင်ပါကြောင်း ကြေညာအပ်ပါသည်။ **မသန်းသန်းအေး ၉/ပဘန(နိုင်)၀၁၂၂၁၁**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## မြန်မာနိုင်ငံဆေးကောင်စီ
## ပြည်ပနိုင်ငံများမှ ဆေးပညာဘွဲ့ M.B.,B.S နှင့် အလားတူဘွဲ့ရရှိပြီးသူ မြန်မာနိုင်ငံသား ဆရာဝန်များအတွက် ဆေးကုသခွင့်လိုင်စင်ထုတ်ပေးရေး အရည်အချင်းစစ်စာမေးပွဲစစ်ဆေးရန်

## ကြေညာချက်

ပြည်ပနိုင်ငံများမှ ဆေးပညာဘွဲ့ M.B.,B.S နှင့် အလားတူဘွဲ့ရရှိပြီးသူ မြန်မာနိုင်ငံသား ဆရာဝန်များအတွက် ဆေးကုသခွင့်လိုင်စင်ထုတ်ပေးရေး အရည်အချင်းစစ်စာမေးပွဲ ၂၀၁၇ ကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် စာမေးပွဲဖြေဆိုခွင့်လျှောက်ထားလိုသူများသည် သတ်မှတ်ထားသော စာမေးပွဲကြေးကို ပေးသွင်းပြီး မြန်မာနိုင်ငံ ဆေးကောင်စီရုံး အမှတ် ၁၂၃၊ နတ်မောက်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ထံ ၂၈-၂-၂၀၁၇ ရက် (အင်္ဂါနေ့) ညနေ ၄း၀၀နာရီ နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်။ လျှောက်လွှာပုံစံများကို မြန်မာနိုင်ငံဆေးကောင်စီရုံးတွင် အခမဲ့ထုတ်ယူနိုင်ပါသည်။

(၁) လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းများ
  (၁) နိုင်ငံသားစိစစ်ရေးကတ်ပြား မူရင်းနှင့်မိတ္တူ
  (၂) နိုင်ငံကူးလက်မှတ် ကိုင်ဆောင်ထားသူဖြစ်ပါက နိုင်ငံကူးလက်မှတ်မူရင်းနှင့်မိတ္တူ
  (၃) မိမိရရှိခဲ့သော တက္ကသိုလ်မှ ဘွဲ့လက်မှတ်မူရင်းနှင့်မိတ္တူ
  (၄) Academic Transcript (Grading Certificate) မူရင်းနှင့်မိတ္တူ
  (၅) Internship (အလုပ်သင်ဆရာဝန်တာဝန်) ပြီးဆုံးကြောင်း ထောက်ခံစာမူရင်းနှင့် မိတ္တူ
  (၆) ပြည်ပနိုင်ငံများတွင် ဆရာဝန်အဖြစ် မှတ်ပုံတင်ခဲ့ဖူးပါက အဆိုပါ ဆရာဝန်မှတ်ပုံတင် မူရင်းနှင့်မိတ္တူ
  (၇) ၁ လက်မခွဲပတ်လည် ရောင်စုံဓာတ်ပုံ (၃)ပုံ၊ နောက်ခံအပြာရောင်
  (၈) စာမေးပွဲကြေး ငွေ ၃၅၀၀၀၀ိ/-(ငွေကျပ် သုံးသိန်းငါးသောင်းကျပ် တိတိ)ကို မြန်မာနိုင်ငံဆေးကောင်စီရုံးတွင် ပေးသွင်းပြီးကြောင်း ငွေရပြေစာ။

(**မှတ်ချက်** ။ ။ အထက်ဖော်ပြပါ စာရွက်စာတမ်းများကို စစ်ဆေးပြီးပါက မူရင်းများကို ပြန်လည်ပေးအပ်မည်ဖြစ်ပါသည်။)

(၂) **စာမေးပွဲကျင်းပမည့်အစီအစဉ်**

| နေ့ရက် | အချိန် | ဘာသာရပ် | နေရာ |
|---|---|---|---|
| ၄-၅-၂၀၁၇ (ကြာသပတေးနေ့) | နံနက်(၁၀း၀၀-၁၂း၀၀)နာရီ | မေးခွန်းလွှာ(၁) | မြန်မာနိုင်ငံ ဆေးကောင်စီ အမှတ် ၁၂၃၊ နတ်မောက်လမ်း၊ ဗဟန်း။ |
| ၅-၅-၂၀၁၇ (သောကြာနေ့) | နံနက်(၁၀း၀၀-၁၂း၀၀)နာရီ | မေးခွန်းလွှာ(၂) | မြန်မာနိုင်ငံ ဆေးကောင်စီ အမှတ် ၁၂၃၊ နတ်မောက်လမ်း၊ ဗဟန်း။ |
| | မွန်းလွဲ(၁၄း၀၀-၁၆း၀၀)နာရီ | မေးခွန်းလွှာ(၃) | မြန်မာနိုင်ငံ ဆေးကောင်စီ အမှတ် ၁၂၃၊ နတ်မောက်လမ်း၊ ဗဟန်း။ |
| ၆-၅-၂၀၁၇ (စနေနေ့) | နံနက် ၉း၀၀နာရီမှ စတင်စစ်ဆေးပါမည် | ဆေးလက်တွေ့ ဘာသာရပ် | ဆေးတက္ကသိုလ်(၁) ရန်ကုန် |

မေးခွန်းလွှာ(၁) ခန္ဓာဗေဒဘာသာရပ်၊ ဇီဝကမ္မဗေဒဘာသာရပ်၊ ဇီဝဓာတုဗေဒဘာသာရပ်၊ ဆေးဝါးဗေဒဘာသာရပ်၊ အဏုဇီဝဗေဒဘာသာရပ်၊ ရောဂါဗေဒဘာသာရပ်၊ ကာကွယ်ရေးနှင့် လူမှုရေးဆေးပညာဘာသာရပ်၊ ဥပဒေရေးရာဆေးပညာ ဘာသာရပ်များ။
မေးခွန်းလွှာ(၂) ဆေးပညာဘာသာရပ်၊ ကလေးကျန်းမာပညာဘာသာရပ်။
မေးခွန်းလွှာ(၃) ခွဲစိတ်ကုပညာဘာသာရပ်၊ သားဖွားမီးယပ်ပညာဘာသာရပ်။
ဆေးလက်တွေ့စစ်ဆေးခြင်း။ ။OSCE (Objective Structured Clinical Examination)

(၃) စာမေးပွဲဖြေဆိုခွင့်ရရှိသူများ၏ အမည်စာရင်းကို မြန်မာနိုင်ငံ ဆေးကောင်စီရုံး အမှတ် ၁၂၃၊ နတ်မောက်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့တွင် ၂၇-၄-၂၀၁၇ ရက်(ကြာသပတေးနေ့)တွင် ထုတ်ပြန်ကြေညာထားမည်ဖြစ်ပါသည်။
(၄) စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို ၂-၅-၂၀၁၇ ရက်နှင့် ၃-၅-၂၀၁၇ ရက်များတွင် မြန်မာနိုင်ငံဆေးကောင်စီ၌ နံနက် ၉း၃၀နာရီမှ ညနေ ၄း၀၀နာရီအတွင်း လာရောက်ထုတ်ယူနိုင်ပါသည်။
(၅) စာမေးပွဲဖြေဆိုမည့်သူများသည် လေ့လာရမည့် References နှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက မြန်မာနိုင်ငံ ဆေးကောင်စီတွင် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၉-၄၅၆၈၄၄၄၄၅သို့ ဖြစ်စေ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**မြန်မာနိုင်ငံဆေးကောင်စီ**

## ပျောက်ဆုံးကြောင်း

ပုလဲမြို့နယ်၊ မင်းတိုင်ပင်ကျေးရွာနေ မောင်မျိုးညွန့်(ဘ)ဦးကျော်ခင် ၅/ပလန(နိုင်)၀၄၂၇၂၄ ၏ နိုင်ငံကူးလက်မှတ်(နံပါတ်မမှတ်မိ)မှာ ပြည်တွင်း၌ ပျောက်ဆုံးသွားပါကြောင်း။
**ဖုန်း-၀၉-၇၈၀၂၈၉၆၆၁**

## ပျောက်ဆုံးကြောင်း

ကျွန်တော်မောင်ဇော်လင်းထွေး ၉/ကပတ(နိုင်)၂၃၇၅၈၁၏ နိုင်ငံကူးလက်မှတ် အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၈၇၃၀၀၃၁၁၅**

## ပျောက်ဆုံးကြောင်း

ချောင်းဦးမြို့နယ်၊ ရွာသစ်ကျေးရွာနေ မောင်သန်းမြင့်ဝင်း(ဘ)ဦးညွန့်တင် ၅/ခဥတ(နိုင်)၀၅၀၀၀၈၏ နိုင်ငံကူးလက်မှတ်(နံပါတ်မမှတ်မိ)မှာ ပြည်တွင်း၌ ပျောက်ဆုံးသွားပါကြောင်း။
**ဖုန်း-၀၉-၉၆၅၆၅၂၉၀၀**

## ပျောက်ဆုံးကြောင်း

ကျွန်မ မသူဇာဝင်း ၇/အတန(နိုင်)၁၁၁၂၁၃ ၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၆၅၅၇၈၀၉၉**

## ငွေထုတ်ပေးချိန်၌ ပင်ရင်းမှ နုတ်ယူပေးသွင်းရမည့် ဝင်ငွေခွန်နှင့်စပ်လျဉ်း၍ အသိပေးနှိုးဆော်ခြင်း

* စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ဝင်ငွေခွန်ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ပင်ရင်းမှနုတ်ယူပေးသွင်းသည့် ဝင်ငွေဆိုင်ရာ အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၁၇ကို ၁၀-၁-၂၀၁၇ရက်တွင် ထုတ်ပြန်ထားပြီးဖြစ်ပါသည်။ အဆိုပါ အမိန့်ကြော်ငြာစာသည် ၁-၄-၂၀၁၇ရက်မှစတင် အကျိုးသက်ရောက်မည်ဖြစ်ပါသဖြင့် အမိန့် ကြော်ငြာစာနှင့်ပတ်သက်၍ ကြိုတင်သိရှိနိုင်ကြရေး အသိပေးရခြင်းဖြစ်ပါသည်။

* ငွေထုတ်ပေးရန် တာဝန်ရှိသူ မည်သူမဆို အောက်ဖော်ပြပါပေးချေငွေများ ပေးချေသည့်အခါ ယှဉ်တွဲဖော်ပြပါနှုန်းများအတိုင်း ပင်ရင်းမှနုတ်ယူပေးသွင်းသည့် ဝင်ငွေခွန်ကိုနုတ်ယူပေးသွင်းရန် တာဝန်ရှိပါသည်-
- ပြည်ပနေ နိုင်ငံခြားသားသို့ ချေးငွေ သို့မဟုတ် ကြွေးမြီတစ်ရပ်ရပ် သို့မဟုတ် ယင်းသဘောသဘာဝ သက်ရောက်သည့် ကိစ္စရပ်သို့မဟုတ် ငွေစုဆောင်းခြင်းအတွက် အတိုးပေးချေငွေ၊ - ၁၅ %
- လိုင်စင်၊ ကုန်အမှတ်တံဆိပ်၊ မူပိုင်အခွင့်အရေးစသည်တို့ကို အသုံးချခွင့်ပြုသည့်အတွက် ပေးချေငွေ၊ ပြည်တွင်းနေနိုင်ငံသား (သို့မဟုတ်) ပြည်တွင်းနေနိုင်ငံခြားသားသို့ပေးချေခြင်းအတွက် - ၁၀ %
  ပြည်ပနေနိုင်ငံခြားသားသို့ ပေးချေခြင်းအတွက် - ၁၅ %

* နိုင်ငံတော်အဖွဲ့အစည်းများ၊ နိုင်ငံပိုင်လုပ်ငန်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ သမဝါယမအသင်းများ၊ နိုင်ငံခြားကုမ္ပဏီများ၊ နိုင်ငံခြားသားပိုင် လုပ်ငန်းများနှင့် အဖွဲ့အစည်းများ၊ ပြည်တွင်းကုမ္ပဏီများ၊ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ဖွဲ့စည်းမှတ်ပုံတင်ထားသော အစုစပ်လုပ်ငန်းများက တင်ဒါစနစ်၊ ကန်ထရိုက်စနစ်၊ ဈေးနှုန်းခေါ်ယူသည့်စနစ် သို့မဟုတ် အခြားစနစ်တစ်ခုခုဖြင့် ပြည်တွင်း၌ ပစ္စည်းဝယ်ယူခြင်း၊ လုပ်ငန်းဆောင်ရွက်စေခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားယူခြင်း၊ အထက်ဖော်ပြပါ ပေးချေငွေမှအပဖြစ်သည့် ပေးချေငွေများ ပေးချေသည့်အခါ ငွေထုတ်ပေးရန် တာဝန်ရှိသူသည် အောက်ဖော်ပြပါနှုန်းများအတိုင်း ပင်ရင်းမှနုတ်ယူပေးသွင်းသည့် ဝင်ငွေခွန်ကို နုတ်ယူပေးသွင်းရန် တာဝန်ရှိပါသည်-
- ပြည်တွင်းနေနိုင်ငံသား (သို့မဟုတ်) ပြည်တွင်းနေနိုင်ငံခြားသားသို့ပေးချေခြင်းအတွက် - ၂ %
  ပြည်ပနေနိုင်ငံခြားသားသို့ ပေးချေခြင်းအတွက် - ၂ဒသမ၅ %

* ငွေထုတ်ပေးရန် တာဝန်ရှိသူသည် ငွေလက်ခံရမည့်သူက နုတ်ယူခြင်းမပြုပါရန် ငြင်းဆိုခြင်းကြောင့် ပင်ရင်းမှနုတ်ယူပေးသွင်းရမည့် တာဝန်ကို ကင်းလွတ်ခွင့်မရှိပါ။ ပြဋ္ဌာန်းချက်နှင့်အညီ မပျက်မကွက် နုတ်ယူပေးသွင်းရန် လိုအပ်ပါသည်။

* အောက်ဖော်ပြပါ အဖွဲ့အစည်းများသို့ ပေးချေငွေအပေါ် ပင်ရင်းမှ နုတ်ယူပေးသွင်းသည့် ဝင်ငွေခွန်နုတ်ယူပေးသွင်းရန် မလိုအပ်ပါ-
- အစိုးရအဖွဲ့အစည်းအသီးသီး၊ နိုင်ငံပိုင် လုပ်ငန်းဌာနများ၊
- ပြည်ပနေနိုင်ငံခြားသားတို့ အတိုးပေးငွေနှင့် စပ်လျဉ်း၍ နိုင်ငံတော်အတွင်း ရုံးခွဲဖွင့်လှစ်ထားခြင်း၊ ရုံးခွဲမှ နိုင်ငံအတွင်း ရရှိသည့်ဝင်ငွေနှင့်စပ်လျဉ်း၍ အခွန်စည်းကြပ်မှုခံယူသည့် ငွေချေးသူ ပြည်ပနေနိုင်ငံခြားသား၊

* အသေးစိတ်သိရှိလိုပါက အခွန်ဆိုင်ရာ ဝန်ဆောင်မှုရုံးများသို့ဖြစ်စေ၊ အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး၊ အလယ်အလတ် အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးများနှင့် ပြည်တွင်းအခွန်များဦးစီးဌာန၊ နေပြည်တော်ရှိ အောက်ဖော်ပြပါ တယ်လီဖုန်းအမှတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်-
- ဖုန်း-၀၆၇- ၄၃၀၀၀၄၊
  ၀၆၇-၄၃၀၀၀၉

**ပြည်တွင်းအခွန်များဦးစီးဌာန**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်

ရက်စွဲ ၂၀၁၇ခုနှစ် ဇန်နဝါရီလ ၁၉ရက်

## ကြေညာချက် (၀၀၃/၂၀၁၇)

## (၁၃)ကြိမ်မြောက်ဘွဲ့နှင်းသဘင်အခမ်းအနားအစီအစဉ်ကြေညာခြင်း

၁။ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် (၂၀၁၅-၂၀၁၆ပညာသင်နှစ်)တွင် ပညာရေးအဖွဲ့ကကြီးမှူး ကျင်းပသည့် အောက်ဖော်ပြပါ သင်တန်းများ၏ မဟာဝိဇ္ဇာဘွဲ့၊ ဝိဇ္ဇာဘွဲ့သင်တန်းများ၊ Diploma in English, a one year full time course ၊ Postgraduate Diploma in English (CHRD) နှင့် Diploma in English (CHRD) ဘွဲ့/ဒီပလိုမာ စာမေးပွဲအသီးသီးကို ဖြေဆိုအောင်မြင်ခဲ့ပြီး တက်ရောက်ဘွဲ့ယူရန် လျှောက်ထားကြသူများအတွက် မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် (၁၃)ကြိမ်မြောက်ဘွဲ့နှင်းသဘင်အခမ်းအနားကို မန္တလေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပမည်ဖြစ်ပါ၍ အောက်ဖော်ပြပါအစီအစဉ်အတိုင်း တက်ရောက်ကြရန် ကြေညာလိုက်သည်။

**ဘွဲ့နှင်းသဘင်အခမ်းအနားအစီအစဉ်**

(က) အစမ်းလေ့ကျင့်ပွဲအစီအစဉ်
ကျင်းပမည့်နေ့ရက် - ၃-၂-၂၀၁၇ရက် (သောကြာနေ့)
ကျင်းပမည့်အချိန် - အပိုင်း (၁)နှင့်အပိုင်း (၂) နံနက် ၀၉း၀၀နာရီ
အပိုင်း (၃)နှင့် အပိုင်း (၄) မွန်းလွဲ ၂း၀၀နာရီ
ကျင်းပမည့်နေရာ - မန္တလေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ

(ခ) ဘွဲ့နှင်းသဘင်ကျင်းပမည့်နေ့ရက်နှင့် အစီအစဉ်
(၁) ၄-၂-၂၀၁၇ရက် (စနေနေ့) ၀၉း၀၀နာရီ (နံနက်ပိုင်း)
ဝိဇ္ဇာဘွဲ့
တရုတ် - Chi-IV-1 to Chi-IV-58 နှင့်
ပြင်သစ် - Fren-IV-1 to Fren-IV-60 အထိ
Postgraduate Diploma in English
No.38 PGDE(Adv-II) 1 to PGDE (Adv-II) 76 အထိ
Diploma in English
No.43 DE(Adv) 4 to DE(Adv) 370 အထိ
(၂) ၄-၂-၂၀၁၇ရက် (စနေနေ့) ၂း၀၀နာရီ (မွန်းလွဲပိုင်း)
မဟာဝိဇ္ဇာဘွဲ့
အင်္ဂလိပ် - 2/Mahar-Engl-1 to 2/Mahar-Engl-13 အထိ
ဝိဇ္ဇာဘွဲ့
အင်္ဂလိပ် - Engl-IV-1 to Engl-IV-85 နှင့်
ဂျာမန် - Ger-IV-1 to Ger-IV-51 အထိ
Postgraduate Diploma in English
No.38 PGDE (Adv-II) 77 to PGDE (Adv-II) 146 အထိ
Diploma in English
No.43 DE(Adv) 371 to DE(Adv) 543 အထိ
No.44 DE(Adv) 1 to DE(Adv) 161 အထိ

(ဂ) ဘွဲ့နှင်းသဘင်ကျင်းပမည့်နေ့ရက်နှင့်အစီအစဉ်
(၃) ၅-၂-၂၀၁၇ရက် (တနင်္ဂနွေနေ့) ၀၉း၀၀နာရီ (နံနက်ပိုင်း)
မဟာဝိဇ္ဇာဘွဲ့
ဂျပန် - 2/Mahar-Jap -2 to 2/Mahar-Jap-5 အထိ
ဝိဇ္ဇာဘွဲ့
ဂျပန် - Jap-IV-1 to Jap-IV-71 အထိ
Diploma in English, a one year full time Course
အင်္ဂလိပ် - DEF-1 to DEF-10 အထိ
Postgraduate Diploma in English
No.39 PGDE(Adv-II) 1 to PGDE (Adv-II) 108 အထိ
Diploma in English
No.44 DE(Adv) 162 to DE(Adv) 398 အထိ
No.45 DE (Adv) 1 to DE (Adv) 86 အထိ
(၄) ၅-၂-၂၀၁၇ (တနင်္ဂနွေနေ့) ၂း၀၀နာရီ (မွန်းလွဲပိုင်း)
မဟာဝိဇ္ဇာဘွဲ့
ရုရှား - 2/Mahar-Russ-1 to 2/Mahar-Russ-5 အထိ
ဝိဇ္ဇာဘွဲ့
ကိုရီးယား - Kor-IV-1 to Kor-IV-59 နှင့်
ရုရှား - Russ-IV-1 to Russ-IV-45 အထိ
Postgraduate Diploma in English
No.39 PGDE(Adv-II) 109 to PGDE(Adv-II) 230 အထိ
Diploma in English
No.45 DE (Adv) 87 to DE (Adv) 380 အထိ

၂။ ဘွဲ့နှင်းသဘင်အခမ်းအနား တက်ရောက်ဘွဲ့ယူသူများအတွက် ဘွဲ့ဝတ်ရုံငှားရမ်းခွင့်ထောက်ခံစာများ၊ ဘွဲ့နှင်းသဘင်တက်ရောက်ခွင့်ပြုသည့်လက်မှတ်နှင့် ဧည့်လက်မှတ်တို့ကို ဘွဲ့ကြေးငွေသွင်းပြေစာတင်ပြ၍ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်တွင် အောက်ဖော်ပြပါအစီအစဉ်အတိုင်း One Stop Service System ဖြင့် ထုတ်ပေးမည်ဖြစ်သည်-
နေ့ရက် - ၃၀-၁-၂၀၁၇ရက်မှ ၃၁-၁-၂၀၁၇ အထိ
အချိန် - နံနက် ၁၀း၀၀နာရီမှ မွန်းတည့် ၁၂း၀၀နာရီအထိတစ်ကြိမ်
မွန်းလွဲ ၁း၀၀နာရီမှ ညနေ ၄း၀၀နာရီအထိတစ်ကြိမ်
နေရာ - သိရိရတနာခန်းမ

၃။ ဘွဲ့နှင်းသဘင်အခမ်းအနားတက်ရောက်ဘွဲ့ယူမည့် အမျိုးသားများသည် မြန်မာဝတ်စုံ(အင်္ကျီလက်ရှည်ဖြစ်ရမည်)(သို့မဟုတ်)တိုင်းရင်းသား ဝတ်စုံ(သို့မဟုတ်) အနောက်တိုင်းဝတ်စုံတို့အနက် မိမိကြိုက်နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍လည်းကောင်း၊ အမျိုးသမီးများသည် မြန်မာဝတ်စုံ(အင်္ကျီလက်ရှည်ဖြစ်ရမည်) (သို့မဟုတ်) တိုင်းရင်းသားဝတ်စုံတို့အနက် မိမိကြိုက်နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍လည်းကောင်း တက်ရောက်ကြရမည်ဖြစ်ပါသည်။

**(ကြီးမြင့်)**
**ဌာနမှူး**
**သင်တန်းရေးရာဌာန**
**မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3G/9066 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန(ရွာသာကြီး)**

TD သိဒ္ဓိဝင်
စိန်ရွှေရတနာဆိုင်

ဆိုင်အမှတ်(၃) အား (၄-၁-၂၀၁၇) တွင် ထပ်မံဖွင့်လှစ်လိုက်ပါပြီ။

ဆိုင်ဖွင့်ပွဲအထိမ်းအမှတ် ကံစမ်းမဲအထူးအစီအစဉ်

(၄-၁-၂၀၁၇) မှ (၁-၇-၂၀၁၇) အထိ
သိဒ္ဓိဝင် စိန်ရွှေရတနာဆိုင် (၃)ဆိုင်လုံး တွင်
ဝယ်ယူအားပေးသူတိုင်းကို သိဒ္ဓိဝင် မှ
ကျေးဇူးတုန့်ပြန်သောအားဖြင့်
ဘုတ္ထးသု Honda Fit ကားသစ်(၂)စီး နှင့်
လက်ငင်းဆုမဲများအဖြစ် မလာမပါ ကံစမ်းမဲများကိုလည်း
ဖွင့်ဖေါက်ချီးမြှင့်ပေးသွားမည်ဖြစ်ပါကြောင်း .....

သိဒ္ဓိဝင် စိန်ရွှေရတနာဆိုင်ကြီးများတွင်လာရောက်ဝယ်ယူအားပေးဖို့ဖိတ်ခေါ်အပ်ပါသည်။



မှတ်ချက် – ကံစမ်းမဲပေးသည့်အတွက် အလျော့တွက် လက်ခများ ပိုယူခြင်း၊ ရွှေအရည်အသွေး ပြောင်းလဲခြင်း လုံးဝမရှိကြောင်းကို အာမခံပါသည်။

ဆိုင် (၁) အမှတ် (၂၁၅)၊ ၃၁×၃၂ လမ်းကြား၊ အနော်ရထာလမ်းမကြီး၊ ဆူးလေ။
Phone : 01-250489 Hot Line : 09-440 4400 36, 09-440 4400 37

ဆိုင် (၂) အမှတ် (၁၁၁)၊ သုမင်္ဂလာလမ်းနှင့် လေးထောင့်ကန်လမ်းထောင့်၊ သဃ်န်းကျွန်း၊ ဇဝန။
Phone : 01-8564705 Hot Line : 09-440 4400 38, 09-440 4400 39

ဆိုင် (၃) အမှတ် (၉၂၆)၊ သုဓမ္မာလမ်း၊ ခြောက်ကွေ၊ မြောက်ဥက္ကလာပမြို့နယ်။
Phone : 01-9692176 Hot Line : 09-44443 8294, 09-44443 8295



ဖောင်းကြွပျောက် လျှောက်ထားခြင်း
ယာဉ်အမှတ် 3E/7833 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြားပျက် ပြယ်ပါကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)



EXCELLENT
Wedding Dress&Photo Studio
ဓါတ်ပုံ၊ဗီဒီယိုမင်္ဂလာဝတ်စုံ
ဘွဲ့ဝတ်စုံ၊ဆံပင်မိတ်ကပ်
Prewedding စိတ်တိုင်းကျရရှိနိုင်ပါသည်။
01 504317,095195684,09421005393
၆၆-အင်းစိန်လမ်း၊မင်္ဂလာဒုံမြို့နယ်၊ရန်ကုန်မြို့



GOLDEN CROWN
ENGLISH SPECIAL CLASS
4SKILL,SPEAKING,GRAMMAR
,IELTS,IGCSE,SAT
0931452059 095121467,09788845507
60,INSEN ROAD SANYEIKNYEN KAMAYUT [YGN]



ပျောက်ဆုံးခြင်း
ကျွန်တော် ဇော်ထူးမောင် (ဘ)ဦးခင်မောင်ရီ ၈/မနေ(နိုင်) ၁၁၂၈၅၀၏ နိုင်ငံကူးလက်မှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဇော်ထူးမောင် ဖုန်း-၀၉-၇၈၇၈၇၈၄၇၀



ဆက်သွယ်ရန် – မြန်မာနိုင်ငံရူပဗေဒအသင်း၊ ရုံးအဖွဲ့မှူး ဖုန်း ၀၉ ၄၅၅ ၁၆၈၇၆၆ ကြိုတင်မှာကြား ဝယ်ယူနိုင်ပါသည်။

မြန်မာနိုင်ငံရူပဗေဒအသင်း
PHYSICS REVIEW
ရူပဗေဒစာစောင်
Chapter 1 to 13 ( All Chapters )
တက္ကသိုလ်ဝင်တန်းကျောင်းသားကျောင်းသူများအတွက် ရူပဗေဒဘာသာရပ်မြန်မွားရေးစာစဉ်
ပါမောက္ခ ဆရာကြီး ဒေါက်တာတင်အောင် အမှာစာ ရေးသား၍ ပါမောက္ခ ဒေါက်တာချစ်ရွှေ နှင့် ပါမောက္ခ ဒေါက်တာထွန်းခင် တို့ အမှတ်ပေး စည်းမျဉ်းနှင့် အညီရေးသား ပြုစု ထားပါသည်။
ရူပဗေဒဘာသာ သင်ကြားနေသော ဆရာ၊ ဆရာမများ လက်ကိုင် ထားသင့်သော စာစောင် ဖြစ်ပါသည်။
ဆိုင်တိုင်းတွင်ဝယ်ယူရရှိနိုင်ပါသည်။



ပါကေး အစားထိုး ကြမ်းခင်း
Special Promotion
မြန်မာပြည်တွင်ပထမဦးဆုံးတင်သွင်းသော
Since 1996
Home
Think of House, Think of Home



Buy Flooring → Get Box
၄ ကျွင်း ဝယ်လျှင် ၁ ပုံး လက်ဆောင်
Grade A,B,C,D စစ်မှန်မှုကိုဖော်ပြ "အခမဲ့" လက်တွေ့စစ်ဆေးပေးသည်။
★ Grade A,B,C,D အစစ်များသာရောင်းပါသည်
★ ဈေးနှုန်းအနိမ့်ဆုံး → အမြင့်ဆုံး အထိရှိပါသည်
★ လက္ကား ဝယ်ယူလိုသူများအတွက် အထူးဈေးနှုန်း
ပိတ်ရက်မရှိ
(အင်းစိန်) (သင်္ဃန်းကျွန်း) (ပဲခူး) (မန္တလေး) (တောင်ကြီး)
(အောင်ဆန်းကွင်း) (မြောက်ဥက္ကလာ) (မော်လမြိုင်) (ပြင်ဦးလွင်) (မုံရွာ) (နေပြည်တော်)
HOTLINE: 09-79 700 70 70
09-79 700 70 80



ဦးထင်လင်းဦး+ဒေါ်ဝင်းဝင်းမြင့် တာဝန်ယူစီမံအုပ်ချုပ်သော
ပညာရေးဝန်ကြီးဌာန၏ခွင့်ပြုချက်
မှတ်ပုံတင်နံပါတ် (ကကယ-၀၅/၀၅/၀၀၉)
မော်ကွန်းသစ်
ရေဦးမြို့
ကိုယ်ပိုင်အထက်တန်းအဆင့်သင်ကျောင်း
ဖုန်း-၀၇၅-၄၀၀၆၀၊ ၀၉-၆၄၇၀၀၅၆
၀၉-၄၀၀၄၆၃၅၃၅၊ ၀၉-၂၅၆၆ ၂၄၇၉၉

၂၀၁၆ တက္ကသိုလ်ဝင်စာမေးပွဲ ရွှေအနှစ်များ
■ (၆)ဘာသာ ဂုဏ်ထူးရှင် (၂)ဦး
■ (၅)ဘာသာ ဂုဏ်ထူးရှင် (၅)ဦး
■ (၄)ဘာသာ ဂုဏ်ထူးရှင် (၁၂)ဦး
■ (၃)ဘာသာ ဂုဏ်ထူးရှင် (၄)ဦး
■ (၂)ဘာသာ ဂုဏ်ထူးရှင် (၉)ဦး
■ (၁)ဘာသာ ဂုဏ်ထူးရှင် (၂၇)ဦး



မိဘကျေးဇူးဆပ်လိုသောသားကောင်းသမီးမွန်များအတွက်အထူးသတင်းကောင်း
မော်ကွန်းသစ်၏စကောလားရှစ် (အထူးပညာသင်ဆု)ရရှိမည့်အခွင့်အရေးကို
လက်မလွှတ်တမ်းဆက်ဆက်ပါဝင်ယှဉ်ပြိုင်ဖို့ဖိတ်ခေါ်အပ်ပါသည်။

၂၀၁၇/၂၀၁၈ ပညာသင်နှစ်
တက္ကသိုလ်ဝင်တန်း
◆ အဆောင်ဝင်ရမည့်နေ ··· ၁၉၊၃၊၂၀၁၇
◆ ကျောင်းဖွင့်မည့်နေ ··· ၂၀၊၃၊၂၀၁၇
နဝမတန်း
◆ အဆောင်ဝင်ရမည့်နေ ··· ၂၆၊၄၊၂၀၁၇
◆ ကျောင်းဖွင့်မည့်နေ ··· ၂၇၊၄၊၂၀၁၇

ပထမဆု-၁၆သိန်း ဒုတိယဆု-၁၄သိန်း တတိယဆု-၁၃သိန်း
စတုတ္ထဆု-၁၂သိန်း ပဉ္စမဆု-၁၁သိန်း စုစုပေါင်း(၆၆)သိန်းချီးမြှင့်မည်။
◆ အထူးပညာသင်ဆုစာမေးပွဲကို
(၂၁·၂·၂၀၁၇)အင်္ဂါနေ့ မှ (၂၃·၂· ၂၀၁၇)ကြာသပတေးနေ့အထိ
(၁)ရက်(၂)ဘာသာနှုန်းဖြင့်စစ်ဆေးကျင်းပါမည်

ယုံကြည်စိတ်ချစွာ ကြိုတင်စာရင်းပေးသွင်း အပ်နှံကြသောမိဘများအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါသည်။

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 5F/3559 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် ၈ဆ/၉၇၀၀ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)**

ကိုဝင်းနိုင် **ရွှေခေါင်းမင်း** 09425355758,09-252990976
- တောင်ကြီး။ အင်းလေး။ ပင်းတယ၊ ကလော (၄)ရက်။ ဆက်၍-လွိုင်ကော်ပါ (၅)ရက်။
- ထားဝယ် ရှင်ကိုရှင်၊ မောင်းမကန်၊ ကျိုက္ကမီ၊ စက်ဆဲ (၅)ရက်။ မြိတ်ပါ (၇)ရက်။
- အလောင်းတော်ကဿပ၊ စစ်ကိုင်း၊ မုံရွာ (၃)ရက်။ ဆက်၍-မန္တလေး။ ပြင်ဦးလွင် (၅)ရက်
- မန်းရွှေစက်တော်နှင့် လမ်းဘုရားပုံ (၃)ရက်။ ဆက်၍-အလောင်းတော်ကဿပ (၅)ရက်
- မန်းရွှေစက်တော်နှင့် ပုပ္ပါး ပုဂံ၊ ညောင်ဦး (၅)ရက်။ ဆက်၍-အလောင်းတော်ကဿပ (၇)ရက်
- ဘားအံ၊ မြဝတီ၊ မဲဆောက် ခရီးစဉ် (၃)ရက်။ Guest- 75000
- ပုဂံ၊ ပုပ္ပါး၊ ရွှေဆံတော်လေးဆူ၊ ပခုက္ကူ (၃)ရက်။ Hotel- 75000
- မန္တလေး။ ပြင်ဦးလွင်၊ ရေပြာအိုင်၊ ကျောက်မီးဘုရား (၃)ရက်။ Hotel- 65000
- ဘားအံ ဂူ(၅)ဂူ၊ တောင်ဝိုင်း။ ချစ်သူမြိုင်၊ ကျောက်ကလော့ပ် (၃)ရက်။ Hotel- 65000

အပတ်စဉ် သွားကြ

([illegible])

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၃၇ယ/၅၉၇၈၁ Honda Wave 110/ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဒေါ်လင်းတင်ဇာခိုင် ၃/ကဆက(နိုင်)၀၆၈၄၁၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၃၁ယ/၅၄၅၀၇ Honda Dream, m/c ယာဉ် လက်ဝယ်ရှိသူ ဦးစောသန်းဦး ၃/လဘန(နိုင်)၀၉၆၉၂၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ပြည်နယ်ရုံး(ဘားအံမြို့)**

**ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် P/2793 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံးသွားပါ၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ တိုင်းရုံး(ပဲခူး)**









# အနူးအညွတ်ဝန်ချတောင်းပန်ခြင်း

မကွေးမြို့၊ ကန်သာရပ်၊ မေတ္တာလမ်းနေ ဒေါက်တာဒေါ်ခင်ဝင်းမေ(တိ/ကု)သည် မကွေးမြို့ ကောင်းမွန်ဆေးရုံတွင် ပြင်ပလူနာအဖြစ် ဆေးကုသမှုခံယူနေစဉ် ရုတ်တရက် အရေးပေါ်အခြေအနေ ဖြစ်ပေါ်သွားချိန်တွင် ကျွန်တော်များဆေးရုံ၏စီမံခန့်ခွဲမှုနှင့် လိုအပ်သောကုသမှုပေးရန်ပျက်ကွက် ခဲ့ပါသဖြင့် လူနာသည် ၁၇-၁-၂၀၁၇ ရက်တွင် ရုတ်တရက် အသက်ဆုံးရှုံးခဲ့ရပါသည်။

ထိုသို့ကြီးမားစွာ အစားထိုးမရနိုင်သည့် နစ်နာဆုံးရှုံးမှုအတွက် ကာယကံရှင်၏ မိသားစု နှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်းနှင့် ကာယကံရှင်နှင့် ကာယကံရှင်၏မိသားစု ဝင်များအား မကွေးမြို့ ကောင်းမွန်ဆေးရုံမှ အနူးအညွတ်ဝန်ချတောင်းပန်အပ်ပါသည်။

**ကောင်းမွန်ဆေးရုံ၊ မကွေးမြို့**

# အထူးဝမ်းနည်းကြေကွဲခြင်း

မကွေးမြို့နေ (ဦးမြဟန်-ဒေါ်အေးပိုင်) တို့၏သမီး၊ ညောင်တုန်းမြို့နေ (ဦးရလှိုင်-ဒေါ်ငွေကြည်)တို့၏ သမီးချွေးမ၊ မကွေးမြို့၊ ကန်သာရပ်၊ မေတ္တာလမ်းနေ ဒေါက်တာ ဦးဝင်းမြင့် (တိ/ကု)၏ဇနီး၊ မဝင်းလဲ့လဲ့ဖြိုး၊ ကိုအောင်မြတ်ကျော် (Lizstar Co., Ltd)- ဒေါက်တာအေးမြချမ်းသာ၊ ဒေါက်တာမင်းကိုအောင်-ဒေါက်တာဝင်းပြည့်ပြည့်ဖြိုး တို့၏မိခင် ဒေါက်တာဒေါ်ခင်ဝင်းမေ(တိ/ကု)သည် ၁၇-၁-၂၀၁၇ ရက်တွင် ရုတ်တရက် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ယူကျုံးမရ ဝမ်းနည်းကြေကွဲရ ပါသည်။

**ညီအစ်ကိုမောင်နှမများ**

- **ဦးတင်အောင်-(ဒေါ်သိန်းသန်း)**
- **ဦးကျော်အေး-ဒေါ်မိမိအောင်**
- **ဦးငွေမြင့်-ဒေါ်ခင်မျိုးအောင်**
- **ဦးအောင်ကျော်ငြိမ်း-ဒေါ်ဝင်းဝင်းကြည်**
- **ဦးခင်မောင်-ဒေါ်ခင်ဝင်းဆွေ**
- **ဦးမောင်မောင်တာ-ဒေါ်စုစုကြည်**
- **ဒေါ်ကျင်ကျင်အေး**
- **ဦးဟုတ်စိန်-ဒေါ်မေသူစိုး**
- **ဦးစိုးလှိုင်-(ဒေါ်အေးငြိမ်းစိုး)**
- **ဒေါ်ကြည်ကြည်အေး**

**နှင့် တူ၊ တူမများ**

## ဝမ်းနည်းကြေကွဲခြင်း
# ဆရာကြီး ဦးကိုကိုမြိုင်
**မဟာသဒ္ဓမ္မဇောတိကဓဇ**
**အထက(၁)လမ်းမတော်(စိန့်ဂျွန်း-ငြိမ်း)**
**အသက်(၇၆)နှစ်**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ သုနန္ဒာ ၃လမ်း၊အမှတ်(စ/၅၅)နေ အထက(၁)လမ်းမတော်(စိန့်ဂျွန်း)မြတ်ဆရာပူဇော်ပွဲကျင်းပရေးအဖွဲ့၏ အပူဇော်ခံ ဆရာကြီးဦးကိုကိုမြိုင်(တက္ကသိုလ်သျှင်သီရိ၊ဓမ္မာစရိယ ဘီ-အေ)သည် ၁၉-၁-၂၀၁၇ရက် (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**အမှုဆောင်အဖွဲ့**
**မြတ်ဆရာပူဇော်ပွဲကျင်းပရေးအဖွဲ့**
**အထက(၁)လမ်းမတော်(စိန့်ဂျွန်း)**

# ဦးအုန်းငွေ
**အသက်(၇၆)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၆)ရပ်ကွက်၊ အေးရိပ်ငြိမ် လမ်း၊ အမှတ် ၄၆၈နေ (ဦးချစ်မောင်-ဒေါ်ကြွေ)တို့၏သား၊ ဒေါ်တင်ဝင်း၏ ခင်ပွန်း၊ ဦးအောင်လွင်ဦး (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံတော်အခြေခံ ဥပဒေရုံး)-ဒေါ်သီသီခိုင်၊ ဦးဇော်မင်း-(ဒေါ်စန်းစန်းမော်)၊ ဒေါ်ရီရီမော်၊ ဦးညီညီ အောင်-ဒေါ်မွှေးမွှေးလှိုင်၊ ဦးဇော်ဇော်လွင်-ဒေါ်ခင်မိုးမိုးအောင်၊ ဦးနောင်နောင် လွင်-ဒေါ်သိန်းသိန်းရီတို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုး၊ ဦးအုန်းရွှေ-ဒေါ်တင်ရွှေတို့၏ညီ၊ (ဦးတင်ငွေ-ဒေါ်မြဝင်း)၊ ဒေါ်မြင့်ကြည်၊ ဦးစိုးငြိမ်း-ဒေါ် အေးငြိမ်း၊ (ဦးသံလုံး-ဒေါ်သန်းအေး)၊ ဦးဖိုးမော်-(ဒေါ်သန်းသန်းဌေး)၊ ဒေါ်ခင် မိုးတို့၏အစ်ကိုသည် ၂၂-၁-၂၀၁၇ရက်(တနင်္ဂနွေနေ့)တွင် ဟုမ္မလင်း ပြည်သူ့ ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
# ဒေါ်လှလှဝင်း(ခ)ဒေါ်ရီရီမြင့်(ခ)ဒေါ်ရိုစီ
**အသက်(၇၃)နှစ်**

ဦးသန်းဌေး(ဌာနမှူး၊ အင်ဂျင်နီယာဌာန၊ အဆောက်အအုံ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ)-ဒေါ်နွယ်နီထွန်းတို့၏ ချစ်လှစွာသောမိခင်ကြီး ဒေါ်လှလှဝင်း(ခ)ဒေါ်ရီရီမြင့်(ခ)ဒေါ်ရိုစီသည် ၁၉-၁-၂၀၁၇ရက်တွင် ကွယ် လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ အထူး ဝမ်းနည်းကြေကွဲရပါသည်။

**မဟာသဒ္ဓမ္မဇောတိကဓဇ ၊ သဒ္ဓမ္မဇောတိကဓဇ၊**
**အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ၊**
**သီရိသုဓမ္မမဏိဇောတဓရ ဒေါက်တာဦးစိုးသိန်း**
**နှင့် ဇနီး အဂ္ဂမဟာသီရိသုဓမ္မသီဂီ၊ သီရိသုဓမ္မသီဂီ ဒေါ်ခင်ချိုအုန်း**
**(ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)**

## ဘုရား၊ ရဟန်း၊ ကျောင်း၊ မုခ်ဦး ဒါယကာကြီး
# ဦးကျော်ဌေး (မိုးကုတ်မြို့)
**အသက်(၆၅)နှစ်**

မိုးကုတ်မြို့၊ အောင်မြေသုခရပ်နေ ဒေါ်တင်အောင်၏ချစ်လှစွာသောခင်ပွန်း၊ မိုးကုတ်မြို့၊ ဈေးသစ်ရပ်နေ ကိုဖုန်းမြင့်စိုး-မသူဇာကျော်၊ ရန်ကုန်မြို့နေ ကိုမောင်မောင်စိုး-မအိအိလင်း၊ ကိုမောင်မောင်လွင်-မဂျူးသက်ချယ်၊ ကိုမောင် မောင်ကျော်တို့၏ဖခင်၊ မခင်ဖုန်းပွင့်၊ မစံမဒ္ဒီ၊ မအိမ့်ချမ်းမြေ့မောင်၊ မယသဝတီ မောင်၊ မောင်သာခန့်ထည်တို့၏အဘိုးသည် ၂၁-၁-၂၀၁၇ရက် (စနေနေ့) ည ၈း၅၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၁-၂၀၁၇ရက်(တနင်္လာနေ့)မွန်းလွဲ ၂နာရီတွင် မိုးကုတ်မြို့သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီး ရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါ သည်။ ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ ကျောင်း၊ မုခ်ဦး ဒါယကာကြီး
# ဦးကျော်ဌေး အသက်(၆၅)နှစ်

ဒေါ်တင်အောင်၏ချစ်လှစွာသောခင်ပွန်း၊ ဖခင်ကြီးအား သက်ရှိထင်ရှား စဉ်မှ ကွယ်လွန်သည့်နောက်ဆုံးချိန်အထိ ပြုစုစောင့်ရှောက်အစွမ်းကုန် ဆေးဝါး ကုသပေးခဲ့ပါသော သားလိမ္မာ ဦးမောင်မောင်စိုး-ဒေါ်အိအိလင်းတို့၏ ချစ်လှစွာ သောဖခင်ကြီး ဦးကျော်ဌေးသည် ၂၁-၁-၂၀၁၇ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ အထူးပင်ကြေကွဲဝမ်းနည်းရပါ သည်။

**မဟာသဒ္ဓမ္မဇောတိကဓဇ၊ သဒ္ဓမ္မဇောတိကဓဇ၊**
**အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ၊**
**သီရိသုဓမ္မမဏိဇောတဓရ ဒေါက်တာဦးစိုးသိန်း**
**နှင့် ဇနီး အဂ္ဂမဟာသီရိသုဓမ္မသီဂီ၊ သီရိသုဓမ္မသီဂီ ဒေါ်ခင်ချိုအုန်း**
**(ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)**

# ရဲအုပ်သန်းမင်း အသက်(၅၅)နှစ်
**(၁၄/၉၀) လ-၁၁၃၇၄၂**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်နေ (ဦးဝင်း-ဒေါ်စော)တို့၏သား၊ (ဦးဟန်သန်း)-ဒေါ်ညွှန့်သိန်း၊ ဦးခင်မောင်မြင့်-ဒေါ်ညွှန့်စန်းတို့၏ ညီ/မောင်၊ လှိုင်သာယာမြို့နယ်နေ ဦးမြင့်အေး-ဒေါ်အေးသန်းတို့၏သားသမက်၊ ဒေါ်နုနုဆွေ ၏ခင်ပွန်း၊ ကိုရန်နိုင်-မစုစန္ဒာအေးသိန်း၊ မမေမြတ်ချိုတို့၏ဖခင်သည် ၂၁-၁-၂၀၁၇ရက်(စနေနေ့)ညနေ ၆း၁၅နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၂၃-၁-၂၀၁၇ ရက် မွန်းလွဲ ၁နာရီတွင် ရွှေပြည်သာကျူချောင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ် ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၇-၁-၂၀၁၇ရက်တွင် ရက်လည်ဆွမ်း ကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
# ဒေါ်လှလှဝင်း(ခ)ဒေါ်ရီရီမြင့်(ခ)ဒေါ်ရိုစီ
**အသက်(၇၃)နှစ်**

ရန်ကင်းမြို့နယ်၊ ပါရမီရိပ်သာ၊ မဉ္ဇူလမ်းသွယ်(၃)၊ အမှတ် ၂၀-Rနေ ဦးသန်း ဌေး (ဌာနမှူး၊ အင်ဂျင်နီယာဌာန၊ အဆောက်အအုံ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ)-ဒေါ်နွယ်နီထွန်းတို့၏မိခင်ဖြစ်သူ ဒေါ်လှလှဝင်း(ခ)ဒေါ်ရီရီမြင့်(ခ)ဒေါ်ရိုစီ သည် ၁၉-၁-၂၀၁၇ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးအောင်ထွေး MD**
**CAIRO TAILORS နှင့်**
**GREAT CAIRO CONSTRUCTION CO.,LTD**

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
**ပျဉ်းမနားမြို့နယ်၊ပန်းခင်းကွက်သစ်ရပ်ကွက်၊စုဋ္ဌာမဏိရန်အောင်မြင်ကျောင်းတိုက်**
# ဘဒ္ဒန္တဉူးအာဒိစ္စဝံသ
**သက်တော်(၈၁)နှစ်၊ သိက္ခာတော်(၆၁)ဝါ**

နေပြည်တော်ကောင်စီနယ်မြေ၊ ပျဉ်းမနားမြို့နယ်၊ ပန်းခင်းကွက်သစ်ရပ် ကွက်၊ စုဋ္ဌာမဏိ ရန်အောင်မြင်ကျောင်းတိုက် ဦးစီးပဓာန မဟာနာယက ဆရာ တော်ကြီး ဘဒ္ဒန္တဉူးအာဒိစ္စဝံသသည် (၁၃၇၈ခုနှစ် ပြာသိုလပြည့်ကျော် ၉ရက်) ၂၁-၁-၂၀၁၇ရက်(စနေနေ့)နံနက် ၅း၂၀နာရီတွင် စုဋ္ဌာမဏိရန်အောင်မြင်ကျောင်း တိုက်၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၈ခုနှစ် ပြာသိုလပြည့်ကျော် ၁၃ရက်) ၂၅-၁-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် စံကျောင်းတော်သို့ ပင့်ဆောင်၍အန္တိမဈာပနပူဇော်မည်ဖြစ်ပါကြောင်း တပည့်ဒါယကာ၊ဒါယိကာမ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

တပည့်ဒါယကာ၊ ဒါယိကာမများ၊ နေပြည်တော်

# ဒေါ်စောသီ (သုံးဆယ်မြို့)
**ရုံးအဖွဲ့စိတ်မှူး၊ ဆ/မဦးစီးဌာန(ငြိမ်း)**
**အသက်(၈၉)နှစ်**

သုံးဆယ်မြို့နေ (ဦးထွန်းဖေ-ဒေါ်ခင်လေး)တို့၏သမီး၊ ကြည့်မြင်တိုင် မြို့နယ်နေ(ဦးစိန်သိး-ဒေါ်သန်း)တို့၏သမီးချွေးမ၊(ဦးသိန်းဆွေ)၏ဇနီး၊ဦးအတူး-(ဒေါ်အေးမြင့်ဆွေ)၊ ဦးဝင်းကြည်(လထ/ညွှန်မှူး၊ ရင်းနှီး/ကုမ္ပဏီညွှန်ကြားမှု ဦးစီးဌာန)-ဒေါ်ခင်စန်းမြင့်(ဆလရ၊ ငြိမ်း)၊ ဦးတင်ဌေး(ပုံ-ထုတ်၊ အင်/ယာ ဆလရ၊ငြိမ်း)-ဒေါ်တင်အေးဆွေ၊ ဒေါ်စိုးစိုးမြင့်(ဦးစီးမှူး၊ နှစ်/ရှည်)တို့၏မိခင်၊ မြေးခြောက်ယောက်၊ မြစ်သုံးယောက်တို့၏အဘွားသည် ၂၁-၁-၂၀၁၇ရက် (စနေနေ့) ညနေ ၄း၃၀ နာရီတွင် တိုက် ၉၊ အခန်း ၂၀၄၊ တညင်းကုန်းအိမ်ရာ၊ အင်းစိန်မြို့နယ်တွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၁-၂၀၁၇ရက်(တနင်္လာနေ့) ညနေ ၄း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

# ဦးသန်းဌေး
**အင်ဂျင်နီယာမှူး(ငြိမ်း)၊ ရတနာပုံသင်္ဘောကျင်း**
**အသက်(၆၁)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၁)ရပ်ကွက်၊ ဓမ္မာရုံ ၂လမ်း၊ အမှတ် ၅၅၂နေ (ဦးအောင်သန်း-ဒေါ်သန်းတင်)တို့၏သား၊ ဦးခင်ဇော်(ASIA WORLD CO., LTD)-ဒေါ်သန်းသန်းထွေးတို့၏ညီ၊ ဒေါ်ခင်စန်းမြင့်၊ (ဦးမြင့်သန်း)-ဒေါ်သန်း သန်းဦးတို့၏အစ်ကို၊ (ဒေါ်လှဲ့လှဲ့ဝင်း)၏ချစ်လှစွာသောခင်ပွန်းသည် ၂၁-၁-၂၀၁၇ရက် ညနေ ၆း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၁-၂၀၁၇ရက် မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိ ပေးအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

# ဒုတိယဗိုလ်မှူးကြီးသိန်းသန်းဦး
**ကြည်း-၂၀၁၃၃ (တဗ-၁၃)**
**အသက်(၅၂)နှစ်**

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အနိုပ်တော်ရပ်ကွက်၊ အမှတ် ၁၃၂ နေ (ဗိုလ်ကြီးသန်းတင်-ဒေါ်မြသိန်း)တို့၏သား၊ ဗိုလ်ကြီးအေးချမ်းဖြိုး-ဒေါ် မီမီဖြိုးပိုင်ထွန်း၊ မောင်မင်းသန်းဦး၊ မသက်ထားဦးတို့၏ဖခင်၊ မြေးတစ်ယောက် ၏အဘိုး၊ ဒေါ်စန္ဒာဦး၏ချစ်လှစွာသောခင်ပွန်း၊ အမှတ်(၅၀၃)အမြောက်တပ်ရင်း တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးသိန်းသန်းဦးသည် ၂၁-၁-၂၀၁၇ရက် ည ၈း၅၀ နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ (ခုတင်-၅၀၀)ဆေးရုံ၌ ကွယ်လွန်သွား ပါသဖြင့် ၂၃-၁-၂၀၁၇ရက်(တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် (ခုတင်-၁၀၀၀) ငြိမ်းအေးဇရပ်မှ မင်္ဂလာဒုံတပ်မတော်စစ်သင်္ချိုင်းသို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၇-၁-၂၀၁၇ရက်တွင် အမှတ်(၅၀၃)အမြောက် တပ်ရင်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ် ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
# ဒုတိယဗိုလ်မှူးကြီးသိန်းသန်းဦး
**(ကြည်း-၂၀၁၃၃) (တဗ-၁၃)**
**အသက်(၅၂)နှစ်**

ဒုတိယဗိုလ်မှူးကြီးသိန်းသန်းဦးသည် ၂၁-၁-၂၀၁၇ရက်ည ၈း၅၀ နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ(ခုတင်-၅၀၀)၌ ကွယ်လွန်သွား ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲ ရပါသည်။

**တဗ(၁၃)မှ သူငယ်ချင်းများနှင့်မိသားစုများ**

# ဗိုလ်မှူးမောင်မောင်မျိုး (ငြိမ်း)
**တဗ(၂၃) ကြည်း(၂၇၉၀၄)**
**အသက်(၄၂)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊အနန်းပင်ရပ်ကွက်(တောင်ပိုင်း)၊ အနော်ရထာ လမ်း၊ အမှတ် ၂၄နေ ဦးတင်ငြိမ်း-ဒေါ်စန်းစန်းတို့၏သား၊ ရှမ်းပြည်နယ်(မြောက် ပိုင်း)၊ နမ္မတူမြို့နေ(ဦးဘိုးလန်း-ဒေါ်သန်းဆွေ)တို့၏သားသမက်၊ မောင်နေလင်း ဦး၊ မချောကလျာစန်းတို့၏ဖခင်၊ ဒေါ်သန်းသန်းဝင်း၏ချစ်လှစွာသောခင်ပွန်း သည် ၂၂-၁-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၃း၄၅နာရီတွင် အမှတ်(၁) တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၁-၂၀၁၇ ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်း ကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာ ပါမည်။) ကျန်ရစ်သူမိသားစု

# ဒေါ်အေးနီလာဆွေ
**အသက်(၄၁)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၅)ရပ်ကွက်၊ အောင်သပြေ လမ်း၊ အမှတ် ၉၂နေ (ဦးကောက်-ဒေါ်အေးဖြူ)၊ (ဦးစောမောင်-ဒေါ်စန်းရီ) တို့၏မြေး၊ (ဦးချစ်ဆွေ)-ဒေါ်ခင်လှဆွေ တို့၏သမီး၊(ဦးကောက်)-ဒေါ်သန်းတင် တို့၏သမီးချွေးမ၊ (ဦးအောင်ဆွေယျ)၊ ဦးအောင်ကျော်ဦး-ဒေါ်စမ်းသီတာတို့၏ ညီမ၊ မောင်သော်ထွန်းဦး၊ မောင်ဝင်း လွင်တိုးတို့၏အဒေါ်၊ ဦးမြင့်ဇော်၏ဇနီး၊ မဖူးကေခိုင်၏မိခင်သည် ၂၁-၁-၂၀၁၇ ရက်(စနေနေ့) ည ၁၀နာရီတွင် ရန်ကုန် ဆေးရုံကြီး၌ကွယ်လွန်သွားပါ၍၂၃-၁-၂၀၁၇ရက်(တနင်္လာနေ့) မွန်းလွဲ ၂နာရီ တွင် ရေဝေးအအေးတိုက်မှ ရေဝေး သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီ တွင်ထွက်ခွာပါမည်။)ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
# ဒေါ်အုန်းတင် (ကျိုက်လတ်)
**အသက်(၉၀)**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ အောင်မင်္ဂလာလမ်း၊၄/မြောက်ရပ်ကွက်၊ အမှတ် ၉၀၀နေ (ဦးအောင်ထွန်း-ဒေါ်သိန်း)တို့၏သမီး၊(ဗိုလ်တင်အောင်) (လွတ်လပ်ရေးမော်ကွန်းဝင် ပထမဆင့်) ၏ချစ်လှစွာသောဇနီး၊ ကျိုက်လတ်မြို့ နေ (ဒေါ်သန်းကြည်)၏ညီမ၊ ဒေါ်တင် လှိုင်၏အစ်မ၊ ဦးဝင်းအောင်၊ ဦးတင် ကြိုင်-ဒေါ်စန်းစန်းတင်၊ ဦးဉာဏ်စိုး-ဒေါ်သန်းသန်းတင်(အမက-၉၊ မ/ဒဂုံ)၊ ဦးခင်ဇော်ဦး - ဒေါ်သိန်းသိန်းတင်၊ ဦးသန့်ဇင်-ဒေါ်ညွှန့်ညွှန့်တင်(ခ)မခိုင်၊ ဒေါ်မြင့်မြင့်တင်(ဦးစီးအရာရှိ၊ လဝက)၊ ဦးအေးအောင်(ဂန္ဓဝင်ရွှေပုဂံစားသောက် ဆိုင်)၊ (ဦးခင်အောင်)၊ ဦးကျော်ဝင်း လှိုင်-ဒေါ်မိမိတင်(တင်အောင်ဆောက် လုပ်ရေးကုမ္ပဏီ)တို့၏ ချစ်လှစွာသော မိခင်၊ မြေး ၁၃ယောက်၊ မြစ်ခုနစ် ယောက်တို့၏အဘွားသည် ၂၂-၁-၂၀၁၇ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၁၂း၄၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ သဖြင့် ၂၄-၁-၂၀၁၇ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေး တိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုး မိတ်သင်္ဂဟများအား အကြောင်းကြား အပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ် လွန်သူအားရည်စူး၍ ၂၈-၁-၂၀၁၇ ရက်တွင် အထက်ပါနေအိမ်သို့ရက်လည် ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါ ရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
# ဒေါ်အုန်းတင် (ကျိုက်လတ်)
**အသက်(၉၀)**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၄/မြောက်ရပ်ကွက်၊ အောင်မင်္ဂလာ လမ်း၊ အမှတ် ၉၀၀နေ (ဗိုလ်တင်အောင်၊ လွတ်လပ်ရေးမော်ကွန်းဝင် ပထမဆင့်) ၏ချစ်လှစွာသောဇနီး၊ ဒေါ်တင်ဇာနည် ဦး (France Tour Guide)၊ ဗိုလ်ကြီး တင်အောင်နိုင်လတ်(DSMA 7 Intake)-ဒေါ်ဆွေသူဟန် (Head of PLM, Telenor Myanmar)၊ ဦးဝင့်သူအောင် (Trade Wind) - ဒေါ်ကေသွယ်ဦး၊ ဦးစည်သူအောင်(ဂန္ဓဝင်ရွှေပုဂံစားသောက် ဆိုင်)၊ ဗိုလ်ကြီးအောင်ထွဋ် (DSA. 49 Intake)၊ ဒေါ်သဲသက်သန့်ဇင်၊ ဦးဇော် ထွဋ် (Tin Aung Construction & Baw Zi Co., Ltd)၊ ဦးဇော်မျိုးနိုင် (E.M.P Co., Ltd)-ဒေါ်သက်ဆုဉာဏ်စိုး (ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး)၊ ဦးဝသုန်ပြည့်စုံ(Baw Zi Co., Ltd)၊ ကိုသက် မောင်မောင်သန့်ဇင် (Ayayer Waddy FC)၊ မရွှန်းလဲ့သန့်ဇင်၊ မောင် စိုးစံလင်းပြည့်စုံ၊ ပြည့်ဖြိုးပြည့်စုံတို့၏ အဘွား၊ မြစ်ခုနစ်ယောက်တို့၏အဘွား သည် ၂၂-၁-၂၀၁၇ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁၂း၄၅နာရီတွင် နေအိမ်၌ကွယ် လွန်သွားပါသဖြင့် ၂၄-၁-၂၀၁၇ရက် (အင်္ဂါနေ့)မွန်းတည့် ၁၂နာရီတွင်ရေဝေး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်း ကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

# ဒေါ်ချိုချိုအောင် (ရွှေကျင်)
**အသက်(၅၃)နှစ်**

ရွှေကျင်မြို့နေ (ဦးတင်အောင်-ဒေါ် တင်အေး)တို့၏သမီး၊ ဖဒိုမြို့နယ်နေ (ဦးမောင်မောင်တင်)-ဒေါ်စန်းမြင့်တို့၏ သမီးချွေးမ၊ ဦးမြဝေ-ဒေါ်ယုယုလွင်၊ ဒေါ်လဲ့လဲ့အောင်တို့၏ညီမ၊ ဦးထွန်း သိန်း-ဒေါ်သီတာအောင်၊ ဦးကျော် ဆန်း-ဒေါ်စန္ဒာအောင်၊ ဦးအေးနောင်-ဒေါ်မင်းမင်းအောင်၊ ဦးတင်မိုးအောင်-ဒေါ်မြသက်မွန်တို့၏အစ်မ၊သဃ်န်းကျွန်း မြို့နယ်၊ သုဝဏ္ဏ၊ ရူကလစ်မြိုင်လမ်း၊ (၂၅)ရပ်ကွက်၊ တိုက် ၂၉၊ အခန်း ၃နေ (ဦးကျော်ကျော်ဌေး)၏ဇနီး၊ ကိုမျိုးမင်း ဌေး-မယုမိစံ၊ ကိုမျိုးသူရ-မနိုနိုအောင် ဝင်းတို့၏မိခင်၊ မြေးတစ်ယောက်တို့၏ အဘွားသည် ၂၁-၁-၂၀၁၇ရက် (စနေ နေ့)ညနေ ၃း၄၅နာရီတွင်(ခုတင်-၅၀၀) အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၃-၁-၂၀၁၇ရက် (တနင်္လာနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၄၅နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၇-၁-၂၀၁၇ရက်(သောကြာနေ့)တွင် အထက် ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရား တော်နာကြွရောက်ပါရန် ဖိတ်ကြားအပ် ပါသည်။] ကျန်ရစ်သူမိသားစု

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
# ဆရာတော် ဘဒ္ဒန္တကဝိန္ဒာစာရ
**သက်တော်(၈၈)နှစ်၊ သိက္ခာတော်(၆၉)ဝါ**

ရှမ်းပြည်တောင်ပိုင်း၊ မိုးမိတ်ခရိုင်၊ မိုးမိတ်မြို့၊ ရွှေကြာပင်ကျောင်းတိုက်၏ ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တကဝိန္ဒာစာရသည် (၁၃၇၈ခုနှစ် ပြည်သို လပြည့်ကျော် ၉ရက်) ၂၁-၁-၂၀၁၇ရက် (စနေနေ့) နံနက် ၆နာရီတွင် ဘဝ နတ်ထံပျံလွန်တော်မူသွားပါသဖြင့် ရပ်နီးရပ်ဝေးမှ သံဃာတော်များနှင့် တပည့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူ တပည့်များနှင့် ဒါယကာ၊ ဒါယိကာမများ

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
**ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကြားတောရလမ်း**
**ဆူးခါးကျောင်းတိုက်၊ ပဓာနနာယက ဆရာတော်**
# ဘဒ္ဒန္တသုမန
**သက်တော်(၅၅)နှစ်၊ သိက္ခာတော်(၃၅)ဝါ**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကြားတောရလမ်း၊ ဆူးခါးပရိယတ္တိစာသင်တိုက်၊ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တသုမနသည် (၁၃၇၈ခုနှစ် ပြာသိုလပြည့်ကျော် ၉ရက်) ၂၁-၁-၂၀၁၇ရက်(စနေနေ့)မွန်းလွဲ ၁၂း၄၀နာရီတွင် ဘဝနတ်ထံပျံလွန် တော်မူသွားပါသဖြင့် (၁၃၇၈ခုနှစ် ပြာသိုလပြည့်ကျော် ၁၃ရက်) ၁၅-၁-၂၀၁၇ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ဆူးခါးကျောင်းတိုက်မှ ပင့်ဆောင်ပြီး ရေဝေးသုသာန်၌ အန္တိမဈာပနကျင်းပပြုလုပ်ပူဇော်မည်ဖြစ်ပါကြောင်း ရပ်ဝေး ရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (ကျောင်း တိုက်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ ဆူးခါးကျောင်းတိုက်

# ဦးကျော်မြင့်
**[သမဝါယမဦးစီးမှူး(ငြိမ်း)၊ ကျိုက်လတ်]**
**အသက်(၇၀)**

(ဦးလှမောင်-ဒေါ်စောရင်)တို့၏သား၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ (၄၇)ရပ်ကွက်၊ ပိတောက်ရွှေဝါလမ်း၊ အမှတ် ၆၀၈နေ ဒေါ်လှမေ၏ ခင်ပွန်း၊ ဦးအုန်းလှိုင်(တရားလွှတ်တော်ရှေ့နေ၊ နိုတြီပဗ္ဗလစ်)၏ညီ၊ ဒေါ်စန်းတင် ၏အစ်ကို၊ ဦးတင်အောင်ကျော်(ဒု-အယ်ဒီတာချုပ်၊ The V oice Daily)-မပြည့်ပြည့်ဝန်းအေး(MFIL)၊ Todd Zimmerman-မထားထားမြင့်(ဝါရှင်တန် ဒီစီ)၊ ဒေါ်အေးအေးမြင့်၊ ဦးခင်မောင်ကျော်-ဒေါ်မိုးဝါ၊ မရွှေရည်စောမြင့် (THOMSON REUTERS)တို့၏ဖခင်၊ မေမြတ်နိုးခင်(Grade-VIII)၊ နေခြည်လင်းခင် (KG-မဟာသရဖူကျောင်း)၊ ဆုမွန်ပြည့်စုံတို့၏အဘိုးသည် ၂၂-၁-၂၀၁၇ရက် နံနက် ၄နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၁-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေး သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉း၄၅နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၈-၁-၂၀၁၇ရက် (စနေနေ့) တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
# ဦးအေးမောင်(ခ)ဦးကျော်ဝင်း
**B.Sc (Forestry) 85 Batch**
**အသက်(၅၆)နှစ်**

မိုးကုတ်မြို့၊ ထင်းရှူးခြံရပ်နေ ဒေါ်မို့မို့ဖြူ၏ခင်ပွန်း ဦးအေး မောင်(ခ)ဦးကျော်ဝင်းသည် ၂၂-၁-၂၀၁၇ရက်တွင် ကွယ်လွန် သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်း ကြေကွဲရပါသည်။

**၁၉၈၅ခုနှစ် သစ်တောသိပ္ပံဘွဲ့ရ**
**သူငယ်ချင်းများ**

# ဗိုလ်ကြီးဝင်းထွန်း (ငြိမ်း)
**DSTA 4th Batch**
**အင်ဂျင်နီယာမှူး၊ ရေကြောင်းတက္ကသိုလ်**
**Managing Driector (Hexagon Co.,Ltd.)**
**အသက်(၃၉)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ ရွှေနှင်းဆီလမ်း၊ အမှတ် ၁၀၈နေ ဦးလေးစိန်-ဒေါ်ဖွားစိန်တို့၏သား၊ ဒေါ်ခင်စန္ဒာကျော်၏ခင်ပွန်း၊ မောင် အိမ်နေထွန်း၏ဖခင်သည် ၂၁-၁-၂၀၁၇ရက်(စနေနေ့)နံနက် ၈နာရီတွင် ကွယ် လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၂၇-၁-၂၀၁၇ရက် (သောကြာနေ့)နံနက် ၇နာရီမှ နံနက် ၁၁း၃၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ဒေါ်အေးနီလာဆွေ
**အသက်(၄၁)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ အင်းဝ ၉လမ်း၊ အမှတ် ၁၀၂၉နေ (ဦးကောက်-ဒေါ်အေးဖြူ)၊ (ဦးစောမောင် - ဒေါ်စန်းရီ)တို့၏မြေး၊ (ဦးစိန်ဝင်း)-ဒေါ်လှရီ၊ (ဦးမောင်စိန်-ဒေါ်အေးကြင်)၊ ဦးတင်စိန်-ဒေါ်ခင်မြ၊ ဦးသိန်းညွှန့်-ဒေါ်ခင်လှရီ၊ ဦးထွန်းလင်း ဦး-ဒေါ်ခင်လှရီတို့၏တူမ၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ အောင်သပြေ လမ်း၊ အမှတ် ၉၂နေ (ဦးချစ်ဆွေ)-ဒေါ်ခင်လှဆွေတို့၏သမီး၊ ဦးမြင့်ဇော်၏ ဇနီး၊ မဖူးကေခိုင်၏မိခင်သည် ၂၁-၁-၂၀၁၇ရက် (စနေနေ့) ည ၁၀နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါ သဖြင့် ၂၃-၁-၂၀၁၇ရက် (တနင်္လာ နေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေး တိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ဒဂုံမြို့ သစ်(မြောက်ပိုင်း)မြို့နယ် နေအိမ်နှင့် တောင်ဥက္ကလာပမြို့နယ်၊အင်းဝ ၉လမ်း နေအိမ်တို့မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု

## ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
# ဒေါ်သန်းရွှေ
**အသက်(၇၁)နှစ်**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၄/ မြောက်ရပ်ကွက်၊မြို့မ ၁၄လမ်း၊ အမှတ် ၆၅/ခနေ ဦးမောင်မြင့်(တကက၊ ငြိမ်း၊ ပပန)၏ဇနီး၊ ဦးအယ်လ်ဆိုင်ဂွန်း-ဒေါ် အေးအေးမြင့် (ငါးလုပ်ငန်းဦးစီးဌာန၊ လင်းခေး)၊ ဦးကြည်ဆွေ (NEPAS မင်္ဂလာဒုံလေယာဉ်ဆီ) - ဒေါ်မူမူမြင့်၊ ဦးချစ်ကိုကို-ဒေါ်ဌေးဌေးဝင်း၊ (တကက စည်သူမြင့်)၊ ဦးဇေယျာမြင့်တို့၏မိခင်၊ မြေးခြောက်ယောက်တို့၏ အဘွားသည် ၂၁-၁-၂၀၁၇ရက် (စနေနေ့) ညနေ ၃း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၁-၂၀၁၇ရက်(တနင်္လာနေ့)မွန်းလွဲ ၂း၃၀နာရီတွင်ကျီစုသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၇-၁-၂၀၁၇ရက် (သောကြာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်း ကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ဗြိတိန်နိုင်ငံသို့ ရောက်ရှိ



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်အား ဗြိတိန်နိုင်ငံ **London Heathrow** အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် တာဝန်ရှိသူများ ကြိုဆိုကြစဉ် (သတင်းစဉ်)

**နေပြည်တော် ဇန်နဝါရီ ၂၂**

ဗြိတိန်နိုင်ငံအောက်လွှတ်တော်ဥက္ကဋ္ဌ Rt. Hon. Mr. John Bercow ၏ ဖိတ်ကြားချက်အရ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ခေါင်းဆောင်သည့် ပြည်သူ့လွှတ်တော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဗြိတိန်နိုင်ငံ London Heathrow အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဇန်နဝါရီ ၂၁ ရက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီ မိနစ် ၄၀ တွင် ရောက်ရှိကြသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ဗြိတိန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကျော်ဇွာမင်းနှင့် သံရုံးဝန်ထမ်းများ၊ WFD London မှ တာဝန်ရှိသူများက London Heathrow လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

**(သတင်းစဉ်)**

# ဆောက်လုပ်ရေးလုပ်ငန်းရှင်များ ဦးဆောင်၍ တန်ဖိုးနည်းအိမ်ရာများ ဆောက်လုပ်မည်

**မြင့်မောင်စိုး**

**ရန်ကုန် ဇန်နဝါရီ ၂၂**

ဆောက်လုပ်ရေးလုပ်ငန်းရှင်များဦးဆောင်၍ နိုင်ငံတော်အစိုးရနှင့်ပူးပေါင်းကာ တန်ဖိုးနည်းအိမ်ရာ အမြောက်အမြား ဆောက်လုပ်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဆောက်လုပ်ရေး လုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးသာဌေးက ပြောသည်။

"ကျွန်တော်တို့နိုင်ငံမှာ အိမ်မဲ့ယာမဲ့တွေ အများအပြားရှိနေပါတယ်။ ရန်ကုန်မှာ သန်းဂဏန်းလောက်အထိရှိနေပါတယ်။ နောက်ကျကျန်နေတဲ့ ပြည်သူတွေရဲ့ဘဝတွေကို ကျွန်တော်တို့ အသင်းကြီးအနေနဲ့ နိုင်ငံတော်အစိုးရနဲ့ ပူးပေါင်းပြီး တန်ဖိုးနည်းအိမ်ရာတွေ ဆောက်လုပ်ပေးသွားဖို့ ကမ်းလှမ်းထားပြီဖြစ်ပါတယ်။ ယေဘုယျအားဖြင့်လည်း အစိုးရနဲ့သဘောတူထားပြီဖြစ်ပါတယ်။ မြေကြီးကိုအစိုးရက ကူညီပေးမယ်။ ကျွန်တော်တို့ ဆောက်လုပ်ရေးလုပ်ငန်းရှင်တွေက အိမ်ရာတွေကို ဆောက်လုပ်ပေးသွားမှာဖြစ်ပါတယ်"ဟု ဦးသာဌေးက ယနေ့နံနက်ပိုင်းတွင် ဒဂုံမြို့သစ်အရှေ့ပိုင်း၌ပြုလုပ်သော ပရိုဝမ်းဟုမ်းစင်တာ ဖွင့်လှစ်ခြင်းအခမ်းအနားတွင် ပြောကြားသည်။

အိမ်ရာဖွံ့ဖြိုးရေးဘဏ်နှင့် ပူးပေါင်းဆောင်ရွက်နေသည့် ၁၀ နှစ် ၁၅ နှစ်အရစ်ကျရောင်းချပေးနေသော တန်ဖိုးနည်းအိမ်ရာစီမံကိန်းမှာ အောင်မြင်လျက်ရှိပြီး ယခုအခါ မိသားစု ၇၀၀ ခန့် တိုက်ခန်းများပေါ်သို့ ရောက်ရှိသွားပြီဖြစ်ကြောင်း၊ လူနေမှုအဆင့်အတန်းနောက်ကျ ကျန်ရစ်နေသည့် ပြည်သူများ၏ နေရာထိုင်ခင်းအဆင့်မြှင့်တင်ပေးသွားရန် ဆောက်လုပ်ရေးလုပ်ငန်းရှင်များတွင် အဓိကတာဝန်ရှိကြောင်း၊ နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းကာ တန်ဖိုးနည်းအိမ်ရာများ ဆောက်လုပ်ပေးသွားမည်ဖြစ်ကြောင်း ဦးသာဌေးက ဆက်လက်ပြောကြားသည်။

အိမ်ရာဆောက်လုပ်ရေးလုပ်ငန်းများ မြို့ပြများတွင် တိုးတက်များပြားလာသည်နှင့်အမျှ အိမ်ဆောက်ပစ္စည်းလိုအပ်ချက်မှာလည်း *စာမျက်နှာ ၅ ကော်လံ ၁*



# နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် တပ်မတော်စစ်ကြောင်းနှင့် KIA လက်နက်ကိုင်များ ထိတွေ့တိုက်ပွဲဖြစ်ပွား

စာမျက်နှာ-၈

# ရသစာပေဆိုတာ လူ့ရဲ့စိတ်နှလုံး ငြိမ်းချမ်းမှုနဲ့ ကိုယ်ကျင့်တရား မြင့်မားမှုကို များစွာ အထောက်အကူပြု လှုံ့ဆော်မြှင့်တင်ပေး

စာမျက်နှာ-၁၁

# အရှေ့တောင်အာရှ မြားပစ်ပြိုင်ပွဲတွင် မြန်မာအသင်း ရွှေ၊ ငွေ၊ ကြေးဆုတံဆိပ်များဆွတ်ခူး



ရွှေတစ်ခုနှင့် ငွေတစ်ခုရရှိခဲ့သည့် အောင်ငိုမ်း ယှဉ်ပြိုင်နေစဉ်

**သတင်း-ရဲရင့်ရှိုင်း၊ ဓာတ်ပုံ-ဖိုးသော်ဇင်**

**ရန်ကုန် ဇန်နဝါရီ ၂၂**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် (၆) ကြိမ်မြောက် အရှေ့တောင်အာရှ ချန်ပီယံရှစ်မြားပစ်ပြိုင်ပွဲ ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းမှစ၍ ကျိုက္ကဆံမြားပစ်ကွင်း၌ ဆက်လက်ကျင်းပရာ ဒုတိယနေ့အပြီးတွင် မြန်မာမြားပစ်အဖွဲ့က ရွှေတစ်ခု၊ ငွေနှစ်ခု၊ ကြေးသုံးခု စတင်ဆွတ်ခူးရရှိခဲ့သည်။

မြန်မာမြားပစ်အဖွဲ့သည် နှစ်ရက်ပေါင်း ပြိုင်ပွဲရှစ်ခု ကျင်းပခဲ့ရာ ဆုတံဆိပ် ခြောက်ခုရယူနိုင်ခဲ့ပြီး ရွှေတံဆိပ်ဆုကို ဝါရင့်မြားပစ် ကစားသမား အောင်ငိုမ်းက အမျိုးသမီး Compound Ranking Round ပြိုင်ပွဲတွင် ရယူပေးနိုင်ခဲ့သည်။

*စာမျက်နှာ ၁၂ ကော်လံ ၅*

